# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**


## တပ်မက်မှုကို စွန့်လွှတ်

သူတော်ကောင်းတို့သည် ခန္ဓာငါးပါးစသော သဘောတရားအားလုံး၌ တပ်မက်မှုကို စင်စစ် စွန့်လွှတ်ကုန်၏။ သူတော်ကောင်းတို့သည် ကာမကို အလိုရှိကုန်သည်ဟု မပြောဆိုကုန်။ ပညာရှိတို့သည် ချမ်းသာ ဆင်းရဲနှင့် တွေ့စေကာမူ ဝမ်းမြောက်ခြင်း၊ နှလုံးမသာမယာခြင်း သဘောကို မဖော်ပြကြကုန်။ ဆင်းရဲ၊ ချမ်းသာ ဘယ်အခါမှ ဝမ်းနည်း၊ ဝမ်းသာခြင်း မရှိ။

**ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၃)**


၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက် | ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ် (၁၂၁)


## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကော့သောင်း ပြန်/ဆက်ရုံးနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေး




စာမျက်နှာ » ၃


## ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီနှင့် စာနယ်ဇင်းများတွေ့ဆုံ




စာမျက်နှာ » ၄


## ဒီခရီးစဉ်ဟာ အကျိုးကျေးဇူးတွေများပါတယ်၊ အကြံပေး အဖွဲ့ဝင်များအနေနဲ့ တိုးတက်မှုတွေနဲ့ အတူ အကြမ်းဖက်မှုများရဲ့ အထောက်အထားတွေလည်း တွေ့မြင်ခဲ့ရပါတယ်၊ ပြန်လည်လက်ခံမယ့်သူများအတွက် လုံခြုံရေးနဲ့ အစစအရာရာ ကူညီပံ့ပိုးပေးရေးအတွက် မြန်မာအစိုးရရဲ့ အားထုတ်ကြိုးပမ်းမှုများကို တွေ့မြင်ကြားသိခဲ့ရပါတယ်


စာမျက်နှာ » ၈






ဘူးသီးတောင်မြို့နယ်မှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုအထူးလုပ်ငန်းအဖွဲ့က အခမဲ့ ကုသပေးစဉ်။

# ဘူးသီးတောင်မြို့နယ်ပြည်သူများ ကျန်းမာစွာနေထိုင်နိုင်ရေး အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိ

**ဘူးသီးတောင် ဇန်နဝါရီ ၂၈**

UEHRD ၏ လုပ်ငန်းစဉ်များတွင် ပါဝင်သည့် ကျန်းမာရေးစောင့်ရှောက်မှု အထူးလုပ်ငန်းအဖွဲ့သည် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများ သက်ရှည်ကျန်းမာစွာနေထိုင်နိုင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် ဘူးသီးတောင်မြို့နယ် ပြည်သူ့ကျန်းမာရေးဆေးရုံ၌ ပြည်သူများအား အခမဲ့ကုသပေးလျက်ရှိကြောင်း သိရသည်။

ကျန်းမာရေးစောင့်ရှောက်မှုကို ပထမဆုံးအကြိမ်အဖြစ် ဘူးသီးတောင်မြို့နယ်အတွင်းရှိ ပြည်သူများကို အခမဲ့ကုသပေးနိုင်ရန် ပြည်နယ်အစိုးရအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနတို့ ကြိုတင်ညှိနှိုင်းမှုများပြုလုပ်ခဲ့ပြီး ရခိုင်ပြည်နယ်အတွင်း


*စာမျက်နှာ ၃ ကော်လံ ၁* ◆


## ညောင်တုန်းမြစ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွင် အက်ကွဲနိမ့်ကျခဲ့သည့် မြစ်ကမ်းကို ဦးစားပေးလုပ်ဆောင်

**ညောင်တုန်း ဇန်နဝါရီ ၂၈**

ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံ ပန်းလှိုင်မြစ်ကမ်းဘေး၌ တည်ရှိသော ညောင်တုန်းမြို့မှ ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်ကာကွယ်ရေးအတွက် ညောင်တုန်းမြို့ မြစ်ကမ်းပြို ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို နှစ်စဉ် ငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင်လည်း လိုအပ်သောနေရာများတွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လွန်ခဲ့သည့်နှစ်က စိုးရိမ်ရသော ညောင်တုန်းမြို့ ၁၉ လမ်း၊ ၂၀ လမ်း၊ ၂၄ လမ်း၊ ၂၅ လမ်းမှ၂၇ လမ်း မြစ်ကမ်းပြိုကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန် စီစဉ်နေစဉ် ၂၀ လမ်း မြစ်ကမ်း ဆိုးဆိုးရွားရွား ကွဲအက်နိမ့်ကျခဲ့သဖြင့် ၂၀ လမ်း မြစ်ကမ်းကို ဦးစားပေးဆောင်ရွက်ခဲ့ရပြီး ၂၄ လမ်း၊ ၂၅ လမ်းမှ ၂၇ လမ်းအထိ မြစ်ကမ်းတစ်လျှောက်တွင် ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံများ တည်ဆောက်နိုင်ခဲ့သော်လည်း ၁၉ လမ်းတွင် ယာယီထိန်းသိမ်းရေးကိုသာ ဆောင်ရွက်နိုင်ခဲ့သည်။

ယခုနှစ်တွင်မူ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၁၉ လမ်းမြစ်ကမ်းတွင် အလျား ပေ ၃၂၀ ဘိုးပိုင်အခြေပြုကျောက်စီမြေထိန်းနံရံများကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။


*စာမျက်နှာ ၃ ကော်လံ ၄* ❖





မြန်မာ့အလင်း

# အသက်ဉာဏ်စောင့်

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရာဇဝတ်အမှုအခင်းများ လျော့နည်းကျဆင်းရေးအတွက် လင်းယုန်စီမံချက် အဆင့်ဆင့်တို့ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်မှုများအပေါ် ပြည်သူလူထုက ဝမ်းမြောက်ဝမ်းသာဖြင့် မျှော်လင့်ခဲ့ကြသည်။ လူဦးရေ ထူထပ်များပြားပြီး နိုင်ငံ၏စီးပွားရေးအချက်အချာကျသည့် အကြီးဆုံးမြို့ကြီးတစ်ခုအနေဖြင့် ရာဇဝတ်အမှုအခင်းများပြားတတ်သည်မှာ သဘာဝကျသော်လည်း မှုခင်းများဖြစ်မလာအောင် ကြိုတင်ကာကွယ်တားဆီးမှု၊ ဖြစ်ပွားသည့် မှုခင်းများကိုထိထိရောက်ရောက် မြန်မြန်ဆန်ဆန် ဖော်ထုတ်အရေးယူမှုနှင့် ဟန့်တားလောက်သည့် ပြစ်ဒဏ်များ ချမှတ်နိုင်မှုတို့ဖြင့် ပြည်သူတို့၏ နေ့စဉ်ဘဝများ လုံခြုံစိတ်ချစွာဖြင့် ပရိယေသန ဝမ်းစာရှာဖွေနိုင်ကြရမည်ဖြစ်သည်။

မကြာသေးမီက ဖြစ်ပွားခဲ့သည့် အငှားယာဉ်မောင်းတစ်ဦးက ခရီးသည်ဖြစ်သည့် ဝန်ထမ်းအမျိုးသမီးတစ်ဦးကို အဓမ္မပြုကျင့် လုယက်သတ်ဖြတ်ခဲ့မှုသည် ရန်ကုန်မြို့နေ ပြည်သူများအကြား ဂယက်ရိုက်ခတ်မှုများ ဖြစ်ပေါ်စေခဲ့ရာ ယာဉ်မောင်းနှင့် ခရီးသည်များအကြား အပြန်အလှန်ယုံကြည်မှုများ ပျက်ပြားစေကာ တက္ကစီငှားစီးရန်ပင် ထိတ်လန့်စိုးရွံ့ခဲ့ကြသည့်အလျောက် အငှားယာဉ်မောင်းသူတို့ ဝင်ငွေလျော့နည်းကြရကြောင်း ကြားသိရသည်။ ရန်ကုန်မြို့၏ လုံခြုံရေးနှင့် စပ်လျဉ်း၍လည်း မေးခွန်းထုတ်မှုများ ရှိလာကြသည်။ မကြာခဏဆိုသလို သိရှိရသောအချက်တစ်ရပ်မှာ ပြည်သူနှင့် ရဲတပ်ဖွဲ့ဝင် အချိုးအဆ ကွာဟမှုကြီးမားနေခြင်းပင်ဖြစ်သည်။ ယင်းအချက်က ရဲတပ်ဖွဲ့ဝင် တစ်ဦးချင်းအပေါ်တွင် ၎င်းထမ်းဆောင်ရသည့်တာဝန် ဝန်ထုပ်ဝန်ပိုး ကြီးမားနေသည်ကို ပြဆိုနေခြင်းဖြစ်သည်။ ပြည်သူပါဝင်သည့် ရဲလုပ်ငန်းစနစ်ပိုမိုပီပြင်လာစေရေး၊ ရဲတပ်ဖွဲ့ကို ပြည်သူက ပိုမိုရင်းနှီးကျွမ်းဝင် ကူညီလာစေရေးတို့ လိုအပ်နေသည်ကိုလည်း ပြဆိုနေသည်။

တစ်ဖက်တွင်လည်း အများပြည်သူတို့၏ ဘဝလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ တာဝန်ဟု ဆိုစေကာမူ အထက်တွင် ဆိုခဲ့သည့်အတိုင်း အင်အားနည်းပါးကာ လစ်ဟင်းမှု၊ ကွက်ပြည့်မနင်းနိုင်မှု ကဲ့သို့သောအခြေအနေမျိုးတွင်မူ အသက်ဉာဏ်စောင့်ဟူသည့် စကားပုံအတိုင်း မိမိကိုယ်ကိုယ်သာ ကာကွယ်စောင့်ရှောက်နိုင်ရန်မှာ အဓိကကျမည်ဖြစ်သည်။ ခိုး၊ ဆိုး၊ လု၊ နှိုက် ဒုစရိုက်သမားတို့မှာ မိမိတို့နေ့စဉ်သွားလာလှုပ်ရှားနေထိုင်ရာ ဝန်းကျင်များ၌ပင် လှုပ်ရှားကျက်စားတတ်ကြသည့်အလျောက် မိမိကိုယ်မိမိ စောင့်ရှောက်နိုင်မှ တန်ကာကျမည်ဟုသာဆိုချင်သည်။

လင်းယုန်စီမံချက်များအပြင် အငှားယာဉ်များကို အထူးပြု၍ စစ်ဆေးပြီး မှုခင်းများကာကွယ်မည့်စီမံချက် စသည်ဖြင့် သက်ဆိုင်ရာတို့က ဆောင်ရွက်သွားမည့် အစီအမံများရှိနေကြောင်း သတင်းများအရ သိရှိရသည်။ ရာဇဝတ်မှုများ တားဆီးကာကွယ်ရေး၊ နှိမ်နင်းဖော်ထုတ်ရေးတို့မှာသက်ဆိုင်ရာအဖွဲ့အစည်းတို့၏ တာဝန်များဖြစ်ပြီး တာဝန်ရှိသူ အဆင့်ဆင့်တို့က ဆောင်ရွက်ကြမည်သာ ဖြစ်သကဲ့သို့ မိမိတို့၏ နိစ္စဓူဝ လှုပ်ရှားရှင်သန်ကြရသည့် ကိုယ်ပိုင်ဘဝများ ဘေးကင်းရန်ကွာရေးအတွက် အသိတရားဖြင့်သတိထားကြဖို့အရေး တိုက်တွန်းနှိုးဆော် အပ်ပါကြောင်း။ ။

# ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်၌ ဖရဲနှင့် သခွားမွှေးရောင်းဝယ်ရေး အားကောင်း

**မူဆယ် ဇန်နဝါရီ ၂၈**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်၌ ဖရဲသီးနှင့် သခွားမွှေးရာသီချိန်တွင် တရုတ်နိုင်ငံမှ ကုန်သည်များကနေ့စဉ်လာရောက်ဝယ်ယူမှုများသောကြောင့် ရောင်းဝယ်အားကောင်းလျက်ရှိသည်။



သခွားမွှေးနှင့် ဖရဲကို တောင်သူများက မုံရွာ၊ ချောင်းဦး၊ မန္တလေးပတ်ဝန်းကျင်နှင့် မြန်မာပြည်ဒေသအနှံ့အပြားတွင် စိုက်ပျိုးကြပြီး သစ်သီးပွဲရုံများနှင့်ဆက်သွယ်ကာ အရှေ့မြောက်တံခါး အများပိုင်ကုမ္ပဏီလီမိတက်၏ ကွင်းအတွင်းသတ်မှတ်ထားသည့် နေရာတွင် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီရောင်းဝယ်ကြရသည်။ လာရောက်ဝယ်ယူကြသော ကုန်သည်များက အရည်အသွေးပေါ် မူတည်၍ ဈေးပြိုင်စနစ်ဖြင့် ဈေးနှုန်းကိုလျှို့ဝှက်သတ်မှတ်ကာပေးဝယ်ကြပြီး အများဆုံးပေးဝယ်သည့်ကုန်သည်ကိုသာ ရောင်းချပေးသည်။ ရောင်းဝယ်မှုပြီးစီးပါက ကုန်သွယ်ရေးဇုန်တွင် သတ်မှတ်ထားသည့်အခွန်အခများကိုပေးဆောင်ပြီး ကြူကုတ် (ပန်ဆိုင်း)မှတစ်ဆင့် တရုတ်နိုင်ငံဝမ်တိန်သို့ ပို့ဆောင်ပေးကြရသည်။

တင်ပို့ရောင်းချသည့် ဖရဲသီးများတွင် အစိမ်းရင့်ရောင် (တရုတ်အခေါ် နီဂရိုးအလှမယ်)၊ ၈၅၅ (အကျားသီး)၊အစေ့မဲ့အချိုသီး၊ ၁၆၈(အဖြူသီး) အမျိုးအစားများမှာ လူကြိုက်များပြီး ဈေးကောင်းလည်း ပိုရသည်။ ယခုရက်ပိုင်းအတွင်း တစ်ရက်လျှင် ဖရဲသီးယာဉ် ၃၅၀ ကျော်၊ သခွားမွှေးယာဉ် ၆၀ ကျော်လာရောက်ရောင်းချကြပြီး တရုတ်ကုန်သည် ၂၀၀ ကျော် လာရောက်ဝယ်ယူကြသည်။

ဧက ၇၀ ကျော် ကျယ်ဝန်းသည့် အရှေ့မြောက်တံခါးအများပိုင်ကုမ္ပဏီလီမိတက်ဝင်းအတွင်း ယာဉ်ရပ်နားတည်းခိုရန်စီစဉ်ပေးထားပြီး တရားဝင်ဖွင့်လှစ်ထားသော သစ်သီးပွဲရုံ ၉၇ ရုံနှင့်ဆက်သွယ်ရောင်းချသည့်ကုန်သည်များကိုသာကုမ္ပဏီက ရောင်းဝယ်ခွင့်ပြုထားကြောင်း၊ ယာဉ်ဝင်၊ ယာဉ်ထွက်နှင့် ရောင်းဝယ်မှုအဆင်ပြေချောမွေ့စေရန် စည်းကမ်းတကျ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန့်ဇင်**

*ထင်သာမြင်သာ ပြုပြင်စရာ*

# အဝေးပြေးကားလမ်းမကြီးပေါ်သို့ ရောက်ရှိနေသော ကွန်ကရစ်လျှပ်စစ်မီးတိုင်များအား ရွှေ့ပြောင်းပေးစေလို

မွန်ပြည်နယ် သထုံမြို့နယ် ဇရစ်ချောင်ကျေးရွာအုပ်စု သာယာကုန်း ကုန်းထိပ် ရန်ကုန်-မော်လမြိုင်အဝေးပြေးလမ်းမကြီး မိုင်တိုင်အမှတ် (၁၄၃-၇-၀)အကြားတွင် ကွန်ကရစ်လျှပ်စစ်မီးတိုင် နှစ်တိုင်သည် အဝေးပြေးကားလမ်းမကြီးပေါ်သို့ ရောက်ရှိနေသည်။

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်အတွက် ရန်ကုန်-မော်လမြိုင်အဝေးပြေးလမ်းမကြီးကို ယခင်နှစ်လမ်းသွားမှ လေးလမ်းသွားလမ်းမကြီးအဖြစ် လမ်းပိုင်းများအလိုက် လမ်းမြေတိုးချဲ့ဆောင်ရွက်ခဲ့ရာ အဆိုပါ ဓာတ်မီးတိုင်နှစ်တိုင်သည် လမ်းမပေါ်သို့ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ညအချိန်တွင် အရှိန်ဖြင့် သွားလာသည့်ယာဉ်များတွင် သတိထားမောင်းနှင်သူများအတွက် ရှောင်ကွင်းသွားလာနိုင်သော်လည်း သတိမပြုမိသူများ၊ အထူးသဖြင့် မော်တော်ဆိုင်ကယ်မောင်းနှင်သူများအတွက် အသက်အန္တရာယ်လွန်စွာကြီးမားကြောင်း၊ သတိပေးရောင်ပြန်စတေကာများလည်းထင်ရှားစွာ တပ်ဆင်ပေးထားမှုမရှိကြောင်း သိရသည်။

သို့ဖြစ်၍ လမ်းအသုံးပြုသူ ဒေသခံပြည်သူများမှ အဆိုပါ လမ်းမပေါ်သို့ရောက်ရှိနေသော ကွန်ကရစ်လျှပ်စစ်မီးတိုင်များအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ ကွင်းဆင်းစစ်ဆေး၍ လမ်းမဘေးသို့မဟုတ် သင့်တော်သည့်နေရာသို့ ရွှေ့ပြောင်း စိုက်ထူပေးရန် လိုလားလျက်ရှိကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**

## မှုခင်းပြခန်းယာဉ်ဖြင့် အသိပညာပေး

**နေပြည်တော် ဇန်နဝါရီ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ကျောက်တံတားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်စိုး၏ ဦးဆောင်မှုဖြင့် မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးဆောင်ရွက်မှုကို ဇန်နဝါရီ ၂၇ ရက်က မြို့တော်ခန်းမရှေ့၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ အသိပညာပေးဆောင်ရွက်ရာတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (၆)မှ တပ်ဖွဲ့ဝင်များ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့စု (၄၁) မှတပ်ဖွဲ့ဝင်များက ကဏ္ဍအလိုက် ရှင်းလင်းပြသရာ ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၈ -၁-၂၀၁၈

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၀၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၁၀/၈၃၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၂၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၃၀/၈၅၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၄၆ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၇ | ·၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၉ | ·၀ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၁၂ | ·၁ |
| ထိုင်း | တစ်ဘတ် | ၄၂ | ·၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၀ |
| တရုတ် | တစ်ယွမ် | ၂၁၉ | ·၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၁ | ·၄ |

## မြန်မာ့ရုပ်မြင်သံကြား

၂၉ -၁- ၂၀၁၈ (စနေနေ့)

| | | |
|---|---|---|
| ၆း၀၀ | - | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | - | Breakfast News |
| ၈း၃၅ | - | **"ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ" (၂၇)** |
| ၁၁း၁၅ | - | ရှုဖွယ်စုံလင် အာဆီယံအစီအစဉ် |
| ၁၁း၃၅ | - | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၃း၄၅ | - | တစ်ခါကအနုပညာမှတ်တမ်းများ"ပြည်သူချစ်သော အနုပညာရှင်ဝင်းဦး" (အပိုင်း-၂) |
| ၁၄း၁၅ | - | မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင်"မေတ္တာအသချေ်"(အပိုင်း-၃) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ ခင်သီတာထွန်း) |
| ၁၆း၄၀ | - | **ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ" (၂၆)** |
| ၁၈း၃၅ | - | Yes or No Talk Show |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| | - | နိုင်ငံခြားဇာတ်လမ်းတွဲ "အေးအတူပူအမျှ"(အပိုင်း -၄) |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |



မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၀၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကော့သောင်း ပြန်/ဆက်ရုံးနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေး



ကော့သောင်း ဇန်နဝါရီ ၂၈

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့တွင် ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးနှင့် ကော့သောင်းမြို့ရှိ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။**

ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိ သူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ကော့သောင်းမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိပြီး တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်း၊ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီချိုနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများနှင့် ဒေသဆိုင်ရာအခြေအနေများကို ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးသို့ သွားရောက်ပြီး ရုံးနှင့်စာကြည့်တိုက် အတွင်းရှိ ပြတိုက်ငယ်၌ ဆလုံရိုးရာနေအိမ်ငယ်ပုံစံများနှင့် ရိုးရာ အသုံးအဆောင်ပစ္စည်းများ၊ မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးကာ(ဝဲပုံ) ဒေသန္တရ အသုံးအဆောင်နှင့် တွင်းထွက်ပစ္စည်းများ ရှာဖွေစုဆောင်း၍ ပိုမိုစုံလင်အောင် ခင်းကျင်းပြသနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။ ဆက်လက်၍ ကလေးစာဖတ်ခန်းအတွင်း၌ ဆေးရောင်ခြယ်နေကြသော မူကြိုကလေးငယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ကစားစရာအရုပ်များ ပေးအပ်သည်။

ထို့နောက် မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး မိုးရေစုဆောင်းရေး၊ မီးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် စက်ရုံလုံခြုံရေးဆိုင်ရာများ မှာကြားသည်။

ယနေ့ နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးသည် မြိတ်ခရိုင်အတွင်း အသုံးပြုရန် Set Top Box ရုပ်မြင်သံကြား ဖမ်းစက် အလုံး ၅၀ ကို ပေးအပ်လှူဒါန်းရာ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းကိုကိုက လက်ခံရယူသည်။ ထို့ပြင် မြိတ်မြို့ ကမ်းနားလမ်းရှိ ဇီဝဗိုးသဘာဝငှက်သိုက်ထုတ်လုပ်ရေးလုပ်ငန်းနှင့် ကော့သောင်းမြို့ရှိ ဘုရင့်နောင် တောင်ကုန်းနှင့် ဘုရင့်နောင် အငူနေရာများသို့ သွားရောက် ကြည့်ရှုလေ့လာခဲ့သည်။ **သတင်းစဉ်**

◆ *ရှေ့ဖုံးမှ*

အခြေအနေပေးသည့် ဒေသများတွင်လည်း ယခုကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ပြောသည်။

"ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဟာ မဖြစ်မနေဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ဆီကို ရန်ကုန်မြို့က ဆရာဝန်ကြီးတွေ၊ သမားတော်ကြီးတွေ၊ ပါမောက္ခကြီးတွေ လာရောက်ပြီး ဆောင်ရွက်ပေးတဲ့အခါမှာ ရခိုင်ပြည်နယ်အစိုးရအနေနဲ့ တစ်တပ်တစ်အား ပါဝင်ကူညီဆောင်ရွက်ပေးတာ ဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။ ထို့ပြင် ကျန်းမာရေးစောင့်ရှောက်မှု အထူးလုပ်ငန်းအဖွဲ့ နာယက ပါမောက္ခ ဒေါက်တာညွန့်သိန်းက "ဒီနေ့ လာရောက် ဆေးကုသတဲ့အခါမှာ အထူးကုဆရာဝန်ကြီးတွေ၊ သမားတော်တွေအပါအဝင် ခွဲစိတ်ဆရာဝန်တွေ၊ မီးယပ်သားဖွား ဆရာဝန်တွေ၊ ပါရဂူတွေ၊ အရိုးအကြော၊ ဦးနှောက်နဲ့ အာရုံကြော ဆရာဝန်ကြီးတွေ၊ ကလေးအထူးကု ဆရာဝန်ကြီးတွေ ပါပါတယ်၊ အားလုံး ၂၀ နီးပါး ရှိပါတယ်"ဟု ပြောသည်။

"ကျွန်တော်တို့အဖွဲ့အနေနဲ့ ဘူးသီးတောင်ဒေသမှာရှိတဲ့ ပြည်သူတွေကို လူမျိုးမရွေး၊ ဘာသာမရွေး အခမဲ့ကုသပေးနေတာ ဖြစ်ပါတယ်၊ ဆေးဝါးနဲ့ ဆေးပစ္စည်း အပြည့်အစုံယူလာပါတယ်၊ ဒီနေ့မနက်မှာဆိုရင်ပဲ အထူးကုဆရာဝန်အဖွဲ့က ပြင်ပလူနာတွေကိုမကြည့်မီ ဘူးသီးတောင်ပြည်သူ့ဆေးရုံမှာရှိတဲ့ လူနာတွေကို ကြည့်ရှုစစ်ဆေးခဲ့ပါတယ်၊ ကြည့်ရှုတဲ့အခါမှာလည်း ခွဲစိတ်ဖို့လိုအပ်လာရင် ခွဲစိတ်ပေးမှာဖြစ်ပါတယ်၊ ဒီနေ့မှာ အမြန်ခွဲစိတ်ဖို့ လူနာနှစ်ယောက်ကို တွေ့ရှိထားပြီး ခွဲစိတ်ပေးသွားမှာပါ၊ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှုပေးပြီး သူတို့တွေရဲ့ကျန်းမာရေးပိုမိုကောင်းမွန်လာအောင် ကျွန်တော်တို့အဖွဲ့အနေနဲ့ ဌာနဆိုင်ရာတွေနဲ့ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်သွားမှာပါ"ဟု ကျန်းမာရေးစောင့်ရှောက်မှုအထူးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူက ပြောသည်။

ယခုကဲ့သို့ နိုင်ငံတော်၏ပံ့ပိုးမှု၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနတို့၏ ပူးပေါင်းပါဝင်မှုနှင့်အတူ အဆိုပါလုပ်ငန်းအဖွဲ့အနေဖြင့် ဘူးသီးတောင်မြို့နယ်ရှိ ပြည်သူများအား လာရောက် ဆေးကုသပေးခြင်းသည် ဒေသခံပြည်သူများအတွက် များစွာအကျိုးရှိပြီး နယ်ဝေးက လာရောက်ကုသသည့်သူများအတွက် နေစရာစီစဉ်ပေးထားခြင်း၊ လာရောက်ကုသသည့် ပြည်သူများအား ထမင်းဘူးများဖြင့် ကျွေးမွေးလှူဒါန်းခြင်းများ ပြုလုပ်ခဲ့သည်။

ကျန်းမာရေးစောင့်ရှောက်မှုအထူးလုပ်ငန်းအဖွဲ့အနေဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဆရာဝန်များ၊ သူနာပြုများနှင့် အတူ ပူးပေါင်း၍ ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ ရက် နှစ်ရက်တာကာလအတွင်း ဘူးသီးတောင်မြို့နယ် ပြည်သူ့ကျန်းမာရေးဆေးရုံသို့ လာရောက် ပြသသူ ဦးရေ ၃၀၀၀ ကျော်ခန့်ကို ကျန်းမာရေးစောင့်ရှောက်မှုပေးမည် ဖြစ်ကြောင်း သိရသည်။ **သတင်း-အောင်ရဲသွင်၊ ကိုမင်း၊ ဓာတ်ပုံ-အောင်မင်း**

# ခေတ်မီစက်များအား စနစ်တကျကိုင်တွယ်နိုင်ရေးနှင့် စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေး စီမံဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၂၈**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်နှင့် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၂၇ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကြို့ကုန်းရှိ ဆေးဝါးစက်ရုံ (အင်းစိန်) သို့သွားရောက်ပြီး ဆေးပြား၊ ဆေးတောင့် ထုတ်လုပ်နေမှုနှင့် ပဋိဇီဝဆေးများ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



ပြည်ထောင်စုဝန်ကြီးက မြန်မာ့ဆေးဝါးလုပ်ငန်းက ထုတ်လုပ်သည့် BPIဆေးဝါးများအား ပြည်သူလူထုက ယုံကြည်စွာ အားပေးလျက်ရှိသည့်အတွက် အရည်အသွေး ဆက်လက်ထိန်းသိမ်း၍ GMP Guide Line နှင့်အညီ ထုတ်လုပ်ကြရန်၊ ဈေးကွက်လိုအပ်ချက်ရှိသော ဆေးဝါးများကို တိုးမြှင့်ထုတ်လုပ်သွားရန်၊ ဈေးကွက်အတွက် BPI ဆေးဝါးများ ပြတ်လပ်မှုမရှိစေရေး စီမံဆောင်ရွက်သွားရန်၊ နိုင်ငံတကာအဆင့်မီ ခေတ်မီစက်များအား စနစ်တကျ ကိုင်တွယ်နိုင်ရေးနှင့် စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး စီမံဆောင်ရွက်သွားရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြန်မာ့ဆေးဝါးလုပ်ငန်း သုတေသနဌာနသို့ သွားရောက်ပြီး အဆောက်အအုံ ပြင်ဆင်မွမ်းမံနေမှုအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆေးဝါးစက်ရုံ အင်းစိန်အနေဖြင့် BPI ဆေးဝါးများကို GMP Guide Line နှင့် ညီစေရန်အတွက် ခေတ်မီဆေးဝါးထုတ်လုပ်မှု အဆောက်အအုံများ တည်ထောင်ပြီး လျာထားချက်ထက် ဆေးဝါးစက်ရုံ အင်းစိန်မှ တိုးမြှင့်ထုတ်လုပ်လျက်ရှိသည်။BPI အမှတ်တံဆိပ်ဖြင့် ဆေးဝါးများအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တန်ဖိုးငွေကျပ် ၅၀ ဘီလီယံ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အရောင်းကိုယ်စားလှယ်များထံသို့ ရောင်းချဖြန့်ဖြူးပေးလျက်ရှိပြီး အများပြည်သူများ လွယ်ကူစွာဝယ်ယူနိုင်ရန် City Mart၊ Orange၊ Capital စသော Super Market များ စုစုပေါင်း ၂၃ ဆိုင်တွင် ရောင်းချပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်စသော မြို့ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၌လည်း ဆေးဝါးအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။

ထို့အပြင် BPI ဆေးဝါးများအား အတုအပမပြုလုပ်နိုင်ရန် ထုပ်ပိုးမှုဆိုင်ရာများကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာအဆင့်မီ ထုတ်ပိုးမှုပုံစံဖြစ်ရေး ပြည်တွင်းပြည်ပလုပ်ငန်းရှင်များအား EOI ဖိတ်ခေါ်၍ ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

ဆေးဝါးစက်ရုံ (အင်းစိန်) က ထုတ်လုပ်သော မြွေဆိပ်ဖြေဆေးများကို ဒေသတွင်းနိုင်ငံများသို့ တင်ပို့ရောင်းချရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် ကမ္ဘောဒီးယားနိုင်ငံသို့ ပထမအသုတ်အဖြစ် တင်ပို့ရောင်းချထားပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



❖ *ရှေ့ဖုံးမှ*

ဧရာဝတီမြစ်မှ ခွဲထွက်လာသော ပန်းလှိုင် မြစ်ထိပ် ၈ လမ်းမှ ၁၂ လမ်းအထိ ပန်းလှိုင်မြစ်လယ် သောင်ထွန်းနေမှုကြောင့် ရေယာဉ်ကြီး/ငယ်များ ညောင်တုန်းမြို့ဘက်အခြမ်းမှ မောင်းနှင်နေကြသဖြင့် ညောင်တုန်းမြို့ မြစ်ကမ်းပြိုမှု ထပ်မံဖြစ်ပွားမည်ကို စိုးရိမ်နေကြသည်။

ညောင်တုန်းမြို့ မြစ်ကမ်းအခြေအနေနှင့် ပတ်သက်၍လည်း ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တာဝန်ရှိသူများက ဇန်နဝါရီ ၂၃ ရက်က သွားရောက်ကြည့်ရှုခဲ့သည်။

ညောင်တုန်းမြို့ မြစ်လယ် သောင်ထွန်းနေမှု၊ စိုးရိမ်ရသောနေရာများတွင် ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံများ တည်ဆောက်နိုင်ရေးတို့အတွက်လည်း ညောင်တုန်းမြို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြ ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းနှင့် ဒေါ်နီနီမိုးတို့ထံမှ သိရသည်။

ညောင်တုန်းမြို့မှ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးနေသော ညောင်တုန်းမြစ်ကမ်းပြိုကာကွယ် ထိန်းသိမ်းနိုင်ရေးအတွက် မြစ်လယ်တွင် ပေါ်ထွန်းနေသော ရေလယ်သောင် ရေကြောင်းလွှဲနိုင်ရေးနှင့် ကျန်ရှိနေသေးသော မြစ်ကမ်းနေရာများ၌ ဘိုးပိုင် အခြေပြုမြေထိန်း ကျောက်စီနံရံများ ဆက်လက်တည်ဆောက်ပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။ **နေလင်း(ညောင်တုန်း)**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၂၈**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွဲကွဲနှင့် ကချင်ပြည်နယ်တွင် နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

# ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီနှင့် စာနယ်ဇင်းများတွေ့ဆုံ

**ရန်ကုန် ဇန်နဝါရီ ၂၈**

ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်နိုင်ရေးအတွက် ရိုက်ကူးရေးနှင့် သက်ဆိုင်သော လိုအပ်ချက်များကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ယနေ့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ကမ္ဘောဇရိပ်သာ(ချင်းချောင်းနန်းတော်)၌ ဖွင့်လှစ်သော ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးရုံးခန်းဖွင့်ပွဲတွင် စာနယ်ဇင်းများနှင့် တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးရုံးခန်းကို ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်း၊ ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး-၂ ဦးလူမင်းနှင့် ဒါရိုက်တာ မင်းထင်ကိုကိုကြီးတို့က ရှေ့ကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။



**ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးရုံးခန်းဖွင့်ပွဲတွင် စာနယ်ဇင်းရှင်းလင်းပွဲပြုလုပ်စဉ်။**
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသူများက ၂၀၁၅ ခုနှစ်က ရိုက်ကူးပြသခဲ့သည့် အကြို အောင်ဆန်းရုပ်ရှင်ဇာတ်ကားနမူနာကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးအတွက် ဇေကမ္ဘာကုမ္ပဏီလီမိတက်နှင့် ရွှေသံလွင်ကုမ္ပဏီလီမိတက်တို့က ငွေကျပ်သိန်း ၁၀၀၀ စီ၊ တက်လမ်း ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၁၀၀၊ Ve Ve အချိုရည်က ငွေကျပ်သိန်း ၈၀၊ နယူးဝင်းမေတ္တာရုပ်ရှင်ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးက ငွေကျပ် ၅၅ သိန်း၊ Myint Enterprise Co.,Ltd. နှင့် အိသစ္စာအထွေထွေအကျိုးဆောင်လုပ်ငန်းတို့က ငွေကျပ်သိန်း ၅၀ စီ၊ AA Pharmacy၊ Pride International School Myanmar၊ ဦးဝင်းလွင်-သီဟသုမေ္မသိင်္ဂီ ဒေါ်ချိုမာလွင်(မြောင်းမြ)၊ Grand Andaman Group of Companies၊ SI Group Co.,Ltd.နှင့် Viking Marine Product၊ သုမေ္မမဏိဇောတရေ ဦးမောင်မောင်လေး-ဒေါ်မြင့်မြင့်ခိုင်တို့က ငွေကျပ်သိန်း ၃၀ စီ၊ တော်ဝင်ထွန်းမြန်မာပြည်အနှံ့ ဘုရားဖူးပို့ဆောင်ရေးက ငွေကျပ် ၂၅ သိန်း၊ Aye & Thet Co.,Ltd.၊ Living Square နှင့် သီဟသုမေ္မမဏိဇောတရေ ဦးမျိုးဇော်ထွန်းတို့က ငွေကျပ်သိန်း၂၀ စီ၊ စန္ဒီပရဆေးက ငွေကျပ် ၁၅ သိန်း သုံးထောင်၊ သီဟသုမေ္မသိင်္ဂီ ဒေါ်ဆိုက်တီ၊ စိမ်းလန်းမြေမိသားစု၊ သီဟသုမေ္မ မဏိဇောတရေ ဦးတင်စိန်(ခ) ဦးနီနီ-သုမေ္မသိင်္ဂီ ဒေါ်ခင်မြင့်ရီမိသားစု၊ ပွင့်သစ်ဆန်း Food Center၊ သုခစုစံကုမ္ပဏီနှင့်နိုင်မိသားစု အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးတို့က ငွေကျပ် ၁၀ သိန်းစီ စုစုပေါင်း ငွေကျပ် ၂၇၀၅ သိန်း သုံးထောင်တို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဦးလူမင်းတို့က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကြပြီး ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။


**ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုထံ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးအတွက် ဇေကမ္ဘာကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၁၀၀၀ ကို ပေးအပ်စဉ်။**
သတင်းစဉ်

ရုပ်ရှင်ရိုက်ကူးရန်အတွက် အလှူငွေမှာ လက်ရှိတွင် ငွေကျပ်သိန်းပေါင်း ၈၃၀၀ ကျော်ခန့်ရှိကြောင်း၊ အကြမ်းဖျင်း ငွေကျပ်သန်း ၁၅၀၀ ကျော်နှင့် ရိုက်ကူးနိုင်ရန် ချုံသင့်သည်ကို ချုံ၊ ပြင်သင့်သည်ကို ပြင်ခြင်းများ လုပ်ရမည်ဖြစ်ကြောင်း၊ ကော်မတီဥက္ကဋ္ဌတစ်ယောက်အနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင် ရာနှုန်းပြည့် အောင်မြင်မည်ဟု ယုံကြည်ထားကြောင်း၊ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် သတင်းစာ၊ ရုပ်သံများမှ အလှူခံခြင်း မျိုး၊ မလှူမနေရ အလှူခံခြင်းမျိုးလည်း ဆောင်ရွက်မည်မဟုတ်ကြောင်း၊ တတ်အားသမျှ လှူဒါန်းမှုကိုသာ လက်ခံမည်ဖြစ်ကြောင်း၊ ဗိုလ်ချုပ်နှင့်ပတ်သက်သော၊ တပ်မတော်သမိုင်းနှင့်ပတ်သက်သော အချက်အလက်များရရှိရေးကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ကုန်သင့်ကုန်ထိုက်သော ငွေကြေးလိုအပ်ချက်များကိုလည်း ပံ့ပိုးပေးမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး-၂ ဦးလူမင်းက သရုပ်ဆောင်များပြောင်းလဲခြင်းမရှိဘဲ နဂိုမူလရည်မှန်းထားသည့်အတိုင်း ရုပ်ရှင်ဇာတ်ကားအမည်မှာ အောင်ဆန်းဖြစ်ကြောင်း၊ အဓိက ဗိုလ်ချုပ်အောင်ဆန်းနေရာတွင် သရုပ်ဆောင်မည့်သူမှာ ကျော်ကျော်မျိုးဖြစ်ကြောင်း၊ ဒေါ်ခင်ကြည်နေရာတွင် သရုပ်ဆောင်မည့် မဇာခြည်လင်းမှာလည်း ယခင်အတိုင်းပင်ဖြစ်ကြောင်းနှင့် ဒါရိုက်တာအဖြစ် ဦးမင်းထင်ကိုကိုကြီးက တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါရုပ်ရှင်ဇာတ်ကားအတွက် ဒါရိုက်တာအဖြစ် ရိုက်ကူးမည့် ဦးမင်းထင်ကိုကိုကြီးက ပထမဦးဆုံးအနေဖြင့် ဇာတ်ညွှန်းအသစ် ပြန်လည်ရေးသားရမည်ဖြစ်ကြောင်း၊ ဇာတ်ညွှန်းရေးသားနေစဉ်နှင့် ရိုက်ကူးရေးစတင်ရန် ပြင်ဆင်ချိန်အတွက် အချိန်ယူရန် လိုအပ်ကြောင်း၊ ရုပ်ရှင်ရိုက်ကူးခြင်းကို ၂၀၁၉ ခုနှစ်တွင်စတင်ပြီး ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် ရုပ်ရှင်ရုံတင်ရန် အဆင်သင့်ဖြစ်နေဖို့ ရည်မှန်းချက်ထား အလုပ်လုပ်သွားမည်ဖြစ်ကြောင်း၊ မိမိတွင်ရှိသော အနုပညာအား၊ အတတ်ပညာအား၊ ဉာဏ်အား၊ ကိုယ်အားနှင့် စိတ်အားများကိုစုပုံပြီး ယင်းရုပ်ရှင်ရိုက်ကူးရေးကို တာဝန်ယူထားကြောင်း၊ ဇာတ်ညွှန်းပိုင်းနှင့် ဒါရိုက်တာအပိုင်းကို အပြည့်အဝတာဝန်ခံကြောင်း ပြောကြားခဲ့သည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ သတင်းစဉ်**

# ပုပ္ပားတောင်ကလပ်၌ ကေဘယ်ကားတပ်ဆင်ရေးနှင့် ပတ်သက်၍ ဒေသခံများနှင့် တွေ့ဆုံရှင်းလင်း

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်၌ ကောင်းကင်ကေဘယ်ကားတပ်ဆင်နိုင်ရေးနှင့် ပတ်သက်၍ DAMODAR ROPEWAYS & INFRA ကုမ္ပဏီမှ တာဝန်ရှိသူများက မြို့နယ်ဒေသခံပြည်သူများအား အသိပေးရှင်းလင်းခြင်းနှင့် ဆန္ဒသဘောထား၊ အကြံပြုချက်များ ရယူခြင်းအတွက် တွေ့ဆုံပွဲကို ဇန်နဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက ကျောက်ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး စကားဝါမြေခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် DAMODAR ROPEWAYS & INFRA ကုမ္ပဏီမှ Vice President Mr. Shrawan Kumar Agrawal က ပုပ္ပားတောင်ကလပ်တွင် ဆောင်ရွက်ရန် လျာထားသည့် ကေဘယ်ကားစီမံကိန်းနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်က ဒေသခံပြည်သူများ၏သဘောဆန္ဒနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်သွားမည့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောထားကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် ဒေသခံများ၏ အကြံဉာဏ်များကို ရယူရာ ပုပ္ပားတောင်ချစ်သူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးတိုးက ယခုစီမံကိန်းအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်ဒါခေါ်ယူမည့်အစီအစဉ် ရှိ၊ မရှိ၊ ပုပ္ပားဒေသသို့ ဝင်ရောက်လာမည့် နိုင်ငံခြားခရီးသွားများထံမှ ဇုန်ဝင်ကြေးကောက်ခံမည့်အစီအစဉ် ရှိ၊ မရှိ ကုမ္ပဏီမှ နိုင်ငံတကာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းများ၏ ထောက်ခံချက်ရရှိထားခြင်း ရှိ၊ မရှိနှင့် ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုနိုင်မည့်အခြေအနေတို့ကို မေးမြန်းဆွေးနွေးသည်။ ယင်းနောက် တောင်ကလပ်ယာယီဂေါပကအဖွဲ့ဝင် ဦးချိုတူး၊ Volunteer Group မှ ကိုသက်ဝင်း၊ မြို့နယ်စည်ပင်သာယာ ကော်မတီမှ ဦးသန်းတို့က မေးမြန်းအကြံပြုဆွေးနွေးကြရာ ကုမ္ပဏီတာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။



ထို့နောက် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ယခုဆောင်ရွက်ရန် အဆိုပြုတင်ပြလာသည့် စီမံကိန်းနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဒေသခံပြည်သူများ၏ သဘောဆန္ဒဖြင့်သာ ဆောင်ရွက်စေမည် ဖြစ်ကြောင်းနှင့် ဒေသခံပြည်သူများ သဘောတူညီခဲ့လျှင်လည်း မိမိတို့အစိုးရအဖွဲ့က လုပ်ငန်းတင်ဒါခေါ်ယူ၍ စနစ်တကျတိုင်းတာ စစ်ဆေး ဆောင်ရွက်သွားမည်ဖြစ်ကာ တကယ်လုံခြုံစိတ်ချမှုရှိ၍ ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုမည့် ကုမ္ပဏီကိုသာ ဦးစားပေးဆောင်ရွက်စေမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး တွေ့ဆုံရှင်းလင်းပွဲကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ တောင်ကလပ်ကောင်းကင်ကေဘယ်ကားကို အိန္ဒိယနိုင်ငံကုမ္ပဏီက လာရောက်လေ့လာနေခြင်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်ခွင့်ရရှိပါက တောင်ကလပ် အနောက်ဘက်အောက်ခြေမှ အမြင့် မီတာ ၃၅၀ အထိ ၁၂ ဦးစီး ကေဘယ်တပ်ဆင်သွားရန် ဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# ရေးမြို့၌ စက်ဘီးစီးခြင်း အသိပညာပေး

**ရေး ဇန်နဝါရီ ၂၈**

မွန်ပြည်နယ် ရေးမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် ကိုဖုန်းမြတ်ဟန်က စက်ဘီးစီးခြင်းခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၁ နာရီက နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောသည်။ ၎င်းက နိုင်ငံတကာတွင် သဘာဝပတ်ဝန်းကျင် လေထုညစ်ညမ်းမှုကို လျှော့ချရန် စက်ဘီးပြန်စီးလာခြင်း သမိုင်းအကြောင်း၊ စက်ဘီးစီးခြင်းသည် ရာသီဥတုဖောက်ပြန်မှုဒဏ် လျော့ကျသွားစေမည်ဖြစ်ပြီး ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်၏ စိတ်အပန်းဖြေစရာများ ပိုမိုရရှိ၍ စက်ဘီးကိုသာစီးကြရန် အသိပညာပေးပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် အပြန်အလှန်အမေးအဖြေပြုလုပ်ခဲ့ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# အကြိမ်(၇၀)မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့်အာဂုံပြန်အောင်စာရင်း

နေပြည်တော် ဇန်နဝါရီ ၂၈

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့က ၁၃၇၉ ခုနှစ် ပြာသိုလဆန်း ၉ ရက် (၂၆-၁၂-၂၀၁၇)ရက်နေ့မှ တပို့တွဲလဆန်း ၁၁ ရက် (၂၇-၁-၂၀၁၈)ရက်နေ့အထိ ကျင်းပခဲ့သော အကြိမ်(၇၀)မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် ပူးတွဲပါပုဂ္ဂိုလ်များအား ရေးဖြေနှင့် အာဂုံပြန် အောင်မြင်ကြကြောင်း ကြေညာထားသည်။**

**အကြိမ်(၇၀)မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ**

**သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း**

**သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်း သဘောရေးဖြေအောင်**

**ဒီဃနိကာယကောဝိဒ(၁)ပါး**

၁။ ပလ္လင်အမှတ်(၂၄၅) အရှင်ခေမာနန္ဒာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး

**ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းသဘောရေးဖြေအောင်**

**ဝိနယကောဝိဒ(၄)ပါး**

၁။ ပလ္လင်အမှတ်(၂၇၅) အရှင်ဝိနယ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၄)ဝါ တိပိဋက မဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၂၇၆) အရှင်သုဇာတ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ ရွှေတောင်ဦး တိပိဋကဓမ္မပါလမဟာဝိဟာရကျောင်းတိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၂၇၉) အရှင်အာစာရာလင်္ကာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ တိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ်(၂၈၈) အရှင်ပညာဓဇာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

**ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းသဘောရေးဖြေအောင်**

**ဉဘတောဝိဘင်္ဂကောဝိဒ(၁၀)ပါး**

၁။ ပလ္လင်အမှတ်(၃၀၉) အရှင်အဂ္ဂဉာဏ(ငါန်းဇွန်)၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၃၁၂) အရှင်သက္ကဓဇာတာလင်္ကာရ၊ အသက်(၃၇)နှစ်၊ သိက္ခာ(၁၅)ဝါ ရွှေတောင်ဦး တိပိဋကဓမ္မပါလ မဟာဝိဟာရ ကျောင်းတိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၃၁၄) အရှင်ဓမ္မာစာရ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ အနီးစခန်း၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

၄။ ပလ္လင်အမှတ်(၃၁၈) အရှင်ကုဏ္ဍလ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့နယ် ၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ်(၃၂၆) အရှင်ဇဋိလ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ ပိဋက သုံးပုံနိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ပလ္လင်အမှတ်(၃၅၄) အရှင်တိလောက(ဘုတလင်)၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်း မြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့နယ် ၊ စစ်ကိုင်းတိုင်းဒေသကြီး

၇။ ပလ္လင်အမှတ်(၃၆၈) အရှင်စန္ဒောဘာသာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ပလ္လင်အမှတ်(၃၇၂) အရှင်အနုတ္တရ ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့နယ် ၊ စစ်ကိုင်းတိုင်းဒေသကြီး

၉။ ပလ္လင်အမှတ်(၃၇၄) အရှင်သောဘန ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ပလ္လင်အမှတ်(၃၇၉) အရှင်တိက္ခဉာဏာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၅) ဝါ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး

**အာဂုံပြန်အောင်စာရင်း**

**အဘိဓမ္မပိဋက၊ အဘိဓမ္မာဒုတိယပိုင်း နှစ်ကျမ်းအာဂုံအောင်**

**တိပိဋကဓရ(၁) ပါး**

၁။ ပလ္လင်အမှတ်(၁) အရှင်သေဋ္ဌဉာဏာလင်္ကာရ၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၇)ဝါ တိပိဋက မဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**အဘိဓမ္မပိဋက၊ အဘိဓမ္မာပထမပိုင်း ငါးကျမ်းအာဂုံအောင်**

**မူလအာဘိဓမ္မိက(၂)ပါး**

၁။ ပလ္လင်အမှတ်(၂) အရှင်မာနိတ၊ အသက်(၃၉)နှစ်၊ သိက္ခာ(၁၉)ဝါ တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၃) အရှင်ဣန္ဒကာလင်္ကာရ၊ အသက်(၃၇)နှစ်၊ သိက္ခာ(၁၇)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး

**သုတ္တန္တပိဋက၊ ဒီဃနိကာယ် သုံးကျမ်းအာဂုံအောင်**

**ဒီဃဘာဏက(၆)ပါး**

၁။ ပလ္လင်အမှတ်(၄) အရှင်ဝိရောစန၊ အသက်(၄၀)နှစ်၊ သိက္ခာ(၂၀)ဝါ ရွှေတောင်ဦးတိပိဋကဓမ္မပါလမဟာဝိဟာရကျောင်းတိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၅) အရှင်ဝိစက္ခဏာလင်္ကာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ ရွှေတောင်ဦး တိပိဋကဓမ္မပါလ မဟာဝိဟာရကျောင်းတိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၇) အရှင်ပညာစာရာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋက ကမ္ဘောဇကျောင်းတိုက်၊ မော်လမြိုင်မြို့ မွန်ပြည်နယ်

၄။ ပလ္လင်အမှတ်(၈) အရှင်ပဏ္ဍဝါလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ်(၁၂) အရှင်ဝိသုဒ္ဓ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ပလ္လင်အမှတ်(၁၄) အရှင်သောပါကာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းအာဂုံအောင်**

**ဝိနယဓရ(၁၃)ပါး**

၁။ ပလ္လင်အမှတ်(၂၀) အရှင်ပဏ္ဍိစ္စ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋက စုဆန်းလီကျောင်းတိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၂၈) အရှင်စိန္တိတ ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၂၉) အရှင်စန္ဒာသိရီ(ကျွန်းလှ)၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၄။ ပလ္လင်အမှတ်(၃၄) အရှင်စန္ဒိမာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ပလ္လင်အမှတ်(၃၆) အရှင်ပညာသာရာလင်္ကာရ(ယင်းမာပင်)၊အသက်(၂၈)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ပလ္လင်အမှတ်(၆၄) အရှင်သုနန္ဒ ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၇။ ပလ္လင်အမှတ်(၇၃) အရှင်ဇဝနာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ ရွှေဥမင်ဓမ္မသုခတောရစာသင်တိုက်၊ ကုန်းတလပေါင်ကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ပလ္လင်အမှတ်(၇၄) အရှင်ဥတ္တရ ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၉။ ပလ္လင်အမှတ်(၇၅) အရှင်အဂ္ဂဉာဏ ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ပလ္လင်အမှတ်(၇၈) အရှင်သောဘဏာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၉)ဝါ သာသနဝေပုလ္လစာသင်တိုက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ပလ္လင်အမှတ်(၈၂) အရှင်ပညာလောက၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ အနီးစခန်း၊ ပြင်ဦးလွင်မြို့ မန္တလေးတိုင်းဒေသကြီး

၁၂။ ပလ္လင်အမှတ်(၈၅) အရှင်ကုမာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ ပိဋက သုံးပုံ နိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ပလ္လင်အမှတ်(၈၇) အရှင်ဇနိန္ဒ ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ ဆင်ဖြူကျောင်းတိုက်၊ မော်လမြိုင်မြို့ မွန်ပြည်နယ်

**ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းအာဂုံအောင်**

**ဉဘတောဝိဘင်္ဂဓရ(၃၁)ပါး**

၁။ ပလ္လင်အမှတ်(၉၄) အရှင်စိန္တာဓဇ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၉၆) အရှင်ပုညဝံသ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ ရွှေတောင်ဦးတိပိဋကဓမ္မပါလမဟာဝိဟာရကျောင်းတိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၉၈) အရှင်ပညာဓဇ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ ပိဋကသုံးပုံ နိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ်(၁၀၁) အရှင်သာသနာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ သာသနာဒီပါရုံကျောင်းတိုက်၊ ရွာဘဲရပ်၊ ပြည်မြို့ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)

၅။ ပလ္လင်အမှတ်(၁၀၃) အရှင်ဉာဏာဝုဓ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ပလ္လင်အမှတ်(၁၀၅) အရှင်သိရီဓဇ ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ပလ္လင်အမှတ်(၁၀၆) အရှင်ဝိဇယ ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ပလ္လင်အမှတ်(၁၀၇) အရှင်ဝါရိန္ဒ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၉)ဝါ ရန်ကင်းတောင်ပေါ်ကျောင်းတိုက်၊ ဘားအံမြို့ ကရင်ပြည်နယ်

၉။ ပလ္လင်အမှတ်(၁၀၈) အရှင်ခေမာနန္ဒ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၁၀။ ပလ္လင်အမှတ်(၁၀၉) အရှင်ဃောသိတ(အောင်လံ) ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ် ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်း ဒေသကြီး

၁၁။ ပလ္လင်အမှတ်(၁၁၀) အရှင်ပဏ္ဍိစ္စ ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၂။ ပလ္လင်အမှတ်(၁၁၂) အရှင်ဉာဏိသရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ပလ္လင်အမှတ်(၁၁၃) အရှင်တေဇာနန္ဒ ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၄။ ပလ္လင်အမှတ်(၁၁၆) အရှင်ဝိစိတ္တ ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၁၅။ ပလ္လင်အမှတ်(၁၁၇) အရှင်ဓမ္မိသရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး

၁၆။ ပလ္လင်အမှတ်(၁၁၉) အရှင်သဇ္ဇန၊ အသက်(၂၇)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋက စုဆန်းလီစာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး

၁၇။ ပလ္လင်အမှတ်(၁၂၀) အရှင်ဩဘာသ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ မင်းကွန်း ဓမ္မရောင်ခြည်ကျောင်းတိုက်၊ ကုန်းတလပေါင်ရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၈။ ပလ္လင်အမှတ်(၁၂၁) အရှင်ဆန္ဒာဓိက၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ နေမင်းကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၉။ ပလ္လင်အမှတ်(၁၂၆) အရှင်သံဝရ ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၃)ဝါ တိပိဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၂၀။ ပလ္လင်အမှတ်(၁၂၈) အရှင်ဇယကုမာရ၊ အသက်(၂၁)နှစ်၊ သိက္ခာ(၂)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး

၂၁။ ပလ္လင်အမှတ်(၁၃၃) အရှင်သုမင်္ဂလ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ ရာဇဓာနီသာမဏေကျော်ကျောင်းတိုက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်

၂၂။ ပလ္လင်အမှတ်(၁၃၄) အရှင်သောဘနာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ အနီးစခန်း ပြင်ဦးလွင်မြို့ မန္တလေးတိုင်းဒေသကြီး

*(ဆက်လက်ဖော်ပြပါမည်)*

# အချိန်ကာလတစ်ခုကို လွန်မြောက်ခဲ့လေသော်

ဆောမျိုးနွယ်



သုံးနှစ်ဆိုသောကာလသည်ဘာမျှမကြာလိုက်။ လွန်ခဲ့သော သုံးနှစ်က ထိုညီငယ်နှင့် တွေ့ဆုံဖြစ်တုန်းက စိုက်ပျိုးရေးသမားပီပီ စိုက်ရေးပျိုးရေးအကြောင်းများကိုပြောဖြစ်ခဲ့ကြသည်။ ကျွန်တော်က စိန်တစ်လုံးသရက် စိုက်နေသည်မှာ သုံးနှစ်ရှိပြီဖြစ်ကြောင်း ပြောဖြစ်သည်။ သူက လျှော်ဖြူစိုက်ဖို့လုပ်နေသည်ဟု ပြောခဲ့သည်။ ထိုနောက်ပိုင်းသူနှင့် မဆက်သွယ်ဖြစ်ခဲ့ပေ။ သို့ရာတွင်လွန်ခဲ့သည့် တစ်လခန့်က သူနှင့်ဆက်သွယ်ဖြစ်ရန် အကြောင်းဖန်လာသည်။ ဆက်သွယ်ဖြစ်သည်။ သူ့လျှော်ဖြူပင်များအစေးစတင် ထုတ်နေပြီဖြစ်ကြောင်း၊ ခြံကိုလာရောက်လည်ပတ်လေ့လာရန် ဖိတ်ခေါ်ကြောင်း စကားဆိုလာသည်။

အမှန်ဆိုရလျှင် ထိုညီငယ်၏ စကားကို မယုံချင်၊ သုံးနှစ်နှင့်လျှော်ဖြူပင် အစေးထုတ်နိုင်ပါမည်လား။ မယုံနိုင်သည်ကို အပထား၍ သူ့ခြံသို့ အရောက်သွားဖြစ်ခဲ့သည်။ စိုက်ပျိုးရေးသမားအချင်းချင်း ဤသို့သူ့ခြံ၊ ကိုယ့်ခြံသွားရောက်ခြင်းသည် လည်ပတ်ခြင်းသက်သက်မဟုတ်၊ လေ့လာရန်တစ်ခုတည်းလည်းမဟုတ်ပေ။ အချင်းချင်း အသိအမှတ်ပြုခြင်းလည်းဖြစ်၏။ အားပေးခြင်းလည်းမည်၏။ ကျွန်တော့်အနေဖြင့် ဤအကြောင်းအပေါင်း အားလုံးဖြင့်ပင် ထိုညီငယ်၏ခြံကို ရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။

ဤအကြောင်းကိုမရေးမီလတ်တလောလူအများစိတ်ဝင်စားလျက်ရှိသည့် လျှော်ဖြူစိုက်ပျိုးရေးအကြောင်းကို ရေးသားရသည်မှာ ငါးပွက်ရာ ငါးစာချသလို ဖြစ်နေမည်လား၊ သို့မဟုတ် လျှင်လည်း ထိုသို့ငါးပွက်ရာ ငါးစာချလိုသူများအတွက် မီးလောင်ရာ လေပင့်ပေးသလိုများဖြစ်နေမည်လားဟူသည့် အတွေးဝင်မိသည်မှာ အမှန်ပင် ဖြစ်ပါသည်။

**“တောင်သူများ အနေဖြင့် မြေရှိသော်လည်း မှုမမှန်သည့် ရာသီဥတု၊ ကြီးမားသည့် စရိတ်စကတို့ကို ရင်ဆိုင်နိုင်ရန်နှင့် ရေရှည်အကျိုးဖြစ်ထွန်းမှုတို့အတွက် လျှော်ဖြူစိုက်ပျိုးရေးကို ထည့်သွင်းစဉ်းစား ရွေးချယ်နိုင်စေရန် ရည်ရွယ်၍ ရေးသားလိုက်ရခြင်းဖြစ်”**

သို့ရာတွင် ထိုအတွေးတို့ကို ရမည်းသင်းမြို့နယ်ရွာတန်းကျေးရွာရှိ စပျစ်စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းခွင် လေ့လာစဉ်ကရရှိခဲ့သည့် အသိတရားဖြင့် ချေဖျက်၍ဤအကြောင်းအရာကို ရေးဖြစ်ခဲ့သည်ဟုဆိုရပေမည်။

**ရေ၊ မြေ၊ သဘာဝနှင့်ကိုက်ညီရန်လို**

လွန်ခဲ့သည့် နှစ်နှစ်ခန့်က ရမည်းသင်းမြို့နယ်ရွာတန်းကျေးရွာရှိ စပျစ်ခြံများသို့သွားရောက်လေ့လာဖြစ်ခဲ့သည်။ ထိုရွာရှိ အိမ်တိုင်းလိုလိုပင်စပျစ်စိုက်ကြသည်။ ပိုင်ဆိုင်သည့် ယာမြေများပေါ်တွင်စပျစ်ကိုသာ ဇောက်ချစိုက်ပျိုးကြသည်။ ထိုရွာမှ ထွက်ရှိသည့်စပျစ်သီးများကို ပြည်တွင်းသို့ဖြန့်သည်၊ ပြည်ပသို့ တင်ပို့သည်။

စပျစ်စိုက်ပျိုးရေးဖြင့် မိသားစုဘဝရပ်တည်ရေးကို ကောင်းစွာဆောင်ရွက်နိုင်ကြသည်ကို တွေ့ရပေသည်။ ဆိုလိုသည်မှာ ရာသီဥတုကိုအမှီပြု၍ စိုက်ပျိုးရသည့် ယာသီးနှံတို့ အစား ဒေသ၏ရေ၊ မြေ၊ သဘာဝနှင့်ကိုက်ညီသည့် နှစ်ရှည်သီးနှံစပျစ်ကို ပြောင်းလဲစိုက်ပျိုးလာကြခြင်း၏ အကျိုးရလဒ်ကြီးမားပုံကို ဖော်ပြလိုခြင်းဖြစ်ပါသည်။ ရာသီအလိုက်စိုက်ပျိုးကြသည့် ယာသီးနှံတို့သည် ရာသီဥတုဖောက်ပြန်ခြင်းနှင့် ဈေးကွက်တည်ငြိမ်မှုမရှိခြင်း၊ စရိတ်စက ကြီးမားလာခြင်းတို့ကြောင့် ထိုက်သင့်သည့် အကျိုးခံစားခွင့်များ လက်လွတ်ဆုံးရှုံးရတတ်ပါသည်။ ဤသို့ဆို၍ တစ်မယ်ကောင်းကိုသာ ရွေးချယ်စိုက်ပျိုးကြရမည်ဟု အစွန်းရောက်လိုခြင်း မဟုတ်ပေ။ သို့ရာတွင် ရာသီကုန်တိုင်း နွားစာလေးတော့ရတာပေါ့ဆိုသည့် စကားနှင့် ဖြေသိမ့်နေကြရသူများအနေဖြင့် စဉ်းစားနိုင်ရန်သာ ရည်ရွယ်ပါသည်။ ထိုသို့သောသူများအနေဖြင့် ထိုသို့သော နေရာဒေသများတွင် ထိုဒေသနှင့် ကိုက်ညီသည့် စိုက်ပျိုးရေးကိုပြောင်းလဲလုပ်ဆောင်သင့်သည်ဟု ထင်မြင်ယူဆမိသည်။

**တကယ်လုပ်၍ အဟုတ်ဖြစ်**

ထိုညီငယ်၏ခြံကိုရောက်သည်နှင့် စိုက်ခင်းထဲသို့ဦးစွာဝင်ခဲ့သည်။ စိုက်ခင်းထဲတွင်စတီးလင်ပန်းကိုင်၍လျှော်ဖြူစေးသိမ်းနေသူ အချို့နှင့် ဓားကိုင်၍မန်းပြင်နေသူ တို့ကိုတွေ့ရ၏။ ပင်ခြားတန်းခြား ၁၅ ပေစိုက်ထားသဖြင့် အပေါ်ကိုင်းဖျားချင်းယှက်နေ၏။ ပင်စည်လုံးပတ်မှာ ထွာဆိုင်အရွယ်ရှိ၏။ အစေးထုတ်လုပ်ပုံမှာ ဓားထစ်နည်းဖြစ်၏။ အစေးမသိမ်းရသေးသည့် ဓားထစ်ရာတို့ကို လိုက်လံကြည့်ရှုရာအရည်အသွေးကောင်း လျှော်ဖြူစေးတို့ ထွက်ရှိနေမှုကိုတွေ့ရ၏။ ခြံလုပ်သားတို့ အစေးသိမ်းလုပ်ငန်းများလုပ်နေကြစဉ် ခြံရှင်ညီငယ်နှင့် စိုက်ပျိုးဖြစ်ခဲ့ပုံကို မေးမြန်းဖြစ်၏။

ညီငယ်ကစိုက်ပျိုးထားရှိသည့် အပင်နှစ်သောင်းကျော်ရှိကြောင်း၊ ကုန်းစောင်းတစ်ခုလုံးကိုထယ်မှောက်ထွန်မွှေပြီး ပန္နက်ချခဲ့ကြောင်း၊ ကျင်းသီးသန့်မတူးဘဲ ထွန်မွှေထားသည့် ပန္နက်ရာတွင်သာစိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပေါင်းရှင်းရမည့်အချိန်တွင် လက်တွန်းထွန်စက်ဖြင့် မြေဖွရင်းပေါင်းသင်ပြုလုပ် ပေးခဲ့ကြောင်း၊ ပိုးသတ်ဆေးနှင့်မြေဩဇာအသုံး ပြုခဲ့ရခြင်း မရှိကြောင်း၊ ယခုနှစ်တွင် အစေးစမ်းထုတ်မည်ဖြစ်သဖြင့် မိုးတွင်းကယူရီးယားအနည်းငယ်ကျွေးခဲ့ကြောင်း စုံစေ့စွာရှင်းပြလေ၏။ သူပြောတော့လည်း အလွယ်သားဟု စိတ်တွင် ထင်မိ၏။ သုံးနှစ်သားနှင့် အစေးထုတ်နိုင်သည်ဆိုသည်ကိုလည်း အဟုတ်ဖြစ်ကြောင်း လက်ခံလိုက်တော့၏။

**သန့်စင်ခြင်းနှင့်အတန်းအစားခွဲခြင်း**

စိုက်ခင်းထဲမှထွက်လာပြီးလျှင် အစေးသန့်စင်သည့်တဲအတွင်းဝင်ရောက်ခဲ့ကြ၏။ စိုက်ခင်းထဲမှသိမ်းလာသည့် စတီးလင်ပန်းများအတွင်းရှိ အစေးများကို အမှိုက်သရိုက်များဖယ်ရှားခြင်း၊ အရည်အသွေးအလိုက်အတန်းအစားခွဲခြားခြင်း တို့ကိုပြုလုပ်နေကြသည်ကိုတွေ့ရ၏။ ဤသို့ခွဲခြားပြီးလျှင်အရိပ်တွင်လေသလပ်ခံထား ၏။ အပေါ်ကြောခြောက်သွားသည့်အစေးတို့ကို နေရောင်တွင် အခြောက်ခံကြလေ၏။

နေပြ၍ ခြောက်သွားသည့်အစေးတို့ကို ရုံးခန်းအတွင်း၌ အတန်းအစားအလိုက်စုပုံထားလေ၏။ ဤသို့လျှင် ဝယ်လက်သို့ရောင်းချရန်အသင့်ဖြစ်လေသတည်း။ ညီငယ်၏ ပြောပြချက်အရ ဓားထစ်ဆံချည်မျှင်သီးသန့်အစေးခြောက်တစ်ပိဿာပေါက်ဈေးမှာ ငွေကျပ်တစ်သိန်းကျော်ရှိကြောင်း သိရ၏။ ဆံချည်မျှင်ရောရာ အတန်းအစားဈေးနှုန်းမှာ ငွေကျပ်တစ်သိန်းဝန်းကျင်ရသည်ဆို၏။ သို့ရာတွင်တစ်နှစ်လျှင် တစ်ကြိမ်မျှဈေးနှိမ်ခံရလေ့ရှိကြောင်းလည်း ပြောပြ၏။

**ဖြစ်မှဖြစ်ပါတော့မလား**

နောက်ဆုံးတွင် ထိုညီငယ်၏ရုံးခန်း၌ ရေနွေးကြမ်းသောက်ရင်း ထွေရာလေးပါးစကားပြောဖြစ်ကြ၏။ ခြံလုပ်သားတို့မှာ အရာတော်မှဖြစ်ကြောင်း၊ မိသားစုအလိုက်လာကြခြင်း ဖြစ်ကြောင်း၊ ဤခြံရှိနေသရွေ့ ဤခြံတွင်နေကြမည်ဖြစ်ကြောင်း၊ အပင်အရေအတွက်များသဖြင့် အစေးထွက်ရှိမှု၏ သုံးပုံတစ်ပုံပေးသည်ကို ကျေနပ်ကြကြောင်း၊ အပင်အရေအတွက် နည်းလျှင် အစေးတစ်ဝက်ပေးရကြောင်း၊ အစေးထုတ်လုပ်နိုင်သည့် အပေါ်မူတည်၍ ဝင်ငွေရသည်ဖြစ်၍ ၎င်းတို့အနေဖြင့် အစေးလေလွင့်မှုမရှိအောင် ထိန်းသိမ်းပေးကြကြောင်း ညီငယ်ဖြစ်သူက သူ့ခြံလုပ်သားတို့အကြောင်း ပြောပြ၏။

တစ်နှစ်ထက်တစ်နှစ် အစေးထုတ်လုပ်မှု ပမာဏများပြားလာမည်ဖြစ်၍ လက်ရှိအဆောက်အအုံထက်တိုးချဲ့သွားရန် အကြံပြုရာတွင် ညီငယ်ကနောက်နှစ်များတွင် ဆောင်ရွက်ရန် အစီအစဉ်ရှိကြောင်း၊ ယခုနှစ်မှ ငွေစမြင်ရသည်ဖြစ်ကြောင်း၊ စလုပ်စဉ်မှစ၍ အစေးမထုတ်ခင်ကာလအထိ ဤလုပ်ငန်းလုပ်ခဲ့သည်မှာ မှားပြီလား၊ ဖြစ်မှဖြစ်ပါတော့မလားဟုပင် စိတ်ပျက်အားငယ်မှုများရှိခဲ့ကြောင်းပြောပြရာ အနာဂတ်မှာ တစ်ချိန်က စိတ်ကူးယဉ်ခဲ့သမျှတွေ သေချာပေါက်ဖြစ်လာတော့မည် ဖြစ်ကြောင်းအားပေးဖြစ်ခဲ့၏။ ထိုသူကိုသာ နှုတ်အားဖြင့် အားပေးနေမိသော်လည်း ကျွန်တော့်စိတ်တွင်ကား ထိုသို့သောစိတ်ပျက်အားငယ်မှုတို့ကကြီးစိုးနေဆဲပင်။ နှစ်ရှည်ပင် စိုက်ပျိုးရေးလုပ်ကိုင်ကြသူတို့ခံစားရလေ့ရှိသည့် ဘုံဝေဒနာပင် ဖြစ်ပေလိမ့်မည်ဟုအားတက်မိသေး၏။

**ဖြတ်သန်းရဦးမည့် ကာလတစ်ခု**

ညီငယ်၏ ဖိတ်ကြားချက်အရ သူ၏လျှော်ဖြူ စိုက်ပျိုးရေးခြံသို့ ရောက်ဖြစ်ခဲ့သည်။ လေ့လာခဲ့သည်။ အားပေးခဲ့သည်။အားကျခဲ့သည်။ သုံးနှစ်နှင့် အစေးထုတ်လုပ်နိုင်သည်ကိုမျက်မြင်တွေ့ခဲ့ရ သည်။ အစေးထွက်ရှိသည့်တစ်နှစ်နှင့် အရင်းကျေသည်ဟု သိခဲ့ရသည်။

ကျွန်တော်သည်လည်း သရက်အစား လျှော်ဖြူစိုက်ဖြစ်ခဲ့လျှင်ဆိုသည့် အတွေးကဝင်လာသေးသည်။ သို့ရာတွင် သူဖြစ်၍ ငါဖြစ်ရမည်ဟု မဆိုနိုင်။ စိုက်ပျိုးရေးတွင် ရေ၊ မြေ၊ သဘာဝ၊ ဒေသဆိုသည့် ကွဲပြားမှုတို့ရှိသည်။ ရွေးချယ်မှုတို့ရှိသည်။ ထိုကွဲပြားမှုတို့အပေါ်မူတည်၍ ရွေးချယ်မှုမှန်ရန်တော့ လိုပေလိမ့်မည်။

တောင်သူများအနေဖြင့် မြေရှိသော်လည်း မှုမမှန်သည့်ရာသီဥတု၊ ကြီးမားသည့် စရိတ်စကတို့ကိုရင်ဆိုင်နိုင်ရန်နှင့် ရေရှည်အကျိုးဖြစ်ထွန်းမှုတို့အတွက် လျှော်ဖြူ စိုက်ပျိုးရေးကို ထည့်သွင်းစဉ်းစားရွေးချယ်နိုင်စေရန် ရည်ရွယ်၍ရေးသားလိုက်ရခြင်းဖြစ်သည်။ ရာသီသီးနှံစိုက်ပျိုးခြင်းနှင့် ကွဲလွဲချက်မှာ အချိန်ကာလတစ်ခုကိုဖြတ်သန်းရန်လိုအပ်ခြင်းသာဖြစ်ပါသည်။ ထိုကာလကို လွန်မြောက်သွားသည့် အချိန်တွင် ရွေးချယ်မှု မှန်ကန်သူတို့ဘဝသာယာလှပနေမည်ကို ကျွန်တော်မြင်ယောင်နေမိပါသည်။ ။

# သုဝဏ္ဏဝတီမြို့၌ ကျောင်းဘောလုံးကွင်းများအား အဆင့်မြှင့်တင်

**သုဝဏ္ဏဝတီ ဇန်နဝါရီ ၂၈**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၌ အခြေခံပညာကျောင်း ဘောလုံးကွင်း နှစ်ကွင်းအားဇန်နဝါရီ ၂၆ က အဆင့်မီ ဘောလုံးကွင်းများ ဖြစ်ပေါ်လာစေရန် ပြန်လည်မြေညှိတိုးချဲ့ပြုပြင်ခြင်းများ ပြုလုပ်ဆောင်ရွက်နေကြောင်း သိရသည် ။

အခြေခံပညာအထက်တန်းကျောင်း (ကျိုက္ကော်)ဘောလုံးကွင်းအား မိဘဆရာများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျိုက္ကော်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေးစိုးတို့က ဦးဆောင်၍ မြေထိုးမြေညှိတိုးချဲ့ခြင်းများအတွက် စက်ယန္တရားများကို ကိုစိုးလှိုင်(ရွှေသံလွင်ကုမ္ပဏီ) နှင့် ကိုကျော်သူလေး (ကျိုက္ကော်) တို့က အခမဲ့ကူညီဆောင်ရွက်ပေးခဲ့ပြီး မြေညှိခြင်းလုပ်ငန်းမှာ ဇန်နဝါရီ ၂၆ ရက်က ပြီးစီးခဲ့သည်။

ဆက်လက်၍ အမကမှုလွန် (ငါးကြီးအင်း)ကျောင်းဘောလုံးကွင်းအား ပြည်နယ်ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နန်းစံဝင့်ခိုင်နှင့် သထုံမြို့နယ် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုတွဲဖက်အတွင်းရေးမှူး ဦးအေးဇော်တို့မှ ထောက်ပံ့လှူဒါန်းငွေကျပ်ငါးသိန်းဖြင့် သိမ်ဆိပ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ထိုက်၊ မိဘဆရာကျောင်းအကျိုးတော်ဆောင်များက ကြီးကြပ်ကာ စက်ယန္တရားကြီးများကို ငှားရမ်းအသုံးပြု၍ မြေထိုးမြေညှိပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း သိရသည်။

“ယခုလက်ရှိ အားကစားပြိုင်ပွဲတွေ၊ အခမ်းအနားတွေ ကျင်းပနေတဲ့ သုဝဏ္ဏဝတီမြို့မှာ တစ်ကွင်းတည်းရှိတဲ့ အထက(သိမ်ဆိပ်) ဘောလုံးကွင်းကို ထပ်မံပြီးပြန်လည်ပြုပြင်ဖို့ အစီအစဉ်ရှိပါတယ်”ဟု သိမ်ဆိပ်ရပ်ကွက်အုပ်ချုပ်ရေးမှူးက ပြောသည်။

**ခွန်(ဝင်းပ)**



# ညောင်ဦးမြို့ ဧရာဝတီမြစ်ကမ်းဘေး၌ ပလင်းကမ်းသာယာ ဆင်စခန်းဖွင့်နိုင်ရေး ဆောင်ရွက်မည်

**နေပြည်တော် ဇန်နဝါရီ ၂၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဇန်နဝါရီ ၂၇ ရက်က ညောင်ဦးမြို့နယ် ပလ္လင်ကန်ကျေးရွာအနီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (KOICA) တို့ ပူးပေါင်း၍ ၂၀၁၅ ခုနှစ်တွင် စိုက်ပျိုးခဲ့သော KOICA (Phase IV) သစ်တော စိုက်ခင်း ၅၉၃ ဧက စိုက်ခင်းအောင်မြင်မှုများအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ညောင်ဦးမြို့နယ် ခက်လန်းကန်ကျေးရွာအနီးရှိ သစ်တောဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ သစ်တောကဏ္ဍမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစင်တာ (Japan International Forest Promotion and Cooperation Center –JIFPRO) တို့ပူးပေါင်း၍ လက်ထုတ်နှင့် ခက်လန်းကန် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းတည်ထောင်ခြင်းစီမံကိန်း ပထမနှစ်အဖြစ် ၂၀၁၇ ခုနှစ်တွင် စိုက်ပျိုးထားသော လျှော်ဖြူ၊ ယူကလစ်၊ ရှား၊ ဒဟတ်စိုက်ခင်း ဧက ၆၀ ကို ကြည့်ရှုစစ်ဆေးခဲ့ကာ ဒေသခံပြည်သူအစုအဖွဲ့ဝင် ယာသမားများနှင့် တွေ့ဆုံပြီး စိုက်ခင်းအားသာချက်၊ အားနည်းချက်များအား ရင်းရင်းနှီးနှီးဆွေးနွေးသည်။ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်ဦးမြို့နယ် ပလင်းကျေးရွာအနီး ဧရာဝတီမြစ်ကမ်းပါးဘေးတွင် ပလင်းကမ်းသာယာဆင်စခန်း ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်မည့်နေရာသို့ ရောက်ရှိစစ်ဆေးပြီး ဆင်စခန်းအတွင်း ဆင်စီးခြင်း၊ ဧရာဝတီမြစ်အတွင်း ရေယာဉ်အပျော်စီးခြင်းများအပြင် လာရောက်အပန်းဖြေသည့် ဧည့်သည်များအတွက် ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာ၊ ဗဟုသုတပညာပေးအစီအစဉ်များလည်း ဆောင်ရွက်ထားစေလိုကြောင်း၊ ဧည့်သည်များအတွက် ဆင်စီးနိုင်မည့် အချိန်၊ ဆင်စီးနိုင်မည့် လမ်းကြောင်း၊ ကြာမြင့်ချိန်၊ ဧရာဝတီမြစ်အတွင်းရှိ သဲသောင်ခုံတွင် ဆင်ရေချမည့် အချိန်များအား ပုဂံဒေသသို့လာရောက်လည်ပတ်မည့် ခရီးသွားဧည့်သည်များ ကြိုတင်သိရှိနိုင်ရန်အတွက် ခရီးသွားလုပ်ငန်းဆောင်ရွက်သည့်အဖွဲ့များနှင့် ဆက်သွယ်ကြေညာထားရန်လိုအပ်ကြောင်း၊ ဆင်စခန်းတည်ဆောက်ရာတွင်လည်း ဆင်များအတွက် အစားအစာ၊ ဆေးဝါးကုသပေးနိုင်မည့် အခြေအနေ၊ ဧည့်သည်များအတွက် သန့်ရှင်းသပ်ရပ်မှုစသည်တို့ကိုလည်း ထည့်သွင်းစဉ်းစားရန်လိုကြောင်းဆွေးနွေးခဲ့ပြီး ဆင်စခန်းအမြန်ဆုံး ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည်များအား မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်အောက်ရှိ ညောင်ဦးမြို့နယ် ချောက်ဘုရားလှ အမြဲတမ်းပျိုးဥယျာဉ်အတွင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးမည့် ပျိုးပင်များနှင့် သက်ကြီးပျိုးပင်များ ပြုစုထိန်းသိမ်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြိတ်မြို့ ကလေးစာပေပွဲတော် ဆုချီးမြှင့်ပွဲနှင့် ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီး

**မြိတ် ဇန်နဝါရီ ၂၈**

ကလေးများစာအုပ်စာပေ နှစ်သက်မွေ့လျော်ကာ ရာသက်ပန်ပညာရှာမှီးသူများ ဖြစ်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများရရှိလာစေရန်၊ ပညာဗဟုသုတရော လူရည်လူသွေးပါ ပြည့်ဝ၍ အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများ ဖြစ်လာစေရန် ရည်ရွယ်ချက်များဖြင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော မြိတ်မြို့ကလေးစာပေပွဲတော်ကို စည်ကားသိုက်မြိုက်စွာဖြင့် ဇန်နဝါရီ ၂၈ ရက် မွန်းလွဲပိုင်း၌ အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း သိရသည်။

မြိတ်မြို့ ကလေးစာပေပွဲတော် ဆုချီးမြှင့်ပွဲကို မွန်းလွဲ ၂ နာရီက အထက(၁) ပညာ့ဗိမာန်ခန်းမတွင် ကျင်းပခဲ့ရာ မေတ္တာမွန် မူလတန်းကြိုကျောင်းသား ကျောင်းသူများက ကလေးစာပေပွဲတော် သီချင်းဖြင့် တေးသရုပ်ဖော်အကနှင့် ဖျော်ဖြေပြီး တနင်္သာရီတိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က အမှာစကားပြောကြား၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဆင့်က ကျေးဇူးတင်စကားပြောကြားသည်။

**ဂုဏ်ပြုဆုများချီးမြှင့်**

ထို့နောက် ကလေးစာပေပွဲတော်(မြိတ်)တွင် ကျင်းပခဲ့သော ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ထုပ်ဆီးတိုးပြိုင်ပွဲတို့တွင် ဆုရရှိခဲ့သော ကျောင်းသားကျောင်းသူများအား တိုင်းဒေသကြီး လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီး၊ ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်၍ ကလေးစာပေပွဲတော်(မြိတ်)တွင် ဖျော်ဖြေတင်ဆက်ခဲ့ကြသော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ကြသည်။ ကလေးစာပေပွဲတော်(မြိတ်) ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးကြသည့် အထက(၁)ကျောင်းနှင့် ထူးထူးတိုးအပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက်အား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။



မြိတ်မြို့ကလေးစာပေပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပရာ ကျောင်းသားလူငယ်များ၊ မိဘပြည်သူများ ပျော်ရွှင်စွာ တွေ့ရစဉ်။



မြိတ်မြို့ ကလေးစာပေပွဲတော်တွင် စကားပုံဆက်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်နေသည့် ကျောင်းသူများကို တွေ့ရစဉ်။

**ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်တွင် ခင်းကျင်းပြသထားသည့် ကရင်တိုင်းရင်းသား ရိုးရာပြခန်း၊ ထားဝယ်လူမျိုးရိုးရာပြခန်း၊ ဆလုံလူမျိုးရိုးရာပြခန်း၊ မြိတ်တက္ကသိုလ် အဏ္ဏဝါသိပ္ပံပြခန်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပြခန်း၊ အခြေခံပညာဦးစီးဌာနပြခန်း၊ ကျန်းမာရေးဦးစီးဌာနပြခန်း၊ လူမှုဝန်ထမ်းဦးစီးဌာနပြခန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ပြခန်းနှင့် ကလေးစာဖတ်ခန်း၊ ကလေးစာပေမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ ဉာဏ်စမ်းကစားနည်းပြိုင်ပွဲ၊ အားကစားပြိုင်ပွဲများ၊ Team Building စုပေါင်းကစားနည်းများကို ကျောင်းသား ကျောင်းသူများ၊ ကလေးများ ပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။ **ခိုင်ထူး(မြိတ်)**

# သုံးမျိုးစုံအားကစားပြိုင်ပွဲ နိုင်ငံခြားသားများ အများဆုံးဝင်ရောက်ယှဉ်ပြိုင်

**ရန်ကုန် ဇန်နဝါရီ ၂၈**

မြန်မာ့အားကစားကဏ္ဍဘက်စုံဖွံ့ဖြိုးပြီး ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်စေရန်ရည်ရွယ်၍ Bike World Myanmar က ကြီးမှူးကျင်းပသည့် Myanmar Adventure Triathlon 2018 သုံးမျိုးစုံအားကစားပြိုင်ပွဲ ရေကူး၊ စက်ဘီးစီးနှင့် အပြေးပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီးရှိ အလိုင်နီဆည်၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**

"အဓိကက ကြံ့ခိုင်သန်စွမ်းတဲ့ လူငယ်တွေ မွေးထုတ်ပေးဖို့ပါ၊ သူက အားကစားနည်းတစ်မျိုးတည်းမဟုတ်ဘဲ သုံးမျိုးပေါင်းပြီးလုပ်ရတဲ့အတွက် ခက်ခဲကြမ်းတမ်းပါတယ်၊ နောက်ထပ်ပြုလုပ်မယ့်ပြိုင်ပွဲတွေမှာလည်း ဒီထက်မက ဝင်ရောက်ယှဉ်ပြိုင်ဖို့ ဖိတ်ခေါ်ချင်ပါတယ်"ဟု Bike World Myanmar မှ မြန်မာ့စက်ဘီးအားကစားသမားလက်ရွေးစင်ဟောင်း ဦးကြည်မိုးအောင်က ပြောသည်။



အဆိုပါသုံးမျိုးစုံအားကစားပြိုင်ပွဲတွင် မြန်မာအမျိုးသား အမျိုးသမီးနှင့် နိုင်ငံခြားသားများ အများဆုံးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုများကို မြန်မာနိုင်ငံသားများက ရရှိခဲ့သည်။ ဆုကြေးအနေဖြင့် ပထမဆုကို ဆုတံဆိပ်နှင့် ငွေကျပ်နှစ်သိန်း၊ ဒုတိယဆုကို ဆုတံဆိပ်နှင့် ငွေကျပ်တစ်သိန်းခွဲ၊ တတိယဆုကို ဆုတံဆိပ်နှင့် ငွေကျပ်တစ်သိန်းချီးမြှင့်ခဲ့ကာ အခြားဆုများကိုလည်းပေးအပ်ခဲ့ပြီး ငွေကျပ်ခြောက်သိန်းတန် စက်ဘီးနှစ်စီးကိုလည်း မဲဖောက်ပေးခဲ့ကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် အားကစားသမားများသည် မီတာ ၈၀၀ ရေကူးခြင်း၊ ၃၆ ကီလိုမီတာ ခရီးကြမ်းစက်ဘီးစီးနင်းခြင်းနှင့် ၈ ကီလိုမီတာ အပြေးပြိုင်ခြင်းတို့ကို ပြိုင်ပွဲဝင်အားကစားသမား စုစုပေါင်း ၈၈ ဦးက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **ထွန်းအောင်ရှိန်၊ ဓာတ်ပုံ-စစ်မှူး**

# (၇၁)ကြိမ်မြောက် မွန်အမျိုးသားနေ့ ပြည်သူ့ဥယျာဉ်၌ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၈**

မွန်အမျိုးသားတို့၏ ဇာတိသွေး၊ ဇာတိမာန်များရှင်သန်နိုးကြားရန်နှင့် မွန်စာပေ၊ မွန်ယဉ်ကျေးမှုများကို ထိန်းသိမ်းဖော်ထုတ်မြှင့်တင်လိုစိတ်များ မြင့်မားတိုးတက်လာစေရန် ရည်သန်ကာ မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)က (၇၁)ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် ညနေ ၅နာရီတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဖျော်ဖြေရေးအစီအစဉ်အဖြစ် ရွှေတိဂုံစေတီဖူးမြော်ယိမ်း၊ ပြည်ထောင်စုတိုင်းရင်းသားယိမ်း၊ ရွှေဟင်္သာယိမ်းအစရှိသည့် ယိမ်းများအပြင် ခေတ်အဆက်ဆက်မွန်တို့၏ ဝတ်စားဆင်ယင်မှု၊ အမတ်ဒိန်မဏိရွတ်၏ သစ္စာတရားအခန်းရပ်ပြဇာတ်များ ပါဝင်မည်ဖြစ်ပြီး ဇန်နဝါရီ ၃၁ ရက် ညတွင် မွန်တေးသံရှင်များနှင့် ဖိုက်စတားအငြိမ့်တို့က ဖျော်ဖြေတင်ဆက်မည် ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

ဇန်နဝါရီ ၂၈ ရက်က ရမည်းသင်းမြို့နယ် လျှပ်စစ်မန်နေဂျာ ရုံးဝင်းအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်ကြရာ ခရိုင်လျှပ်စစ်မန်နေဂျာ ဦးအေးမင်းဝင်း၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမျိုးမြင့်၊ ခရိုင်/မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ ရမည်းသင်းခရိုင် မီးသတ်ဦးစီးမှူးရုံးအဖွဲ့ဝင်များ ပူးပေါင်း၍ လျှပ်စစ်ရုံးဝန်ထမ်းများက မီးဘေးလုံခြုံရေး လက်တွေ့လေ့ကျင့်ကြစဉ်။ တင်ဦး(ရမည်းသင်း)



# ဒီခရီးစဉ်ဟာ အကျိုးကျေးဇူးတွေများပါတယ်၊ အကြံပေးအဖွဲ့ဝင်များအနေနဲ့ တိုးတက်မှုတွေနဲ့အတူ အကြမ်းဖက်မှုများရဲ့ အထောက်အထားတွေလည်း တွေ့မြင်ခဲ့ရပါတယ်၊ ပြန်လည်လက်ခံမယ့်သူများအတွက် လုံခြုံရေးနဲ့ အစစအရာရာ ကူညီပံ့ပိုးပေးရေးအတွက် မြန်မာအစိုးရရဲ့ အားထုတ်ကြိုးပမ်းမှုများကို တွေ့မြင်ကြားသိခဲ့ရပါတယ်

**H.E. Prof. Surakiart Sathirathai**

**H.E. Prof. Surakiart Sathirathai ဦးဆောင်သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်တွင် ဖွဲ့စည်းခဲ့သည်၊ အဆိုပါ အဖွဲ့သည် ဇန်နဝါရီလ ၂၂ ရက်မှ ၂၅ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခြင်း၊ ရခိုင်ပြည်နယ် မောင်တောဒေသနှင့် ကျောက်ဖြူမြို့နယ်တို့သို့ နယ်မြေအခြေအနေ သွားရောက်လေ့လာခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့သည်။**

ဇန်နဝါရီလ ၂၅ ရက်နေ့ နံနက်ပိုင်းက H.E. Prof. SuraKiart Sathirathai က သတင်းထောက်များနှင့် တွေ့ဆုံပြီး ပြောကြားခဲ့သည်များကို အလွတ်သဘော ဘာသာပြန်ဆိုတင်ပြလိုက် ပါသည်-

ရှေးဦးစွာ H.E. Prof. Surakiart Sathirathai က နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် "မင်္ဂလာပါ၊ ကျွန်တော်တို့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်တွေအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ဝင် ၁၀ ဦးရဲ့ ပထမဆုံး အစည်းအဝေးကို ဇန်နဝါရီ ၂၂ ရက်နေ့ က ကျင်းပခဲ့ပါတယ်၊ ပြီးခဲ့တဲ့ နှစ်ရက်ကလည်း ကျွန်တော်တို့ အစည်းအဝေး သုံးကြိမ် ကျင်းပခဲ့ပါသေးတယ်၊ အဖွဲ့ရဲ့ သတ်မှတ်ထားတဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်တွေ၊ အဖွဲ့ရဲ့ လုပ်ငန်းဆောင်ရွက်မှုများကို သဘောတူညီနိုင်းဆွေးနွေးခဲ့ပါတယ်။

ဒါ့အပြင် ရခိုင်ပြည်နယ်ရဲ့ အခြေအနေနဲ့ နိုင်ငံတကာရဲ့တုံ့ပြန်မှုအပေါ် သဘောထားအမြင်တွေကိုလည်း ဖလှယ်ခဲ့ကြပါတယ်၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်တွေအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီမှ လုပ်ငန်းဆောင်ရွက်ထားရှိမှုတွေကို ကောင်းစွာ ရှင်းလင်းချပြ ဆွေးနွေးခဲ့ပါတယ်။

### အမြင်သဘောထားလာရောက်နားထောင်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖွဲ့တွေနဲ့လည်း ကောင်းမွန်စွာ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်၊ ကျွန်တော်တို့ရဲ့ခရီးစဉ်ဟာ ပွင့်လင်းရိုးသားစွာ အမြင်သဘောထားတွေကို လာရောက်နားထောင်ခြင်း ဖြစ်ပါတယ်၊ မနေ့ကဆိုရင် ကျွန်တော်တို့ ရခိုင်ပြည်နယ်က ရွာတွေကို သွားရောက် လေ့လာနိုင်ခဲ့ပါတယ်၊ မီးလောင်ပြာကျပြီး တစ်စပြင်ဖြစ်နေတဲ့ ရွာတွေကို ရဟတ်ယာဉ်ပေါ်ကနေ တွေ့မြင်ခဲ့ရပါတယ်။

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ၊ ကုန်းလမ်း၊ ရေလမ်းမှတစ်ဆင့် ရောက်ရှိလာတဲ့အခါ ပြန်လည်စိစစ်လက်ခံရေးအတွက် ပြင်ဆင်ထားရှိမှုတွေကိုလည်း တွေ့မြင်ခဲ့ရပါတယ်၊ တစ်ဆက်တည်းမှာပဲ စီးပွားရေးဇုန် တည်ဆောက်ဖို့ ပြင်ဆင်နေမှုတွေကိုလည်း စိတ်ဝင်တစား လေ့လာခဲ့ရပါတယ်၊ ဒါ့အပြင် ဒေသခံ ရွာသူရွာသားတွေဖြစ်ကြတဲ့ ဗုဒ္ဓဘာသာဝင်တွေ၊ အစ္စလာမ်ဘာသာဝင်တွေနဲ့ ဟိန္ဒူဘာသာဝင်တွေနဲ့ တွေ့ဆုံခွင့်ရခဲ့ပါတယ်၊ သူတို့ရဲ့ လိုအပ်ချက်၊ သဘောထားအမြင်တွေကိုလည်း မေးမြန်းသိရှိခွင့်ရခဲ့ပါတယ်။

ပြန်လည်လက်ခံမယ့်သူတွေ တည်းခိုနေထိုင်ရေးအတွက် အိမ်တွေ ဆောက်လုပ်နေမှုတွေကို ကျွန်တော်တို့ ကြည့်ရှုစစ်ဆေးခဲ့ပါတယ်၊ ပြန်လည် လက်ခံမှုကို ဇန်နဝါရီလ ၂၃ ရက်နေ့မှာ စတင်ဖို့ ဖြစ်သော်လည်း အကောင်အထည် မဖော်ဖြစ်ခဲ့ပါဘူး၊ သို့သော်လည်း လိုအပ်တဲ့ ပြင်ဆင်ဆောင်ရွက်မှုတွေ၊ အခြေချနေထိုင်မယ့် နေရာကို မရောက်မီ ခေတ္တထားရှိမယ့် လက်ခံရေးစခန်းတွေကိုလည်း တွေ့မြင်ခဲ့ရပါတယ်။

**လုံခြုံရေးထားရှိတဲ့အတွက် မည်သည့် ခြောက်လှန့်မှု အရိပ်အယောင်မှ မတွေ့ရပါ၊ ရွာသားတွေနဲ့ တွေ့ဆုံတဲ့အခါမှာလည်း ကြောက်ရွံ့ထိတ်လန့်တဲ့ အမူအရာတွေကို မတွေ့ခဲ့ရပါ၊ ကျွန်တော်တို့ အကြံပေးအဖွဲ့အနေနဲ့ မည်သည့် အကြံဉာဏ်တွေကိုမှ အခုထိ မပေးရသေးပါဘူး၊ အခြေအနေကို စောင့်ကြည့်ခြင်းသာ ဖြစ်ပါတယ်။**



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ဒေါက်တာဝင်းမြတ်အေးနှင့် H.E. Prof. Surakiart Sathirathai တို့ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ မောင်တောမြို့နယ် ကညင်ချောင်း စီးပွားရေးဇုန်အတွင်းရှိ ဒေသခံများအား တွေ့ဆုံစဉ်။

လာမယ့်ရက်တွေ၊ လတွေမှာ ကျွန်တော်တို့ တိုင်ပင်ဆွေးနွေးကြပါမယ်၊ ပြီးမှ လာမယ့် နှစ်လ၊ သုံးလအတွင်း အဖွဲ့ရဲ့ပဏာမအကြံပြုချက်တွေ ထုတ်ပြန်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်တွေအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီအဖွဲ့အနေနဲ့ အခြားဆောင်ရွက်ရမယ့် ကိစ္စတွေ၊ ဦးစားပေးဆောင်ရွက်မယ့် လုပ်ငန်းတွေ၊ လက်ရှိလုပ်ငန်းစီမံကိန်းတွေ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်သင့်လုပ်ထိုက်တာတွေကို အကြံပြုသွားမှာ ဖြစ်ပါတယ်။

### အကြံပြုချက် ၈၈ ချက်

လူမှုအသိုက်အဝန်းတွေအကြား ပြန်လည်သင့်မြတ်ရေး၊ ယုံကြည်မှု ပြန်လည်တည်ဆောက်ပေးဖို့အတွက် နည်းလမ်းတွေ ချမှတ်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်၊ ဒါမှသာ ရေရှည်တိုးတက်မှု ရှိပါမယ်၊ ကျွန်တော်တို့အနေနဲ့ ကိုဖီအာနန်ကော်မရှင်ရဲ့အကြံပြုချက် ၈၈ ချက်ကို အကောင်အထည်ဖော်နေတဲ့ မြန်မာအစိုးရကို ချီးကျူးပါတယ်၊

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း လူမှုအသိုင်းအဝိုင်းအတွင်း တရားဥပဒေစိုးမိုးရေးနဲ့ တရားမျှတမှုရှိရေးကို အလေးထားဆောင်ရွက်ခဲ့တဲ့အတွက် ဒါဟာမှန်ကန်တဲ့ လုပ်ရပ်လို့ မြင်ပါတယ်၊ သူ့အနေနဲ့ နိုင်ငံတကာအသိုက်အဝန်းတွေဆီကနေ မိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်စေမယ့် လူမှုရေးကူညီမှုတွေ ပေးအပ်ဖို့၊ ကူညီသူတွေ ကိုယ်တိုင်လာရောက်ပြီး အလုပ်အကိုင်သင်တန်းများ ပို့ချပေးခြင်းစတဲ့ အကူအညီများကို အလေးထားပါတယ်၊

**ရခိုင်ပြည်နယ်ဟာ မြေသြဇာကောင်းမွန်ပြီး မြစ်ချောင်းအစရှိတဲ့ ရေအရင်းအမြစ်များစွာနဲ့ အတူ စိုက်ပျိုးရေးအောင်မြင်ဖြစ်ထွန်းတဲ့ ဒေသဖြစ်တာကို ရဟတ်ယာဉ်ပေါ်ကနေ တွေ့မြင်ခဲ့ရပါတယ်၊ ခြောက်သွေ့တဲ့ ရာသီမှာတောင် စိမ်းလန်းစိုပြည်နေတာကို တွေ့ရတဲ့အတွက် ဒေသခံတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ရှိပါတယ်၊ လယ်ယာအထွက်တိုးဖို့နဲ့ လယ်ယာထွက်ပစ္စည်းတွေ တန်ဖိုးမြှင့်တင်ဖို့အတွက် ဒေသခံတောင်သူတွေကို သင်တန်းပေးဖို့ လိုအပ်ပါတယ်၊**

**ဒါ့အပြင် ကျောက်ဖြူကိုသွားတဲ့ အခါမှာလည်း ကျွန်တော့်အနေနဲ့ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေ၊ အမျိုးသမီးတွေအတွက် အထည်ချုပ်စက်ရုံတွေမှာ အလုပ်အကိုင် အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ဖို့ အခွင့်အလမ်းများစွာကို တွေ့မြင်နေရပါတယ်၊ ဒါ့အပြင် ကျောက်ဖြူ အထူးစီးပွားရေးဇုန်၊ အခုရောက်ရှိနေတဲ့ သံတွဲမြို့ရဲ့ခရီးသွားလုပ်ငန်း တိုးတက်ဖို့အတွက် အရေးပါမှုစတဲ့ အခွင့်အလမ်းတွေ ရှိပါတယ်၊ အခုလို မြေပြင်အထိ ကွင်းဆင်းပြီး ပြည်သူတွေနဲ့ ထိတွေ့ပြောဆိုခွင့်ရတဲ့အတွက် ဒေသခံပြည်သူတွေရဲ့ လိုအပ်ချက်နဲ့ ဒေသခံများရဲ့ အလုပ်အကိုင် အခွင့်အလမ်းများစွာကို ကျွန်တော်တို့ သိရှိခွင့်ရခဲ့ပါတယ်၊**

အချုပ်အားဖြင့် **ဒီခရီးစဉ်ဟာ အကျိုးကျေးဇူးတွေများပါတယ်၊ အကြံပေးအဖွဲ့ဝင်တွေအနေနဲ့ တိုးတက်မှုတွေနဲ့အတူ အကြမ်းဖက်မှုများရဲ့အထောက်အထားတွေလည်း တွေ့မြင်ခဲ့ရပါတယ်၊ ပြန်လည်လက်ခံမယ့်သူတွေအတွက် လုံခြုံရေးနဲ့ အစစအရာရာ ကူညီပံ့ပိုးပေးရေးအတွက် မြန်မာအစိုးရရဲ့ အားထုတ်ကြိုးပမ်းမှုတွေကို တွေ့မြင်ကြားသိခဲ့ရပါတယ်။**

### ပြန်လည်လက်ခံဖို့ အချိန်ယူဆောင်ရွက်

ကြိုတင်ပြင်ဆင်မှု အဆင့်ဆင့် ဆောင်ရွက်နေမှုတွေကိုလည်း တွေ့မြင်ခဲ့ရပါတယ်၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူတွေ ပြန်လည်လက်ခံဖို့အတွက် ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေဟာ အချိန်ယူဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်၊ နိုင်ငံတကာ အသိုက်အဝန်းများအနေနဲ့ ဒေသတွင်း အခြေအနေ ကန့်သတ်ချက်များကို နားလည်သိရှိပြီး မြန်မာအစိုးရနဲ့ ဒေသခံလူမှုအသိုက်အဝန်းတို့နဲ့ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှု၊ ဆွေးနွေးညှိနှိုင်းမှုတွေဖြင့် ကူညီပေးနိုင်ကြပါတယ်။

အလားတူပဲ **အားလုံးပါဝင်မှုမရှိရင် နိုင်ငံတကာ အသိုက်အဝန်းအနေနဲ့ စွမ်းဆောင် နိုင်မှာ မဟုတ်ပါဘူး၊ ဒါကတော့ ကျွန်တော့်ရဲ့ ဒီခရီးစဉ်ပေါ် အမြင်သဘောထားပဲ ဖြစ်ပါတယ်၊ ကျွန်တော်တို့ရဲ့အကြံပေးအဖွဲ့အနေနဲ့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပြီးမှသာ ကျွန်တော်တို့ရဲ့တူညီတဲ့ သဘောထားတစ်ရပ်ကို ထုတ်ပြန်မှာဖြစ်ပါတယ်။**

ကျွန်တော်တို့ အကြံပေးအဖွဲ့ရဲ့ လုပ်ပိုင်ခွင့်အာဏာအတိုင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဦးဆောင်တဲ့ အကောင်အထည်ဖော် ဆောင်ရွက်ရေး ကော်မတီကို အကြံဉာဏ်တွေပေးသွားမှာ ဖြစ်ပါတယ်၊ နှစ်လ၊ သုံးလအကြာမှာ အကြံဉာဏ်များ ပေးအပ်နိုင်မယ်လို့ မျှော်လင့်ပါတယ်၊

**မေး၊ ရခိုင်ပြည်နယ် အရေးကိစ္စမှာ တရုတ်နိုင်ငံရဲ့ ကူညီပံ့ပိုးမှုနဲ့ ပြန်လည်လက်ခံမယ့်သူတွေအတွက် အဓိက လိုအပ်ချက်ကို သိလိုပါတယ်။**

ဖြေ၊ အိမ်ရာဆောက်လုပ်ရေးအပြင် လူဝင်မှုကြီးကြပ်ရေးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ လုံခြုံရေးတို့နဲ့ဆိုင်တဲ့ ရုံးအဆောက်အအုံတွေ တည်ဆောက်ဖို့အတွက် တရုတ်နိုင်ငံကနေ ဆောက်လုပ်ရေးပစ္စည်းတွေ ပံ့ပိုးကူညီပေးနေမှုကို တွေ့မြင်ခဲ့ရပါတယ်၊ ဒီအတွက် ချီးကျူးမိပါတယ်၊ ဒါ့အပြင် နေရပ်ပြန်လည်ပို့ဆောင်ဖို့နဲ့ ပြန်လည်ရောက်ရှိလာသူတွေအတွက် အိမ်ရာဆောက်လုပ်ရေးပစ္စည်းများ ပံ့ပိုးပေးရာမှာ တရုတ်နိုင်ငံရဲ့ အခန်းကဏ္ဍဟာ အင်မတန်အရေးကြီးပါတယ်။

တရုတ်နိုင်ငံအနေနဲ့ UEHRD နဲ့ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်နေတာကို တွေ့ရပါတယ်၊ မြန်မာနိုင်ငံမှာလည်း အစိုးရ၊ ပုဂ္ဂလိကနဲ့ တရုတ်နိုင်ငံတို့ အတူတကွ ပူးပေါင်းဆောင်ရွက်နေကြတာ ကောင်းမွန်တဲ့ လက္ခဏာဖြစ်ပါတယ်၊ တရုတ်နိုင်ငံအနေနဲ့ ဒေသခံပြည်သူတွေအတွက် အကျိုးပြုမယ့် ဝင်ငွေတိုး အလုပ်အကိုင် အခွင့်အလမ်းတွေ ဖန်တီးပေးဖို့၊ ကျွမ်းကျင်သင်တန်းတွေ ပို့ချပေးဖို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းပြောကြားလိုပါတယ်။

ကျွန်တော့်အမြင်ကတော့ အဓိကအလိုအပ်ဆုံးကတော့ လုံခြုံရေးပံ့ပိုးပေးဖို့ လိုအပ်ပါတယ်၊ သွားရောက်ခဲ့တဲ့ ရွာတွေအနက် အနည်းဆုံးလေး၊ ငါးရွာမှာ လုံခြုံရေးချပေးထားတာ တွေ့ရပါတယ်၊ ဒါ့အပြင် ပြန်လည်ရောက်ရှိလာမယ့်သူတွေ ၎င်းတို့ရဲ့ရွာကို ပြန်လည်နေရာချထားနိုင်မှု မရှိနိုင်သေးတဲ့ အချိန်မှာ ယာယီစခန်းမှာ သင့်တင့်တဲ့ နေရာထိုင်ခင်း၊ လုံလောက်တဲ့ အစားအသောက်နဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေကို ပံ့ပိုးပေးဖို့ လိုအပ်ပါတယ်၊

ကျွန်တော်ပြောဖို့ မေ့သွားတယ်၊ မနေ့က ကျွန်တော်တို့ ယာယီလက်ခံရေးစခန်းတွေကို သွားရောက်ခဲ့ပါတယ်၊ မီးဖိုချောင်၊ အစားအသောက်၊

*စာမျက်နှာ ၉ သို့*

- **ကျွန်တော်တို့က မြန်မာအစိုးရရဲ့ အာဘော်မဟုတ်သလို နိုင်ငံတကာအသိုက်အဝန်းရဲ့ အာဘော်လည်း မဟုတ်ပါဘူး၊ လွတ်လပ်ပြီး ဘက်လိုက်မှု ကင်းပါတယ်၊ သိက္ခာသမာဓိရှိတဲ့ နိုင်ငံတကာနဲ့ မြန်မာနိုင်ငံမှ အကြံပေးပညာရှင်ကြီးတွေ ပါဝင်တဲ့အဖွဲ့ဖြစ်**
- **မြန်မာအစိုးရကို ဖုံးဖိပေးနေတယ်ဆိုတဲ့ ပြောကြားမှုဟာ မမှန်ကန်ပါဘူး၊ ကျွန်တော်တို့အဖွဲ့အနေနဲ့ အကြံဉာဏ်တွေ မပေးရသေးပါ**

*စာမျက်နှာ ၈ မှ*

လျှပ်စစ်မီး၊ ကျန်းမာရေးစောင့်ရှောက်ရေး အစရှိတဲ့ ပြင်ဆင်ထားရှိမှု၊ အစိုးရက ပံ့ပိုးပေးထားတဲ့ ဆန်နဲ့ အစားအသောက်တွေ သိုလှောင်ထားရှိမှု၊ သယ်ယူပို့ဆောင်ရေး စတာတွေကို ကြည့်ရှုစစ်ဆေးခဲ့ပါတယ်၊ ဒီလိုမျိုး မီဒီယာတွေ လာရောက်နိုင်အောင် မြန်မာအစိုးရအနေနဲ့ ဆက်လက်ကူညီပံ့ပိုးဖို့ မေတ္တာရပ်ခံလိုပါတယ်။

**မိမိသဘောဆန္ဒအတိုင်း ပြန်လာဖို့လို**

လုံခြုံရေးနဲ့ သင့်တင့်တဲ့ နေရာထိုင်ခင်းကတော့ နယ်စပ်ဖြတ်ပြီး ပြန်ရောက်တဲ့အခါ အဓိကလိုအပ်မှာ ဖြစ်ပါတယ်၊ မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုလည်း လိုအပ်ပါတယ်၊ ပြန်လာမယ့်သူတွေဟာ မည်သူတစ်ဦးတစ်ယောက်ရဲ့ ဖိအားပေးမှုကြောင့် မဟုတ်ဘဲ မိမိသဘောဆန္ဒအတိုင်း ပြန်လာဖို့ လိုပါတယ်၊ ပြန်လာချင်သူတွေ ပြန်လာဖို့ နှစ်နိုင်ငံပူးပေါင်းပြီးလုပ်ဆောင်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

မနေ့က ခရီးစဉ်မှာ မြန်မာသတင်းသမားတွေနဲ့အတူ တရုတ်၊ ဂျပန်နှင့် ရုရှား အစရှိတဲ့ နိုင်ငံတကာသတင်းအဖွဲ့တွေ လိုက်ပါလာခဲ့ပါတယ်၊ မိမိအနေနဲ့ နိုင်ငံတော်သတင်းရယူခွင့်ပေးဖို့ ဆက်လက်ပြီး တိုက်တွန်းလိုပါတယ်၊ အဖွဲ့ဝင် ၂၀ ကျော်ပါဝင်ပြီး မြေပြင်အခြေအနေကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ကြပါတယ်၊ ဒါဟာ ကောင်းမွန်တဲ့ ခြေလှမ်းတစ်ရပ် ဖြစ်ပါတယ်။

မေးခွန်းတွေ မေးစရာမရှိရင်တော့ အားလုံးသိပြီးသားဖြစ်မှာပါ၊ အကြံပေး အဖွဲ့ဝင်တစ်ဦးဖြစ်သူ Governor Bill Richardson ဟာ ကျွန်တော်တို့ရဲ့ အကြံပေးအဖွဲ့မှာ မပါဝင်တော့ပါဘူး၊ ကျွန်တော်တို့ရဲ့ ခရီးစဉ်ဟာ ရိုးသားပွင့်လင်းမှု ရှိပါတယ်၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးကော်မတီရဲ့ ပြင်ဆင်လုပ်ကိုင်နေမှုတွေကို အကြံပေးအဖွဲ့အနေနဲ့ အထောက်အကူပြုမယ့် အကြံဉာဏ်တွေကိုသာ ထုတ်ပြန်ပေးသွားမှာ ဖြစ်ပါတယ်။

ဒါကြောင့်လည်း အစိုးရနဲ့ တာဝန်ရှိသူတွေရဲ့ အသံတွေ၊ ဒေသခံ ရွာသူရွာသားတွေ၊ ပါဝင်ပတ်သက်နေသူတွေအားလုံး တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်မှု၊ ရခိုင်ပြည်နယ် ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန္ဒသဘောထားတွေကို နားထောင်ပေးဖို့ ဖြစ်ပါတယ်၊ ရိုက်တာသတင်းဌာနမှ သတင်းထောက်များ လွှတ်ပေးရေးကိစ္စကို အကြံပေးအဖွဲ့နဲ့ ဆွေးနွေးတိုင်ပင်ခြင်းမပြုဘဲ Governor Bill Richardson က သူ့ရဲ့ ကြိုတင်တွေးဆချက် သဘောထားအတိုင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ဆွေးနွေးခဲ့ပါတယ်။




**H.E. Prof. Surakiart Sathirathai ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ၏ အကြံပေးအဖွဲ့ ကျောက်ဖြူမြို့နယ် POSCO DAEWOO ၏ ရွှေသဘာဝစီမံကိန်း၌ ကြည့်ရှုလေ့လာစဉ်။**

ဒါဟာ အကြံပေးအဖွဲ့ကို အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်အာဏာကို ကျော်လွန်သွားခြင်း ဖြစ်ပါတယ်၊ အကြံပေးအဖွဲ့ အစည်းအဝေး သုံးကြိမ် ကျင်းပခဲ့ပြီး အဲ့ဒီကာလတွေမှာလည်း တင်ပြဆွေးနွေးခြင်း မပြုခဲ့ပါ၊ကျွန်တော့် အမြင်ပြောရရင် အစောပိုင်းကာလ ဖမ်းဆီးခံရစဉ် အတောအတွင်း ကျွန်တော်တို့အနေနဲ့ အကယ်၍ မီဒီယာသမားတွေရဲ့ သတင်းရယူခွင့်အတွက် အရေးကြီးတယ်လို့ ယူဆရင် တစ်စုံတစ်ရာဆောင်ရွက်ပေးနိုင်ပါတယ်။

**ဥပဒေအတိုင်းဆောင်ရွက်သွားဖို့ အလေးထား**

သို့သော်လည်း အမှုဖွင့် တရားစွဲဆိုတဲ့ အဆင့်ကို ရောက်ရှိနေပါပြီ၊ **လူတိုင်းတရားဥပဒေစိုးမိုးရေးကို လေးစားရပါမယ်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း မည်သူ့ကိုမဆို ဥပဒေအတိုင်း ဆောင်ရွက်သွားဖို့ အလေးထားပါတယ်၊ မိမိတို့ အကြံပေးအဖွဲ့အနေနဲ့ မည်သည့်အစိုးရကိုမျှ ဖိအားပေးခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်း ပြုလုပ်သွားမှာ မဟုတ်ပါဘူး၊** ပြစ်မှုဆိုင်ရာ တရား ဥပဒေကျင့်ထုံးနဲ့ ပတ်သက်လို့ ကျွန်တော်တို့ တတ်နိုင်တဲ့ဘက်ကနေ ဆောင်ရွက်ခဲ့ပါတယ်၊ ကျွန်တော့်သဘောဆန္ဒအတိုင်း လုပ်ဆောင်ခဲ့ပါတယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနဲ့ ဆွေးနွေးခဲ့ပါတယ်။

ရိုက်တာသတင်းထောက်တွေ ကိစ္စနဲ့ ပတ်သက်ပြီး ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက အာမခံပြောကြားခဲ့ပါတယ်၊ လျော်ကန်တဲ့ ပြစ်မှုဆိုင်ရာ တရားကျင့်ထုံးအတိုင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်၊ သို့သော် မည်သူတစ်ဦးတစ်ယောက်ကိုမှ လွှတ်ပေးဖို့အတွက် အစိုးရအပေါ် ဖိအားပေးတဲ့သဘော တရားရုံးကျင့်ထုံးကို စွက်ဖက်လိုတဲ့သဘောထား မရှိပါ၊ ကျွန်တော်တို့အနေနဲ့ မည်သည့်နိုင်ငံမဆို အထူးသဖြင့် အိမ်ရှင်နိုင်ငံရဲ့ တရားရုံးကျင့်ထုံး၊ ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်မှုတို့ကို အလေးထားပါတယ်။

ဒါ့ကြောင့် Governor Bill Richardson က **နိုင်ငံတကာမီဒီယာတွေကို ပြောကြားခဲ့သလို အကြံပေးအဖွဲ့ဟာ မြန်မာအစိုးရကို ဖုံးဖိပေးနေတယ်၊ ကာကွယ်ပေးနေတယ်ဆိုတာ မမှန်ကန်ပါကြောင်းကို တက်ရောက်လာကြတဲ့ သတင်းသမားတွေကို အသိပေးပြောကြားလိုပါတယ်။**

လွတ်လပ်ပြီး ဘက်လိုက်မှုကင်း

**ကျွန်တော်တို့အနေနဲ့ မြန်မာအစိုးရကို ဦးဆောင်လိုတဲ့ ဆန္ဒမရှိသလို နိုင်ငံတကာ အသိုက်အဝန်းကိုလည်း ဦးစီးဦးဆောင်ဖို့ သဘောထားမရှိပါ၊ အလားတူ ကျွန်တော်တို့က မြန်မာအစိုးရရဲ့ အာဘော်မဟုတ်သလို နိုင်ငံတကာ အသိုက်အဝန်းရဲ့ အာဘော်လည်း မဟုတ်ပါဘူး၊ လွတ်လပ်ပြီး ဘက်လိုက်မှု ကင်းပါတယ်၊ သိက္ခာသမာဓိရှိတဲ့ နိုင်ငံတကာနဲ့ မြန်မာနိုင်ငံမှ အကြံပေးပညာရှင်ကြီးတွေ ပါဝင်တဲ့အဖွဲ့ ဖြစ်ပါတယ်၊ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍတွေမှာ နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့ကြတဲ့အတွက် လူမှုရေးစွမ်းဆောင်နိုင်မှု၊ ယုံကြည်ကိုးစားထိုက်မှု ရှိကြသူများ ဖြစ်ပါတယ်။**

ဒါ့ကြောင့် **မြန်မာအစိုးရကို ဖုံးဖိပေးနေတယ်ဆိုတဲ့ ပြောကြားမှုဟာ မမှန်ကန်ပါဘူး၊ ကျွန်တော်တို့အဖွဲ့အနေနဲ့ အကြံဉာဏ်တွေ မပေးရသေးပါဘူး၊** အစည်းအဝေး သုံးကြိမ် ကျင်းပခဲ့ပါတယ်၊ အကြောင်းအရာများစွာ ဆွေးနွေးခဲ့ပါတယ်၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေး ကော်မတီနဲ့ လည်းကောင်း၊ ဒုတိယ သမ္မတ ဦးမြင့်ဆွေနဲ့ လည်းကောင်း၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများ၊ ရွာသူရွာသားများ၊ သက်ဆိုင်ရာအားလုံးနဲ့ လည်းကောင်း တွေ့ဆုံခဲ့ပြီး နားထောင်ပေးခဲ့ပါတယ်။

ဒီနေ့လည်း ၂၅-၁-၂၀၁၈ ရက်နေ့မှာ ကျွန်တော်တို့အဖွဲ့ဝင်များ အစည်းအဝေး ကျင်းပပါမယ်၊ နှစ်လ၊ သုံးလအတွင်း ပဏာမအကြံပြုချက်များ ထုတ်ပြန်ပေးမှာ ဖြစ်ပါတယ်၊ တစ်ချိန်တည်းမှာပဲ အကောင်အထည်ဖော်ဆောင်ရေးကော်မတီကို အကြံဉာဏ်များပေးသွားမှာ ဖြစ်ပါတယ်၊ ဒါ့ကြောင့် ကျွန်တော်တို့အနေနဲ့ တစ်ဦးတစ်ယောက်ကိုမှ ထောက်ပြဝေဖန်ခြင်း မရှိသလို ဖုံးဖိပေးခြင်းလည်း မရှိပါ။

**ဒီခရီးစဉ်မှာ ဆောင်ရွက်ပြီးစီးမှုတွေကို မေးမြန်းခြင်း၊ နားထောင်ခြင်း၊ သဘောထားအမြင်တွေ ဖလှယ်ခြင်းကို ဆောင်ရွက်ခဲ့ပါတယ်၊ ဒီခရီးစဉ်ဟာ ပထမဆုံးအကြိမ်ဖြစ်ပြီး ဇန်နဝါရီလ ၂၂ ရက်နေ့မှာ ရောက်ရှိခဲ့ပြီး ဒီကနေ့ တတိယမြောက်နေ့ ဖြစ်ပါတယ်၊ ကျွန်တော်တို့အများကြီး လေ့လာသိရှိခဲ့ရပါတယ်၊ ကျွန်တော်တို့ရဲ့ ကျွမ်းကျင်မှု အတွေ့အကြုံတွေကို အခြေခံပြီး အကောင်အထည်ဖော်ဆောင်ရေး ကော်မတီအတွက် အထောက်အကူပြုမည့် အကြံဉာဏ်တွေကို ဆက်လက်ပေးသွားမှာ ဖြစ်ပါတယ်။**

**အားလုံးပါဝင်ဖို့လိုအပ်**

ရခိုင်ပြည်နယ်အစိုးရက ပြန်လည်လက်ခံမယ့်သူတွေအပေါ် ကျွန်တော့်အမြင် ပြောရရင်တော့ ရခိုင်ပြည်နယ်အစိုးရရဲ့ ပါဝင်မှု ပိုမိုလိုအပ်ပါတယ်၊ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်အတွက် အားလုံးပါဝင်ဖို့လိုအပ်ပါတယ်၊ ရခိုင်ပြည်နယ်အစိုးရသာမက လွှတ်တော်တွေ ပါဝင်ပူးပေါင်း ညှိနှိုင်းဆောင်ရွက်သင့်ပါတယ်၊ ဆွေးနွေးညှိနှိုင်းမှုဟာ အဆင့်တိုင်း ပါဝင်ရပါမယ်၊ ပြည်သူလူထု၊ လွှတ်တော်၊ အစိုးရတို့အပြင် ပြည်ထောင်စုအစိုးရနဲ့ လွှတ်တော်တွေ ပါဝင်သင့်ပါတယ်။

ကိုဖီအာနန်ကော်မရှင်ရဲ့ ၈၈ ချက်သော အကြံပေးချက်တွေကို အကောင်အထည်ဖော်ဖို့ တစ်လမ်းသွားပုံစံ၊ အောက်ခြေမှ အပေါ်၊ အပေါ်မှ အောက် ခြေပုံစံတွေဖြင့် ဆောင်ရွက်ဖို့ မလွယ်ကူပါဘူး၊ လူထု၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ ပြည်နယ် အစိုးရ၊ ပြည်ထောင်စုအစိုးရ အသီးသီးတို့အကြား အမြဲတမ်းညှိနှိုင်းတိုင်ပင်ကာ အဆင့်ဆင့် ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်၊ နိုင်ငံတကာ အသိုက်အဝန်းကလည်း ပါဝင်နိုင်ပါတယ်၊ သို့မှသာ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ညီညွတ်ရေးတို့ ရေရှည်တည်တံ့မှာ ဖြစ်ပါတယ်၊ ကျေးဇူးတင်ပါတယ်။ ။

**သတင်းအဖွဲ့**

# ကွမ်းခြံကုန်းနှင့် လက်ခုပ်ကုန်း အခြေခံပညာအထက်တန်းကျောင်းတို့တွင် ဆူနာမီဆိုင်ရာ သရုပ်ပြလေ့ကျင့်

**ရန်ကုန် ဇန်နဝါရီ ၂၈**

အာရှနှင့် ပစိဖိတ်ဒေသအတွင်း ဆူနာမီများဆိုင်ရာ ကျောင်းတွင်းကြိုတင်ပြင်ဆင်မှု အားကောင်းစေခြင်း မြန်မာဆူနာမီဆိုင်ရာ သရုပ်ပြလေ့ကျင့်ကယ်ဆယ်ရေး အစီအစဉ်ကို ယနေ့နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း **(အောက်ပုံ)**နှင့် မွန်းလွဲပိုင်းတွင် လက်ခုပ်ကုန်း အခြေခံပညာအထက်တန်းကျောင်းတို့၌ ပြုလုပ်သည်။

"အင်အားပြင်း ငလျင်လှုပ်ခတ်မယ်ဆိုရင် ဆူနာမီလှိုင်းရောက်လာရင် ဘယ်လိုကာကွယ်ရမယ်ဆိုတာ ကျောင်းသားကျောင်းသူတွေ စုပေါင်းသရုပ်ပြလေ့ကျင့်တာပါ၊ မြန်မာ့ကမ်းရိုးတန်းဒေသတစ်လျှောက်မှာ ဆူနာမီနဲ့ ပတ်သက်ပြီး ကြိုတင်ပြင်ဆင်မှုတွေ၊ သရုပ်ပြလေ့ကျင့်မှုတွေ လုပ်ထားရင် ကောင်းတယ်"ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မြေငလျင်ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအေးမျိုးမင်းထွေးက ပြောသည်။




အဆိုပါ ဆူနာမီ လေ့ကျင့်ကယ်ဆယ်ရေးအစီအစဉ်ကို ဂျပန်နိုင်ငံအစိုးရက ပံ့ပိုးပေးပြီး ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) မှ အာရှနှင့် ပစိဖိတ်ဒေသအတွင်းရှိ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ ဖီဂျီ၊ အင်ဒိုနီးရှား၊ မလေးရှား၊ မော်လဒိုက်၊ မြန်မာ၊ ပါကစ္စတန်၊ ပါပူဝါနယူးဂီနီ၊ ဖိလစ်ပိုင်၊ ဆာမိုအာ၊ ဆော်လမွန်ကျွန်းစု၊ သီရိလင်္ကာ၊ ထိုင်း၊ အရှေ့တီမော၊ တွန်ဂါ၊ ဗာနူအတူနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ ကျောင်းများတွင် ဆူနာမီဆိုင်ရာ ကြိုတင်လေ့ကျင့်မှု အားကောင်းစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေသော စီမံကိန်းဖြစ်သည်။

JICA မှ Project Fomulation Advisor Hayato NAKAMURA က "UNDP အနေနဲ့ ဒီနေရာကို ရွေးချယ်ထားတယ်၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီးတွေမှာရှိတဲ့ ကျောင်းငါးကျောင်းမှာ ဆူနာမီဆိုင်ရာ လေ့ကျင့်ကယ်ဆယ်ရေးအစီအစဉ်တွေ ပြုလုပ်သွားမယ်၊ လေ့ကျင့်မှုတွေ ပြီးသွားလို့ ဂိုက်လိုင်းထွက်လာပြီဆိုရင် ပညာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး ကျန်တဲ့ကျောင်းတွေကိုလည်း ဆူနာမီဆိုင်ရာ လေ့ကျင့်မှုတွေ ပြုလုပ်သွားမယ်" ဟု ပြောသည်။

မြန်မာနိုင်ငံတွင် ကမ်းရိုးတန်းဒေသကြီး ငါးခုဖြစ်သည့် ရခိုင်၊ ဧရာဝတီ၊ ရန်ကုန်၊ တနင်္သာရီ၊ မွန်ဒေသတို့တွင် ဆူနာမီဘေးသက်ရောက်နိုင်ကြောင်း သိရသည်။

"အတိတ်ကာလက ဆူနာမီနဲ့ပတ်သက်ပြီး သက်ရောက်ခဲ့ဖူးတယ်၊ ပထမဆုံးအကြိမ်က လူသိပ်မသိခဲ့ဘူး၊ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က မြန်မာ့ကမ်းရိုးတန်းမှာ ဆူနာမီလှိုင်း သက်ရောက်ခဲ့ပြီး လူ ၆၁ ဦး သေဆုံးခဲ့ဖူးတယ်၊ ရန်ကုန်တိုင်းဒေသကြီး ပင်လယ်ကမ်းရိုးတန်းနဲ့ နီးတဲ့ဒေသတွေမှာလည်း ဒီရေသုံးပေလောက်အထိ မြင့်တက်ခဲ့တယ်" ဟု ဒေါက်တာအေးမျိုးမင်းထွေးက ပြောသည်။

ဆူနာမီတွင် ကမ်းနီးဆူနာမီနှင့် ကမ်းဝေးဆူနာမီ နှစ်မျိုးရှိကြောင်း၊ ကမ်းနီးဆူနာမီ သက်ရောက်ပါက တုံ့ပြန်ပြင်ဆင်ချိန် မိနစ်ပိုင်းလောက်သာ အချိန်ရပြီး ကမ်းဝေး ဆူနာမီသက်ရောက်ပါက တုံ့ပြန်ပြင်ဆင်ချိန် နာရီဝက်ခန့် အချိန်ရကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

ဆူနာမီလှိုင်းများသည် ပင်လယ်ရေအောက်တွင် လှုပ်ခတ်သည့် ငလျင်ကြီးများကြောင့် ဖြစ်ပေါ်လာပြီး မဂ္ဂနီကျူ ၇အထက် လှုပ်ခတ်ခဲ့ပါက ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်ကြောင်း JICA မှ Project Fomulation Advisor Hayato NAKAMURA က ပြောပြသည်။

ယနေ့ ကွမ်းခြံကုန်းနှင့် လက်ခုပ်ကုန်း အခြေခံပညာကျောင်းများ၌ ပြုလုပ်သည့် ဆူနာမီဆိုင်ရာ သရုပ်ပြလေ့ကျင့် ကယ်ဆယ်ရေး အစီအစဉ်တွင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၃၀၀ ကျော်ခန့် ပါဝင်သရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။

**သတင်း-မင်းသစ်**(MNA)
**ဓာတ်ပုံ-ဇော်မင်းလတ်**

# အာဆီယံ လူသားချင်းစာနာကူညီမှုဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ ရခိုင်ပြည်နယ်ရှိ ပြန်လည်လက်ခံရေးစခန်းများသို့ သွားရောက်လေ့လာ



AHA Centre ၏ အာဆီယံ အရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်အကဲဖြတ်ရေးအဖွဲ့မှ အဖွဲ့ဝင်များ ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာပြည်သူများအတွက် စီစဉ်ပေးထားမှုကို ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းပြစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၈**

သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့် လူသားချင်းစာနာကူညီမှုဆိုင်ရာ အာဆီယံညှိနှိုင်းရေးမှူးရုံး (AHA Centre) က ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာပြည်သူများအတွက် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများက လှူဒါန်းသည့် အမေရိကန်ဒေါ်လာ လေးသိန်းခွဲခန့် တန်ဖိုးရှိသော လူသုံးကုန်ပစ္စည်းများနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အကူအညီများကို လည်းကောင်း၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် စင်ကာပူနိုင်ငံက လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ခုနစ်သောင်းခွဲခန့် တန်ဖိုးရှိသည့် မီးဖိုချောင်သုံးပစ္စည်းများကို လည်းကောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ကယ်ဆယ်ရေးပစ္စည်းများကို ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေ၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များရှိ နေရပ်စွန့်ခွာပြည်သူများအား ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဖြန့်ခွဲဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် AHA Centre ၏ အာဆီယံ အရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (Emergency Response and Assessment Team- ERAT)မှ အဖွဲ့ဝင်သုံးဦးတို့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လူသားချင်းစာနာကူညီမှုလုပ်ငန်းများတွင် နည်းပညာဆိုင်ရာ ပံ့ပိုးမှုများ ဆောင်ရွက်နိုင်ရန်၊ AHA Centre က ထောက်ပံ့ပေးထားသည့် လူသားချင်းစာနာမှု အကူအညီများ ဖြန့်ခွဲထားမှုကို သိရှိလေ့လာနိုင်ရန်နှင့် ထပ်မံလိုအပ်နိုင်သည့် အကူအညီများအတွက် ညှိနှိုင်းပေါင်းစပ်မှုများဆောင်ရွက်ပေးနိုင်ရန်အတွက် ဇန်နဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ရခိုင်ပြည်နယ် ငါးခူရ ပြန်လည်လက်ခံရေးစခန်းနှင့် လှဖိုးခေါင်ကြားစခန်းသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။

ယင်းကဲ့သို့ အာဆီယံ အရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ကို စေလွှတ်ဆောင်ရွက်ခြင်းသည် အာဆီယံ၏စည်းလုံးညီညွတ်မှုကို ထင်ဟပ်ပြသခြင်းဖြစ်ပြီး "တစ်ခုတည်းသော အာဆီယံ၊ တစ်ခုတည်းသော တုံ့ပြန်မှု"ကို ပိုမိုအသက်ဝင်စေသည့်အပြင် မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ဆောင်ရွက်နေသည့် လုပ်ငန်းများကို ဒေသတွင်းနိုင်ငံများက ပိုမိုလေ့လာ သိရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မောင်တောမြို့နယ် တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးအတွက် ဘာသာရပ်ဆွေးနွေးပို့ချမှု အခမ်းအနားကျင်းပ

မောင်တော ဇန်နဝါရီ ၂၈

**၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် စစ်တွေတက္ကသိုလ် ဆရာ ဆရာမကြီးများ၏ ဘာသာရပ်ဆွေးနွေးပို့ချမှု ဖွင့်ပွဲအခမ်းအနားကို မောင်တောမြို့ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။** (ယာပုံ)




**အောင်ချက်မြင့်မားလာစေရန်**

တက္ကသိုလ်ဝင်တန်း အောင်ချက် အနိမ့်ဆုံးဖြစ်နေသည့် ရခိုင်ပြည်နယ်အတွက် အောင်ချက်မြင့်မားလာစေရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က စစ်တွေတက္ကသိုလ်ရှိ ပါမောက္ခ ဆရာ ဆရာမကြီးများကို ဖိတ်ကြား၍ ကျောင်းသားကျောင်းသူများအား ဘာသာရပ်ပို့ချမှုများ လုပ်ပေးရန် လမ်းညွှန်ခဲ့သည့်အတွက် အခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ပြောသည်။

"မောင်တောဒေသကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ရောက်လာပြီး ပညာရေးအခြေအနေ မေးတဲ့အခါမှာ ရခိုင်ပြည်နယ်ရဲ့ ပညာရေး အခြေအနေက နိမ့်ကျနေတယ်၊ အထူးသဖြင့် တက္ကသိုလ်ဝင်တန်းအောင်ချက်က အနိမ့်ဆုံးဖြစ်နေတယ်၊ အရင်နှစ်ကဆို တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးမှာ ၁၇ ဒသမ ၁၄ ရာခိုင်နှုန်းနဲ့ အနိမ့်ဆုံးရောက်ခဲ့တယ်၊ ဒါကြောင့် လမ်းညွှန်ချက်ကို အကောင်အထည်ဖော်ဖို့ ကျင်းပရတာဖြစ်ပါတယ် "ဟု ၎င်းက ပြောသည်။

မောင်တောဒေသ ပညာရေးမြင့်မားရေးအတွက် တက္ကသိုလ်ဝင်တန်းအောင်ချက်တင်မက ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲစေရန် အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ခြင်းများ၊ လုပ်ငန်းစဉ်များ ချမှတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း ၎င်းကပြောသည်။

"အောင်ချက်မြင့်မားရေးအတွက် နယ်တွေဆင်းပြီး ဆရာ ဆရာမတွေနဲ့ ကျောင်းသားတွေ၊ မိဘတွေနဲ့ တွေ့ဆုံပြီး အားသာချက်၊ အားနည်းချက်တွေကို မေးမြန်းကာ ဆောင်ရွက်ပေးရမယ့် အစိတ်အပိုင်းတွေကို ဆွေးနွေးဆောင်ရွက်ခဲ့ပါတယ်၊ အခုကတော့ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေချိန်လည်း နီးလာတဲ့အတွက် ပို့ချချက်တွေကို အနီးကပ်ပြုလုပ်တာ ဖြစ်ပါတယ်"ဟု ပြည်နယ်လူမှုရေးဝန်ကြီးက ဆက်လက်ပြောကြားသည်။

**ဘာသာရပ်အလိုက်ပို့ချ**

ထို့နောက် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် စစ်တွေတက္ကသိုလ်ရှိ ပါမောက္ခ၊ ကထိက၊ လက်ထောက်ကထိက ဆရာ ဆရာမ ရှစ်ဦးတို့က မောင်တောမြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်တန်း ကျောင်းသားကျောင်းသူများအား သက်ဆိုင်ရာ ဘာသာရပ်အလိုက်ပို့ချခြင်းများ ပြုလုပ်ခဲ့ကြသည်။

ထိုသို့ ဘာသာရပ်ပို့ချမှုကို မောင်တောဒေသတွင် အထူးအနေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး စစ်တွေ၊ မင်းပြား၊ မြောက်ဦးမြို့များတွင်လည်း ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်း-အောင်ရဲသွင်၊ ကိုမင်း**
**ဓာတ်ပုံ- အောင်မင်း**



# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး မြောက်ဦးမြို့၌ အသိပေးနှိုးဆော်

**မြောက်ဦး ဇန်နဝါရီ ၂၈**

ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးအန္တရာယ် စိုးရိမ်ရ၍ မိမိ၏ ပေါ့ဆမှုကြောင့် အများပြည်သူ၏ အသက်အိုးအိမ်စည်းစိမ်များ၊ ကုန်ထုတ်ရင်းနှီးမြှုပ်နှံမှုများ ဆုံးရှုံးမှုမရှိစေရေး၊ မိမိတို့၏ နေအိမ်၊ လုပ်ငန်း၊ ရုံးဌာန စသော အဆောက်အအုံများ၌ မီးဘေးလုံခြုံရေးလုပ်ငန်းများ အလေးထားဆောင်ရွက်ထားရှိစေရေး အသိပေးနှိုးဆော်ခြင်းကို ယနေ့ ညနေ ၆ နာရီခွဲတွင် မြောက်ဦးမြို့ပေါ် ရပ်ကွက်အသီးသီး၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက မော်တော်ယာဉ်ဖြင့် လှည့်လည်ကာ အသိပေးနှိုးဆော်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ခရိုင်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်မှ ရသေ့တောင်-ဘူးသီးတောင်လမ်းအား ကတ္တရာ၊ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်

**စစ်တွေ ဇန်နဝါရီ ၂၈**

ရခိုင်ပြည်နယ်မှ ရသေ့တောင်-ဘူးသီးတောင် ကားလမ်းသည် ရသေ့တောင်မြို့ မိုင်တိုင်အမှတ် ၀/၀မှ ဘူးသီးတောင်မြို့ မိုင်တိုင်အမှတ် ၃၄/၄ အထိ ၃၄ မိုင် ၄ ဖာလုံရှိပြီး ဒေသခံပြည်သူများ တောင်းဆိုမှုနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တစ်ကြောင်းထိုး မြေသားလမ်းအဖြစ် စတင် ဖောက်လုပ်ခဲ့သောလမ်း ဖြစ်သည်။

၃၀-၃-၂၀၁၇ ရက်အထိ လမ်းအမျိုးအစားမှာ ကွန်ကရစ်လမ်း ၁ ဖာလုံနှင့် ပေ ၆၄၀၊ ကတ္တရာလမ်း ၄ မိုင် ၅ ဖာလုံ ၊ ကျောက်ချောလမ်း ၁ မိုင် ၃ ဖာလုံနှင့် ပေ ၆၀၀၊ အမာခံလမ်း ၄ ဖာလုံနှင့် ပေ ၃၀၀၊ မြေသားလမ်း ၂၇ မိုင် ၄ ဖာလုံနှင့် ပေ ၄၄၀ ရှိပြီး ကားလမ်းတစ်လျှောက် ပေ ၁၈၀ အောက် ကွန်ကရစ်တံတား ၁၉ စင်း၊ ဘေလီတံတားလေးစင်း၊ သစ်သားတံတား သုံးစင်းနှင့် ပေ ၁၈၀ နှင့်အထက် ပေ ၉၆၀ ရှိ ပန်ဇင်းချောင်း ကွန်ကရစ်တံတားတစ်စင်း၊ ပေ ၁၈၀ ရှိ အောင်သာချောင်း ဘေလီတံတား တစ်စင်းအပါအဝင် စုစုပေါင်းတံတား ၂၈ စင်းရှိသည်။

**တိုက်ရိုက်သွားရောက်နိုင်တော့မည်**

အဆိုပါလမ်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ် လမ်းဦးစီးဌာနက အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ၁၂ ပေ အကျယ်ခွဲ၍ ကွန်ကရစ်ခင်းခြင်းကို ၄ ဖာလုံ၊ ၁၄ ပေခွဲ၍ မြေသားတာပေါင်တင်ခြင်းကို ၁၀ မိုင် ၃ ဖာလုံ၊ အမာခံလမ်းခင်းခြင်းကို ၅ ဖာလုံ ဆောင်ရွက်နိုင်ခဲ့ပြီး တံတားလုပ်ငန်းတွင် ပေ ၁၈၀ အောက်တံတား ၁၇ စင်း၊ ပေ ၁၈၀ နှင့်အထက် ပေ ၆၀၀ ရှိ စိုင်းဒင်ချောင်းတံတား တစ်စင်း၊ ပေ ၂၈၀ ရှိ ရွာဟောင်းတံတား တစ်စင်း၊ ပေ ၂၁၀ ရှိ ငစံပေါ်တံတား တစ်စင်း၊ ပေ ၅၀၀ ရှိ သောင်းဒရားချောင်းတံတား တစ်စင်းတို့ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အကုန်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်၍ ရသေ့တောင်မှ ဘူးသီးတောင်သို့ ဒေသခံပြည်သူများ တိုက်ရိုက် သွားရောက်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**



# မြို့နယ်အဆင့် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးပွဲတော် မြောက်ဥက္ကလာပမြို့နယ်၌ ပထမဆုံးအကြိမ် ကျင်းပ



ကိုစိုင်းသူ



ခိုင်နှင်းဝေ



မအေးသန္တာထွေး




ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးပွဲတော်လာသူများအား ကလေးငယ်များက တေးသရုပ်ဖော်ဖြင့် ဖျော်ဖြေပေးစဉ်။

ရန်ကုန် ဇန်နဝါရီ ၂၈

**နိုင်ငံတော်အစိုးရက ဦးဆောင်ပြုလုပ်သည့် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးပွဲတော်များသို့ ရပ်ကွက်နေ အခြေခံလူတန်းစား မိသားစုဝင် ကလေး သူငယ်များ တက်ရောက်နိုင်မှု အားနည်းနေသည်ကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ပထမဆုံးမြို့နယ်အဆင့် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးပွဲတော်ကို ယနေ့ နံနက် ၈ နာရီမှ ည ၇ နာရီအထိ ရန်ကုန်မြို့ မြောက်ဥက္ကလာပ အဝိုင်းအနီးရှိ ဥတ္တရသီရိပန်းခြံ၌ ကျင်းပခဲ့သည်။**

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ပြီး Youth Social Group မှ ကိုရဲပိုလ်က ကလေးသူငယ်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးပွဲတော် ပြုလုပ်ရသည့် ရည်ရွယ်ချက်ကို ပြောကြားသည်။

ယနေ့ကျင်းပသည့် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးပွဲတော်တွင် ကလေးများ၏ သင်ယူမှုပုံစံများ၊ ကလေးစိတ်ပညာ၊ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သိကောင်းစရာ၊ ကလေးသူငယ် ပြုစုပျိုးထောင်ခြင်းနှင့် ရသဖွံ့ဖြိုးမှုတို့က ကလေးစိတ်ပညာရှင် ဒေါ်သက်ထားဝင်း၊ သရုပ်ဆောင် အနုပညာရှင် ခိုင်နှင်းဝေနှင့် ECCD မှ ပညာရှင်များက ဟောပြောခဲ့ကြသည်။

ဖျော်ဖြေရေး အစီအစဉ်များ အနေဖြင့် ရွှေမြန်မာအဖွဲ့၏ မြန်မာ့ရုပ်သေးဖျော်ဖြေတင်ဆက်မှုများ၊ အ.မ.ကကျောင်းများမှ ကလေးသူငယ်များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ မြတ်မင်္ဂလာအဖွဲ့၏ ဗုဒ္ဓဝင်ဆိုင်ရာ တေးသရုပ်ဖော်၊ မူကြိုကျောင်းမှ ကလေးငယ်လေးများ၏ တေးသရုပ်ဖော်များ၊ မြန်မာ့သိုင်းအဖွဲ့၏ မြန်မာ့သိုင်းဟန်၊ မျက်လှည့်ပွဲများ၊ ကျပန်းစကားပြောများ၊ ဘင်ခရာပန်းဖွားအက တင်ဆက်မှုများဖြင့် ဖျော်ဖြေပေးခဲ့ကြသည်။

ကလေးသူငယ်များအတွက် သဲပန်းချီ၊ မျက်နှာခြယ်၊ ပုံပြင်ပြောခြင်းအနုပညာ၊ သင်ယူမှုပုံစံများ (ECCD)၊ကာတွန်းပြခန်း၊ ကလေးများအတွက် ဆေးရောင်ခြယ်ခြင်း၊ ရောင်စုံဂျုံနှင့်အရုပ်လုပ်ခြင်း၊ ၃၈ ဖြာ မင်္ဂလာစာအုပ်များ၊ ကာတွန်းများ ၊ ရုပ်ပြောင်ကာတွန်း ၊ ဉာဏ်စမ်းပဟေဠိများ၊ ကလေးကစားနည်းများ၊ Parents Cycle (ဆွေးနွေးခန်း) ECCD ၊ နည်းပညာမိတ်ဆက် ၊ Food Center နှင့် ကျန်းမာရေး ဗဟုသုတဆိုင်ရာပြခန်းတို့ကိုလည်း နံနက်ပိုင်းမှ စတင်၍ ဖွင့်လှစ်ပေးထားသည်။

ယနေ့ပြုလုပ်သည့် မြို့နယ်အဆင့် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးပွဲတော်ကို လူငယ်ပရဟိတအဖွဲ့ဖြစ်သည့် Youth Social Group(Ygn)သည် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပူးပေါင်း၍ ကျင်းပခြင်းဖြစ်ပြီး အဆိုပါပွဲတော်သို့ အုပ်ထိန်းသူများအပါအဝင် ကလေးသူငယ်များတစ်သောင်းကျော်အထိ လာရောက်ခဲ့ကြောင်း Youth Social Group က သိရသည်။

ယနေ့ပြုလုပ်သည့် မြို့နယ်အဆင့် ကလေးသူငယ်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးပွဲတော်တွင် တက်ရောက်လာကြသည့် ကလေး၊ အုပ်ထိန်းသူနှင့် ပွဲတော် ကျင်းပရာတွင် ပါဝင်ခဲ့ကြသူများကို မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့သည်။

**ကိုစိုင်းသူ Youth Social Group (တာဝန်ခံ)**

ကျွန်တော်တို့က တတ်နိုင်သလောက် စုထားတဲ့ ငွေကြေးနဲ့ စခဲ့တာ၊ ပိုက်ဆံသုံးသောင်းနဲ့စုပြီး စခဲ့တာပါ၊ အစိုးရကို ကူညီပံ့ပိုးတာထက် ကွက်လပ်ဖြည့်တာပါ၊ အစိုးရအနေနဲ့ ဒီလို နေရာမျိုးအထိတော့ လာလုပ်ပေးနိုင်မှာ မဟုတ်ဘူး၊ ကျွန်တော်တို့ မြောက်ဥက္ကလာပလိုမျိုး မြို့နယ်တွေ အများကြီးရှိတယ်၊ ဒီလိုပွဲမျိုးက တကယ်ကို ဖြစ်သင့်တယ်၊ ကလေးတွေ အားလုံး ပျော်ရတယ်၊ ကလေးတွေပျော်ရင် လူကြီးတွေလည်း ပျော်ရတာပေါ့၊ ပွဲဈေးတန်းဆိုတာထက် အများကြီးအဓိပ္ပာယ်ရှိတာတွေကို သူတို့တွေ ဖြတ်သန်းရတယ်၊ ဒီကိုလာတဲ့အထဲမှာ မြောက်ဥက္ကလာပ တစ်ခုတည်းတင်မဟုတ်ဘဲ မြောက်ဒဂုံ၊ ရွှေပြည်သာ၊ သဃ်န်းကျွန်းနဲ့ လသာစတဲ့ မြို့နယ်က ကလေးတွေလည်း လာကြတာ တွေ့ရပါတယ်၊ အဲ့ဒီအတွက်လည်း အများကြီး ဆက်လုပ်သွားဖို့ အားတွေရှိလာပါတယ်၊ အခုလုပ်တဲ့ ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးပွဲတော်ကို လှိုင်သာယာမှာ နောက်ထပ်လုပ်ဖို့ စီစဉ်ထားပါတယ်၊ Mobile Education ပုံစံမျိုးတွေလည်း လုပ်သွားဖို့ ရည်ရွယ်ထားပါတယ်၊ ဖေဖော်ဝါရီလလောက်မှာ စပြီးအကောင်အထည်ဖော်မှာပါ။

**ဒေါ်ခိုင်နှင်းဝေ(သရုပ်ဆောင်အနုပညာရှင်)**
**ခိုင်နှင်းဝေ ပရဟိတ**

ဒီပွဲမှာ ကလေးတွေ အများကြီးလာမှာဆိုတော့ သူတို့ စိတ်ဝင်စားမယ့်အရာတွေကို ပြခန်းလေးတွေနဲ့ လာရောက်ပြသပေးပါတယ်၊ ကလေးတွေတင်မဟုတ်ဘဲ လူကြီးတွေပါ မသိသေးတဲ့ ကလေးသူငယ်အခွင့်အရေးတွေရှိတယ်၊ ဒါလေးတွေကိုသိအောင် ရုပ်ပြကာတွန်းတွေနဲ့ ပြတယ်၊ ကစားပွဲလေးတွေ လုပ်ပေးတယ်၊ Single Mother တွေနဲ့ ကလေးတွေအတွက် အားပေးစကားတွေပြောဖြစ်ပါတယ်၊ ခိုင်နှင်းဝေ ပရဟိတအသင်းကို ၂၀၁၄ ရေဘေးဖြစ်လာတော့ အနုပညာရှင် တစ်ယောက်အနေနဲ့ ကူညီဖြစ်တာကနေ ဆက်လုပ်ဖြစ်တယ်၊ မိဘမဲ့ကလေးတွေအတွက် ဦးစားပေးဆောင်ရွက်ဖြစ်တယ်၊ အခု သူတို့အတွက် သုံးထပ်ကျောင်းဆောက်နေတယ်။ မိဘမဲ့ကလေးကျောင်းတွေကို လှူနေပါတယ်။

**ဦးကျော်ခိုင် (မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး)**
**မြောက်ဥက္ကလာပမြို့နယ်**

ကျွန်တော်တို့ ကြက်ခြေနီရည်ရွယ်ချက်က ကျန်းမာရေးမြှင့်တင်ရန်၊ ဘေးဒုက္ခရောက်သူကိုကူညီရန်၊ ဆင်းရဲဒုက္ခ နည်းပါးသက်သာစေရန်ဆိုတဲ့ ရည်ရွယ်ချက် သုံးရပ်နဲ့အညီ ဆောင်ရွက်တာကြောင့် ကလေးသူငယ်တွေနဲ့ လာရောက်သူတွေရဲ့ ကျန်းမာရေးကိစ္စတွေကို ဆောင်ရွက်ပေးနိုင်ဖို့ အင်အား ၄၀ နဲ့ လာရောက် ကူညီတာဖြစ်ပါတယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးကလည်း ကျန်းမာရေးစောင့်ရှောက်မှု ကူညီပေးဖို့ အကြောင်းကြားပါတယ်။ ကျွန်တော့်အမြင်ကတော့ ကလေးတွေ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်အောင် အသိပညာတိုးပွားအောင်၊ ပညာရည်မြင့်မားအောင် ဒီလိုပွဲတွေ များများလုပ်ပေးစေချင်ပါတယ်၊ ဒီလိုဆောင်ရွက်တဲ့ YSG က လူငယ်တွေကိုလည်း ကျေးဇူးတင်ပါတယ်။ ကြက်ခြေနီဆိုတာကတော့ အကြောင်းကြားကြား မကြားကြား ဒီလိုလူစုလူဝေးနဲ့ဆို အလံထောင်ပြီး လာရောက်ဆောင်ရွက်ပေးမယ့် အဖွဲ့အစည်းတစ်ခုပါ၊ ကြက်ခြေနီဆိုတာ ဘေးဒုက္ခတစ်ခုခုရောက်ပြီဆို အမိန့်စောင့်စရာမလိုဘဲ ဖြစ်တဲ့နေရာမှာ ရရာပစ္စည်းနဲ့ သွားရောက်ကူညီပေးရမယ့် စေတနာ့ဝန်ထမ်း ကြက်ခြေနီတပ်ဖွဲ့ပါ။

**ဒေါ်မြမြဝင်း (ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး)**
**မြောက်ဥက္ကလာပမြို့နယ်**

ကျွန်မတို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အဓိကအားဖြင့် ပြည်သူလူထုကို အသိပညာပေးတဲ့ ဌာနဖြစ်ပါတယ်၊ ကလေးတွေကို ဦးစားပေးပြီး အသိပညာပေးတဲ့ လုပ်ငန်းတွေ လုပ်ဖြစ်တဲ့အတွက် ဒီက လူငယ်ပရဟိတအဖွဲ့ဖြစ်တဲ့ ကိုစိုင်းသူတို့ Youth Social Group နဲ့ လာရောက် ပူးပေါင်းဆောင်ရွက်တာပါ၊ ကိုယ့်ဌာနအနေနဲ့ ကလေးစာပေပွဲတော်တွေ၊ ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးပွဲတော်တွေ လုပ်ထားတဲ့အတွက် ဒီပွဲတော်က ကိုယ့်မြို့နယ်ရဲ့ ပထမဆုံးပွဲဖြစ်နေတော့ ပူးပေါင်းပါဝင်ချင်တဲ့ ဆန္ဒကြောင့်ပါ၊ ဒီလ ၂၉ ရက်နေ့ဆို သန်လျင်မှာလည်း ကလေးစာပေပွဲတော်လုပ်မှာပါ၊ ဒီမှာကတော့ ကလေးတွေနဲ့ ပတ်သက်တဲ့ ပြိုင်ပွဲလေးတွေ သဲပန်းချီခြယ်တာတွေ လုပ်ပေးတာပါ။

**မောင်နန္ဒထွန်း(အသက် ၁၄ နှစ်)**
**မြောက်ဥက္ကလာပမြို့နယ်**

ဒီနေ့က ဒီမှာဂိမ်းတွေဆော့ရမယ်၊ ကံစမ်းမဲတွေလည်း ဖောက်ပေးမယ်ဆိုလို့ လာတာပါ၊ ပုံဆွဲတာတွေ တွေ့ခဲ့တယ်၊ ကလေးတွေအတွက် သဲပန်းချီ၊ ကလေးတွေဆော့တဲ့ အခြားကစားနည်းတွေပါ၊ ကြော်ငြာတွေလည်း တွေ့တယ်၊ ပျော်ပါတယ်၊ ဦးလေးတွေနဲ့လာတာ အားလုံး ခုနစ်ယောက်ပါတယ်။ သွားတော့ မကစားရသေးဘူး၊ ပြီးရင် သွားကစားမယ်။

**မအေးသန္တာထွေး (အသက် ၁၂ နှစ်)**
**မြောက်ဥက္ကလာပမြို့နယ်**

သမီးက ဆဋ္ဌမတန်းတက်နေတာပါ၊ သမီးက ညီမလေးတွေနဲ့ ကစားဖို့လာတာ၊ ပုံဆွဲတာရယ် ဆေးရောင်ခြယ်တာရယ်၊ ဘောလုံးတွေ ခြင်းတောင်းထဲထည့်တာရယ် ကစားပြီးသွားပြီ၊ ဆုတွေလည်းရတယ်။ ပျော်တယ်။ အားလုံး ၁၁ ယောက်လာတယ်၊ ဦးလေးတို့ ခေါ်လာတာ၊ စာပေဟောပြောပွဲ၊ ပုံဆွဲပြိုင်ပွဲ၊ ကလေးငယ်လေးတွေ ကစားဖို့ လုပ်ပေးထားတာတွေ တွေ့ရတယ်၊ သီချင်းဆိုတာတွေ၊ ကတာတွေလည်း တွေ့ရတယ်။

**ကိုချစ်မင်း**
**မြောက်ဥက္ကလာပမြို့နယ် (ည ရပ်ကွက်)**

YSG လူငယ်အဖွဲ့နဲ့က မိတ်ဆွေတွေလို ဖြစ်နေတော့ ကျွန်တော် ကူညီနိုင်တာတွေ ကူညီတာပါ၊ ဒီနေ့ကတော့ ရပ်ကွက်ထဲက ဒီကိုလာချင်တဲ့ ကလေးတွေ လိုက်ပို့ပေးတာ။ နိုင်ငံတော်အဆင့်လုပ်တဲ့ ကလေးပွဲတော်တွေဆို ဆင်းရဲနွမ်းပါးတဲ့ ကလေးတွေ၊ ရပ်ကွက်ထဲက ကျောင်းမနေတော့တဲ့ ကလေးတွေက ကျန်ခဲ့တယ်၊ ကျွန်တော်က အဲ့ဒီလို ကလေးတွေလည်း ပါဝင်ဆင်နွှဲနိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပို့ဆောင်ပေးတာပါ၊ ကျွန်တော့်ရပ်ကွက်ထဲက ဆိုကလေး ၂၀ ကျော်၊ ၃၀ လောက်ကို လာပို့ပေးပြီးပြီ၊ ပညာရေးဌာနနဲ့ အထွေထွေအုပ်ချုပ်ရေးအပိုင်းက ဒီလိုမျိုးတွေကို စီစဉ်ပေးစေချင်ပေမယ့် အချိန်က တိုတောင်းတော့ မရဘူး၊ ဒါကြောင့် ကျွန်တော့်ရပ်ကွက်က ကလေးတွေပဲ ကျွန်တော် ပို့ပေးနိုင်ခဲ့တယ်၊ ကျွန်တော်ကတော့ ပြည်ထောင်စုအဆင့်အနေနဲ့ ကြီးမှူးပြီး မြို့နယ်တိုင်းမှာ ဒီလို လုပ်ပေးစေချင်တယ်၊ ပညာရေးပိုင်းဆိုလည်း အစိုးရကျောင်း၊ ကိုယ်ပိုင်ကျောင်းတွေကအစ ပိတ်ပြီးတော့ ကလေးတွေကို ပို့ပေးစေချင်သလို အုပ်ချုပ်ရေးပိုင်းကလည်း ဒါကိုချိတ်ဆက် ဆောင်ရွက်ပေးစေချင်တယ်။

**သတင်းနှင့် တွေ့ဆုံမေးမြန်း-ညွန့်ကိုကို**
**ဓာတ်ပုံ-ဖိုးထောင်**



ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးပွဲတော်တွင် ကလေးငယ်များ ဆေးရောင်ခြယ်ပြုလုပ်နေသည်ကို တွေ့ရစဉ်။

---

## ညအပူချိန်များ ဆက်လက် လျော့နည်းနေမည်

နေပြည်တော် ဇန်နဝါရီ ၂၈

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ ဆက်လက်လျော့နည်းနေမည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အတင့်အသင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေ ခန့် ရှိနိုင်သည်။

မိုး/ဇလ

# ပင်လုံမြို့၌ လက်နက်၊ ခဲယမ်းနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၈**

ပင်လုံနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၅ ရက် ညသန်းခေါင်တွင် ပင်လုံမြို့ အမှတ် ၃ ရပ်ကွက် သုခလမ်းနေ တထိတ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ စိုင်းကျော်အား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးငါးပြား၊ ဘိန်းဖြူ ၀ ဒသမ ၀၀၆ ကီလိုနှင့် CZECH REPUBLIC နိုင်ငံထုတ် 9 MM ပစ္စတိုတစ်လက်၊ ၎င်းကျည် ကိုးတောင့်၊ ၎င်းကျည်အိမ်တစ်ခုတို့ကိုလည်းကောင်း၊ အလားတူ ဇန်နဝါရီ ၂၇ ရက် နံနက် ၁၁ နာရီ မိနစ် ၄၀ က မူးယစ်တပ်ဖွဲ့စု -၂၉ မိုင်းဆတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းတုံမြို့နယ် မိုင်းဟန်ကျေးရွာအုပ်စု နားကောင်းမူကျေးရွာ အောင်မင်္ဂလာရပ်ကွက်နေ ဝင်းအောင်၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ သန်းမျိုးအား တွေ့ရှိရပြီး နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၅၀ နှင့် ဘိန်းဖြူ ၀ ဒသမ ၀၃၁၃ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မရမ်းချောင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့ ရှောင်တခင်စစ်ဆေးရာမှ လမ်းဘေးတွင် စုပုံထားသည့် ဆေးဝါးများဖမ်းမိ

**နေပြည်တော် ဇန်နဝါရီ ၂၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၂၇ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၃၄ စီး၊ သွင်းကုန် အစီး ၁၀၂၀၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂ စီး၊ သွင်းကုန် ၁၅၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သောကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၇ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၄၅၀ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၀၃၀ သန်းခန့် စုစုပေါင်း တားဆီးမှု ၁၀မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈ ဒသမ ၄၈ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။




ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇန်နဝါရီ ၂၇ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်ကွင်းလမ်းဖြစ်သည့် မုပ္ပလင်ကျေးရွာအနီး ပျဉ်းကတိုးကုန်းလမ်းတွင် ရှောင်တခင်သွားရောက်စစ်ဆေးခဲ့ရာ လမ်းဘေး၌ စုပုံထားသည့် ဆေးဝါးများ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၈၅၀ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပဲခူးရိုးမ၌ အိပ်ပျော်နေစဉ် မီးရှို့ထားသောသစ်ပင်ကြီး လဲကျရာမှ သုံးဦးသေဆုံး

**အုတ်တွင်း ဇန်နဝါရီ ၂၈**

တောင်ငူခရိုင် အုတ်တွင်းမြို့ အနောက်ဘက် ၄၅ မိုင်ခန့်အကွာ ပဲခူးရိုးမတောင်ပေါ်ဒေသအခေါ် ပျားမြှောင်တောင်ကြော၌ ဇန်နဝါရီ ၂၄ ရက် နံနက် ၅ နာရီခန့်က မီးရှို့ထားသော ပျဉ်းကတိုးသစ်ပင်ကြီးလဲကျရာမှ အနီးရှိ ယာယီတဲအတွင်း အိပ်ပျော်နေသော မိသားစုဝင်လေးဦးအနက် သုံးဦးသေဆုံးကာ တစ်ဦးသာ အသက်ရှင်လွတ်မြောက်ခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားသည့် နေရာသို့ အုတ်တွင်းမြို့မရဲစခန်း၊ စခန်းမှူး ဒုရဲမှူးငွေထွန်းဦးစီးအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အောင်ကိုဝင်း (၃၅နှစ်) ဘိုကုန်းကျေးရွာ ရွှေလောင်းအုပ်စုနေသူနှင့် ဇနီး မလဲ့လဲ့ဝင်း(၃၀နှစ်) တို့သည် လုံးပတ် ၁၀ ပေခန့်ရှိ အခေါင်းပါသည့် ပျဉ်းကတိုးပင်ကြီးအား လှဲရန် ယခင်ရက်ကမီးရှို့ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထို့နောက် သမီးဖြစ်သူ မဝါဆိုမိုးဦး (၁၂နှစ်)၊ မောင်စွမ်းထက်အောင်(ရှစ်လ)တို့နှင့်အတူ ပေ ၃၀ ခန့်အကွာ၌ ယာယီဝါးတဲထိုးကာ တဲအောက်တွင် မီးဖိုကာ အိပ်ပျော်နေချိန် မီးရှို့ထားသော သစ်ပင်ကြီး လဲကျခဲ့ပြီး မိသားစုဝင်လေးဦး အိပ်ပျော်နေသည့်တဲအား ပိမိသွားခဲ့သည်။

အောင်ကိုဝင်း၊ မလဲ့လဲ့ဝင်းနှင့် မောင်စွမ်းထက်အောင် တို့သုံးဦးမှာ သစ်ပင်ပိမိသည့်အပြင် တဲအောက်ရှိ မီးဖိုမှတစ်ဆင့် ထပ်မံမီးလောင်ကျွမ်းခဲ့ပြီး မဝါဆိုမိုးဦး တစ်ယောက်သာ အသက်ရှင်လွတ်မြောက်ခဲ့ခြင်းဖြစ်ကြောင်း သိရ၍ အုတ်တွင်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်းသိရသည်။

**ကိုလွင်(ဆွာ)**

# မြစ်ကြီးနား၌ လျှပ်စစ်မီးပလပ်ခုံ အပူလွန်ကဲရာမှ ပစ္စည်းသိုလှောင်ရုံ မီးလောင်

**မြစ်ကြီးနား ဇန်နဝါရီ ၂၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက် နယ်မြေ(၁၄)တွင် ဇန်နဝါရီ ၂၇ ရက် ည ၁၂ နာရီ ၁၅ မိနစ်က လျှပ်စစ်မီးပလပ်ခုံ အပူလွန်ကဲရာမှ ဂိုဒေါင်တစ်လုံး မီးလောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက် သျှီရိဒ္ဓူရိဂါဘုရားကျောင်းဝင်းရှိ အဆောက်အအုံ၌ တပ်ဆင်ထားသည့် လျှပ်စစ်မီးပလပ်ခုံ အပူလွန်ကဲကာ ထရံသို့ မီးကူးစက်ရာမှ ယင်းအဆောက်အအုံနှင့် ဘုရားကျောင်းဘုံဆင့်တို့ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားသည့်နေရာသို့ မြစ်ကြီးနားမြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးနိုင်ဝင်းထွန်း ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်ငါးစီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ငြှိမ်းသတ်ခဲ့ရာ ည ၁၂ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ **(ယာပုံ)**



မီးလောင်မှုဖြစ်စဉ်နှင့် ပတ်သက်၍ ဘုရားကျောင်းစောင့်တာဝန်ယူထားသူ ဦးဂနစ်(၄၂နှစ်)အား မြစ်ကြီးနားနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ဆိုင်ကယ်လုယက်မှုကျူးလွန်သူအား ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က အချိန်တိုအတွင်း ဖမ်းဆီးရမိ

**ရန်ကုန် ဇန်နဝါရီ ၂၈**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာနေ မောင်ဟိန်းကိုဇော်သည် ဇန်နဝါရီ ၂၆ ရက် မွန်းလွဲ ၁၂နာရီခွဲက ၎င်းပိုင် ၆၂ယ/----- ဆိုင်ကယ်ဖြင့် ထမလုံဆိုင်ကယ် ကယ်ရီဂိတ်၌ ခရီးသည်စောင့်ဆိုင်းနေစဉ် ယခင်က သိကျွမ်းရင်းနှီးသူ ဝင်းနိုင်ထွန်း ရောက်ရှိလာပြီး ကျောက်တန်းမြို့နယ် အဝကောက်ကျေးရွာသို့ သွားရောက်ရန် ဆိုင်ကယ်ကယ်ရီငှားသဖြင့် လိုက်ပါပို့ဆောင်ပေးခဲ့ရာ ယင်းရွာအနီးအရောက် ချောင်းရိုးတွင် ဝင်းနိုင်ထွန်းက အသင့်ပါလာသည့် စကေဘာဖြင့် ထောက်ကာ ဆိုင်ကယ်အားမောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း တိုင်တန်းချက်အရ တံတားနယ်မြေရဲစခန်းက အမှုဖွင့်၍ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့သည်။

ကျောက်တန်းမြို့နယ် တံတားနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များက ယင်းနေ့ ည ၉ နာရီ ၄၅ မိနစ်တွင် ပြစ်မှုကျူးလွန်သူ ဝင်းနိုင်ထွန်းအား သက်သေခံဆိုင်ကယ်နှင့်အတူ အခင်းဖြစ်နေရာနှင့် နှစ်မိုင်ခန့်အကွာရှိ ဦးလေးဖြစ်သူ၏ တဲအိမ်အတွင်းမှ ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်သော ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# ဥက္ကံရွာမ၌ ရေခဲသေတ္တာ မီးဖြတ်စက်အပူလွန်ကဲ၍ နေအိမ်တစ်လုံး မီးလောင်

**တိုက်ကြီး ဇန်နဝါရီ ၂၈**

တိုက်ကြီးမြို့နယ် ဥက္ကံရွာမ၌ ဇန်နဝါရီ ၂၈ ရက် နံနက် ၁ နာရီ ၃၅ မိနစ်ခန့်က ရေခဲသေတ္တာ မီးဖြတ်စက် ဝိုင်ယာကြိုးအပူလွန်ကဲပြီး နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဥက္ကံမြို့နယ် ဥက္ကံရွာမှ ရန်ကုန်-ပြည်ကားလမ်းဘေးနေ ဦးသန်းဇော်ဦး (၄၄ နှစ်)၏ နေအိမ်၌ ဇန်နဝါရီ ၂၈ ရက် နံနက် ၁ နာရီ ၃၅ မိနစ်ခန့်က နေအိမ်ရှိ ရေခဲသေတ္တာ မီးဖြတ်စက် ဝိုင်ယာကြိုးအပူလွန်ကဲပြီး မီးလောင်ခဲ့ရာ တိုက်ကြီးမြို့ မီးသတ်ဦးစီးမှူး ဦးနိုင်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ ဥက္ကံမီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းငြှိမ်းသတ်သဖြင့် နံနက် ၂ နာရီကျော်ခန့်တွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် ဦးသန်းဇော်ဦး၏ နှစ်ထပ်အိမ် မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ပိုင်ရှင် ဦးသန်းဇော်ဦးကို ဥက္ကံမြို့ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# ဓားကိုင်၍ ပြစ်မှုကျူးလွန်သူအား ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးစဉ် ပြန်လည်ရန်ပြုသဖြင့် သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီး

**နေပြည်တော် ဇန်နဝါရီ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကန်လျားရှည်ကျေးရွာနေ ဦးဖိုးချို၏နေအိမ်၌ ဇန်နဝါရီ ၂၈ ရက် နံနက် ၇ နာရီခွဲက ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ် မန်းကူးကျေးရွာနေ ရန်ကျွိုင်း(ခ)ငရဲ(၃၀နှစ်)သည် ဦးဖိုးချို၏ဇနီး ဒေါ်ခင်သိန်း(၆၃နှစ်)နှင့် နေအိမ်ရှေ့၌ စကားများ ရန်ဖြစ်စဉ် ရန်ကျွိုင်း(ခ)ငရဲက ဒေါ်ခင်သိန်းအား တုတ်ဖြင့် ရိုက်သဖြင့် ဒဏ်ရာရရှိခဲ့သည်။

ထို့နောက် ရန်ကျွိုင်း(ခ)ငရဲသည် ဦးဖိုးချို နေအိမ်ရှေ့၌ထားသော အရိုးအသွား ၁၈ လက်မခန့်ရှိ ဓားကိုကိုင်၍ ဦးဖိုးချိုနေအိမ်နှင့် ဘေးချင်းကပ်လျက်ရှိ ဒေါ်ခင်သိန်း၏ တူမဖြစ်သူ မလဲ့လဲ့ဝင်း (၄၅နှစ်) နေအိမ်အပေါ်ထပ်သို့ တက်ရောက်၍ မလဲ့လဲ့ဝင်းအား ဓားဖြင့် ခုတ်ခြင်း၊ အုတ်နီခဲဖြင့် ထုခြင်းတို့ ပြုလုပ်ခဲ့သဖြင့် မလဲ့လဲ့ဝင်းတွင် ဒဏ်ရာများရရှိခဲ့ပြီး ရန်ကျွိုင်း (ခ) ငရဲမှာ မလဲ့လဲ့ဝင်း၏ နေအိမ်အပေါ်ထပ်၌ ဓားကိုင်ပုန်းအောင်းနေကြောင်း သိရသည်။

အဆိုပါသတင်းအရ ရဲတပ်ဖွဲ့ဝင်များ သွားရောက်ဖမ်းဆီးစဉ် ရန်ကျွိုင်း(ခ)ငရဲက နေအိမ်အပေါ်ထပ်တွင် ဓားကိုင်၍ ပုန်းအောင်းနေသဖြင့် ဓားချ၍ နေအိမ်အောက်သို့ ဆင်းလာပြီး အဖမ်းခံရန် အကြိမ်ကြိမ် ပြောကြားခဲ့သော်လည်း ဆင်းမလာသောကြောင့် ရဲတပ်ဖွဲ့ဝင်များက Pump Action သေနတ်ဖြင့် သတိပေး ပစ်ခတ်ခဲ့သည်။

ပြစ်မှုကျူးလွန်သူ ရန်ကျွိုင်း(ခ)ငရဲမှာ ဆင်းမလာ၍ ရဲတပ်ဖွဲ့ဝင်များက နေအိမ်အပေါ်သို့တက်ပြီး ဖမ်းဆီးစဉ် ဓားကိုင်၍ ပြန်လည်ရန်ပြုသဖြင့် ရဲတပ်ဖွဲ့ဝင်များက Pump Action သေနတ်အသုံးပြု ပစ်ခတ်ဖမ်းဆီးခဲ့ရာ ရန်ကျွိုင်း(ခ)ငရဲ အား ဒဏ်ရာများဖြင့် ဖမ်းဆီးရမိခဲ့ကာ လက်ခုပ်ကုန်း ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# အမြန်ရေယာဉ်ပေါ်မှ ပြုတ်ကျ၍ ပျောက်ဆုံးနေသူအား တွေ့ရှိ

**ဟိုင်းကြီးကျွန်း ဇန်နဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ အမှတ် ၃ ရပ်ကွက် ဆိပ်ကမ်းနှင့် ကျောက်ချောင်းကျေးရွာ မြသစ္စာဆိပ်ကမ်းအကြား၌ ဇန်နဝါရီ ၂၆ ရက်က ပုသိမ်သူ(၈)ကမ်းရိုးတန်း အမြန်ရေယာဉ်မောင်းနှင်စဉ် မြစ်အတွင်း ပြုတ်ကျကျန်နေခဲ့ပြီး ပျောက်ဆုံးနေသော ခရီးသည်တစ်ဦး၏ ရုပ်အလောင်းကို ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက ကံချိုင်ကျေးရွာအုပ်စု ကျားတန်း(၃)အနီး ချောင်းကမ်းစပ်တွင်ရှာဖွေတွေ့ရှိခဲ့သည်။

ရေနစ်ပျောက်ဆုံးသူ သက်ပိုင်စိုးအား ကညင်ချောင်းမြောက်ကျေးရွာနေ ၎င်း၏ မွေးစားဖခင် ဦးသိန်းအောင်နှင့် အဖွဲ့က လိုက်လံရှာဖွေခဲ့ရာ ကံချိုင်ကျေးရွာအုပ်စု ကျားတန်း(၃) အနီး ချောင်းကမ်းစပ်၌ တွေ့ရှိ၍ ရေနစ်ပျောက်ဆုံးနေသူ ဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်။ သေဆုံးသူ၏ အလောင်းအား ဟိုင်းကြီးကျွန်းနယ်မြေရဲစခန်းက ဟိုင်းကြီးကျွန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ထားပြီး ရေယာဉ်အုပ် ချိုဦးအား အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# တာချီလိတ်၌ မီးလောင်မှုဖြစ်ပွား

**တာချီလိတ် ဇန်နဝါရီ ၂၈**

တာချီလိတ်မြို့ လွယ်တော်ခမ်းကျေးရွာအုပ်စုတွင် ဇန်နဝါရီ ၂၈ ရက် မွန်းလွဲပိုင်းက နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

ဖြစ်စဉ်မှာ တာချီလိတ်မြို့အဝင် လွယ်တော်ခမ်းပူးပေါင်းစစ်ဆေးရေးဂိတ်အနီး မယ်ဆိုင်ချောင်းနံဘေး၌ နေထိုင်သည့် နိုင်လင်းသိန်း (၃၇နှစ်)သည် ၎င်းနေထိုင်သည့် သွပ်မိုးဝါးထရံကာ နေအိမ်အား ၎င်းကိုယ်တိုင် ကတ်ထူ စက္ကူများကို အသုံးပြုကာ မီးရှို့ခဲ့သည့်အတွက် မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ တာချီလိတ်မြို့မ ရဲစခန်းမှူး ဒုရဲမှူးကြည်စိုး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဇော်လင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများက မီးသတ်ယာဉ်သုံးစီးဖြင့် ဝိုင်းဝန်း ငြှိမ်းသတ်၍ မီးငြိမ်းသွားကြောင်း သိရသည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ နေအိမ်အား မီးရှို့ခဲ့သူ နိုင်လင်းသိန်းကို သက်ဆိုင်ရာက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

# မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲတွင် အားကာသိပ္ပံ(မန္တလေး)က မဏိပူရ်ပြည်နယ်အသင်းအား နှစ်ဂိုးပြတ်အနိုင်ရ

**မန္တလေး ဇန်နဝါရီ ၂၈**

မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေး အစီအစဉ်အရ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေး အမျိုးသမီးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီက မန္တလေးမြို့ မန္တလာသီရိ အဆင့်မြင့်အားကစားကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲမစတင်မီ မြန်မာနိုင်ငံကိုယ်စားပြု အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)အသင်းနှင့် အိန္ဒိယနိုင်ငံကိုယ်စားပြု မဏိပူရ်ပြည်နယ်အသင်းတို့မှ ကစားသမားများ၊ ဒိုင်လူကြီးများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး တိုင်းဒေသကြီးအမျိုးသမီးရေးရာ ကော်မတီနာယက ဒေါက်တာဒေါ်ယုယုမေ၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ် အားကစားဝန်ကြီးဌာန ဝန်ကြီး Mr. LETPAO HAOKIP ၊ အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ် မြို့တော်ဝန်၊ အိန္ဒိယ ကောင်စစ်ဝန်ချုပ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူတို့က လိုက်လံနှုတ်ဆက်အားပေးပြီး မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ၏ နိုင်ငံတော်သီချင်းဖြင့် အလေးပြုကြသည်။

ထို့နောက် ယှဉ်ပြိုင်ကစားမည့်နှစ်ဖက်အသင်းမှ ကစားသမားများ၊ ဒိုင်လူကြီးများကို မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ကျောင်းသူလေးများက ပန်းစည်းလက်ဆောင်



ပေးကြပြီး ပြိုင်ပွဲစတင်ယှဉ်ပြိုင်ကြရာ အားကာသိပ္ပံ(မန္တလေး)လက်ရွေးစင်အသင်းက မဏိပူရ်ပြည်နယ် လက်ရွေးစင်အသင်းကို နှစ်ဂိုး -ဂိုးမရှိဖြင့် အနိုင်ရရှိရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီးဒေါက်တာ ဒေါ်ယုယုမေက ချစ်ကြည်ရေးဆုဖလား ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

---

○ *ကျော့ဖုံးမှ*

ဟံသာဝတီအသင်းမှာမူ အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ရှမ်းယူနိုက်တက်ကို ရင်ဆိုင်ခဲ့သည်။ ပွဲအစ ရှစ်မိနစ်တွင် ဒွေးကိုကိုချစ်က ဂိုးစတင်သွင်းယူခဲ့သောကြောင့် ရှမ်းယူနိုက်တက်အသင်း အိမ်ကွင်း၌ ဦးဆောင်ကစားနိုင်ခဲ့သည်။ ဟံသာဝတီအသင်းသည် ချေပဂိုးပြန်ရရန် ကြိုးပမ်းခဲ့သော်လည်း ရှမ်းယူနိုက်တက်အသင်း ထိန်းချုပ်နိုင်ခဲ့ပြီး ၅၈ မိနစ်တွင် တောင်ပံကစားသမား ရန်နိုင်ဦးက ဒုတိယဂိုးထပ်သွင်းခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် နှစ်ဂိုးပြတ်အနိုင်ရပြီးနောက်ပိုင်းတွင် အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့ပြီး ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် ကွင်းလယ်ကစားသမား မတ်ခ်က ဟံသာဝတီအသင်းအတွက် ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သည်။

မုံရွာကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက အိမ်ရှင်စစ်ကိုင်းအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်အသင်း၏ ပွဲထွက်လူစာရင်းတွင် မြန်မာ ယူ-၂၁ အသင်း၌ ခြေစွမ်းပြခဲ့သည့် တိုက်စစ်မှူး အီစိုး ပြန်ပါလာပြီး မောင်မောင်လွင်၊ ကြည်လင်းတို့၏ သွင်းဂိုးများဖြင့် သုံးပွဲဆက် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းအတွက် အနိုင်ဂိုးများကို ၂၅ နှင့် ၆၈ မိနစ်တွင် မောင်မောင်လွင်၊ ၄၅ မိနစ်တွင် ကြည်လင်းတို့က သွင်းယူခဲ့ပြီး စစ်ကိုင်းအတွက် ချေပဂိုးကို ပွဲပြီးခါနီးတွင် ဇော်ဇင်ဦးက ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။ အောင်ဆန်းကွင်း၌ ကျင်းပသည့်ပွဲတွင် ဇွဲကပင်အသင်းက မြဝတီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဇွဲကပင်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို သန်းထက်အောင်က မိနစ် ၃၀ တွင် သွင်းယူခဲ့သည်။

ပွဲစဉ် (၃) အပြီးတွင် ရတနာပုံနှင့် ရန်ကုန်အသင်းတို့က သုံးပွဲစလုံးအနိုင်ရကာ ကိုးမှတ်ဖြင့် ထိပ်ဆုံးတွင် အပြိုင်ဖြစ်နေပြီး ဂိုးကွာခြားချက်ဖြင့် ရတနာပုံအသင်းက ထိပ်ဆုံးတွင် ဦးဆောင်နေသည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ခုနစ်မှတ်ဖြင့် နောက်မှ လိုက်နေကာ GFA ၊ မကွေးနှင့် ဇွဲကပင်အသင်းတို့က လေးမှတ်စီ၊ ဟံသာဝတီအသင်းက သုံးမှတ်၊ Southern ၊ ရခိုင်နှင့် ရောဝတီအသင်းတို့က နှစ်မှတ်စီ၊ စစ်ကိုင်းနှင့် မြဝတီအသင်းတို့က တစ်မှတ်စီရထားသည်။

**ညီမြတ်သော်တာ**

---

## ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၈**

၂၀၁၇-၂၀၁၈ ပညာသင်နှစ် ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၇ ရက် မွန်းလွဲ ၂ နာရီခွဲက ဗထူးအားကစားကွင်း၌ ကျင်းပရာ ဗိုလ်လုပွဲစဉ်အဖြစ် ဘူမိဗေဒဘာသာရပ်အသင်းနှင့် ရုက္ခဗေဒဘာသာရပ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ပယ်နယ်တီအဆုံးအဖြတ်ရယူပြီး ဘူမိဗေဒအသင်းက ရုက္ခဗေဒအသင်းကို ငါးဂိုး-လေးဂိုးဖြင့် ဗိုလ်စွဲခဲ့သည်။

ဆုချီးမြှင့်ပွဲတွင် ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာရဲရွှေက တိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီ သက်ကြီးပူဇော်ပွဲအတွက် အလှူငွေပေးအပ်ခဲ့သည်။ ဆက်လက်၍ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုများနှင့် ပထမဆုရ ဘူမိဗေဒဘာသာရပ်အသင်းအား တံခွန်စိုက်ဒိုင်းကို ပါမောက္ခချုပ် ဒေါက်တာမောင်မောင်နိုင်က ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်စံမောင်(မန်းကိုယ်ပွား)**

---

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- မိုနာကိုအသင်းသည် အီတလီကလပ် ဂျီနိုအာအသင်းမှ အသက် ၁၆ နှစ်အရွယ် ပယ်လီဂရီကို ပြောင်းရွှေ့ကြေး ယူရို ၂၅ သန်းဖြင့် အပြီးသတ်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။
- နည်းပြဂွါဒီယိုလာသည် နွေရာသီတွင် ၎င်း၏ အဓိကပစ်မှတ်မှာ ချယ်လ်ဆီးအသင်း၏ ဘယ်လ်ဂျီယံတောင်ပံကစားသမား အီဒင် ဟာဇက် (၂၇နှစ်) ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုပြီးနောက် မန်စီးတီးအသင်းသည် အဆိုပါတောင်ပံကစားသမားအား ပေါင်သန်း ၁၅၀ ဖြင့် ကမ်းလှမ်းရန် အဆင်သင့်ဖြစ်နေကြောင်း မေရာ၏ ဖော်ပြချက်အရ သိရသည်။
- ချယ်လ်ဆီးအသင်းသည် စီးရီးအေကလပ် ရိုးမားအသင်းမှ မန်စီးတီး တိုက်စစ်မှူးဟောင်း အီဒင် ဒီဇီကို ကို အပြီးသတ်ခေါ်ယူနိုင်ရန်အတွက် တိုးမြှင့်ကမ်းလှမ်းမှုပြုလုပ်ရန် အဆင်သင့်ရှိနေကြောင်း ယူကေအခြေစိုက် သတင်းရင်းမြစ်တစ်ခု၏ ဖော်ပြချက်အရ သိရသည်။
- တော့တင်ဟမ်အသင်းသည် ပီအက်စ်ဂျီအသင်းမှ အသက် ၂၅ နှစ်အရွယ် လူးကပ်စ်မော်ရာ၏ အပြောင်းအရွှေ့နှင့် ပတ်သက်ပြီး ဆက်လက်ဆွေးနွေးလျက်ရှိကြောင်း တယ်လီဂရပ်၏ ဖော်ပြချက်အရ သိရသည်။
- ပီအက်စ်ဂျီတိုက်စစ်မှူး ကာဗာနီသည် စနေနေ့ညက လီဂူး -၁ ၌ မောင့်ပယ်လီယာ အသင်းကို လေးဂိုးပြတ်အနိုင်ရရှိခဲ့သော ပွဲစဉ်တွင် တစ်ဂိုးသွင်းယူလိုက်နိုင်သောကြောင့် အသင်းဖော်ဟောင်း မိုဗစ်တင်ထားခဲ့သော ၁၅၆ ဂိုးကို ကျော်ဖြတ်ကာ ၁၅၇ ဂိုးဖြင့် စံချိန်သစ်တစ်ရပ်တင်နိုင်ခဲ့ ကြောင်း သတင်းများတွင် ဖော်ပြထားသည်။
- ရိုးမားအသင်းသည် အသက် ၂၅ နှစ်အရွယ် ဘရာဇီးဂိုးသမား အဲလီဆင်ဘက်ကာအတွက် လီဗာပူးအသင်း၏ ကမ်းလှမ်းမှုကို ပယ်ချလိုက်ကြောင်း မက်ထရို၏ ဖော်ပြချက်အရ သိရသည်။

**ဇော်ဇော်**

---

✪ *ကျော့ဖုံးမှ*

အမေရိကန် ဂေါက်သီးရိုက်ကစားသမား ပေါလ်ပီတာဆန်အား ဆုဖလားနှင့် ဆုကြေးငွေ ဒေါ်လာ ၁၃၅၀၀၀ ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦး နှင့် Leopalace 21 ဥက္ကဋ္ဌ Mr. Eisei Miyama တို့က ပေးအပ်ချီးမြှင့်သည်။

ယင်းပြိုင်ပွဲကို Title Sponsor အဖြစ် Leopalace 21 က ပံ့ပိုးကူညီထားပြီး Silver Sponsor အဖြစ် Myanmar Premium၊ Bronze Sponsor အဖြစ် ABC Mart၊ Mizuho Bank, Mynavi, Kaga Electronics, SECOM, KBZ Bank ၊ Copper Sponsor အဖြစ် KDDI, Sumitomo Mitsui Construction Co.,Ltd. နှင့် အခြား Sponsor များအဖြစ် Alpine Purified Drinking Water & Srixon တို့က ပံ့ပိုးကူညီထားသည်။ ထို့အပြင် Host Venue အဖြစ် Pun Hlaing Golf Club၊ Offical Hotel အဖြစ် Novotel Yangon Max တို့က ကူညီဆောင်ရွက်ပေးထားပြီး Event Managed အဖြစ် Xan Destiny Group က တာဝန်ယူကျင်းပခဲ့ခြင်းဖြစ်သည်။

**ရဲရင့်ရှိုင်း**

---


**မွေးသက္ကရာဇ်အမှန်နှင့်ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့၊ အထက ဆဋ္ဌမတန်း(က)မှ မကြည်ဖြူမိုး၏ မွေးသက္ကရာဇ်အမှန်မှာ(၂၆-၁-၂၀၀၆) ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးမောင်သိန်း ၈/မတန(နိုင်)၀၆၈၇၇၇ ဖြစ်ပါကြောင်း။

**မွေးသက္ကရာဇ်အမှန်နှင့်ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့၊ အထက စတုတ္ထတန်းမှ မိုင်နှင်းဝေမိုး၏ မွေးသက္ကရာဇ်အမှန်မှာ(၁၆-၂-၂၀၀၈) ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးမောင်သိန်း ၈/မတန(နိုင်)၀၆၈၇၇၇ ဖြစ်ပါကြောင်း။

အထူးလျှော့ဈေး

ကျွန်းအသစ်/အစစ်ဖြစ်ကြောင်း၊အာမခံပါသည်။ ပရိဘောဂမျိုးစုံရှိပါသည်





**နိုင်ကမ္ဘာ**

ခေတ်မီပရိဘောဂ

ယ/၂၉၄(က)ခေမာသီလမ်း၊ ဝေပုလ္လအိမ်ယာရှေ့၊ မြောက်ဥက္ကလာပ။

၀၉-၄၅၀၈၅၀၅၃၁

၀၉-၄၅၀၈၅၀၅၃၂

4' ဘန်းဘုရားစဉ် ၃၆၀၀၀၀ိ

ဆက်တီအကြီးတစ်စုံ ၃၉၀၀၀၀ိ/-

အသေးတစ်စုံ - ၃၆၀၀၀၀ိ/-

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၉၄/၅၁၂၆၁ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

**ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ ကုမ္ပဏီမူပိုင်အဖြစ် ပြုလုပ်သုံးစွဲကြောင်း အများသိစေရန်ကြေညာခြင်း**

**SLN MYANMAR COMPANY LIMITED** မှ အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်အား (၂၀-၁၂-၂၀၁၇) ရက် နေ့စွဲဖြင့် စာချုပ်အမှတ်-၁၄၂၄၃ ဖြင့် တရားဝင်မှတ်ပုံတင်ပြီးဖြစ်ပါသည်။ အဆိုပါကုန်အမှတ်တံဆိပ်အား ပလပ်စတစ်ဘူး၊ အိတ်အမျိုးမျိုး၊ စက္ကူဘူး၊ စာရွက်စာတမ်း၊ ပါဆယ်ထုတ် ထုတ်ပိုးပစ္စည်းများတွင် ဖိနှိပ်၊ ကပ်နှိပ်၊ ရိုက်နှိပ်၍လည်းကောင်း၊ အသားတံဆိပ်ပြုလုပ်ခြင်းဖြင့်လည်းကောင်း၊ ဘောပင်၊ ခဲတံ၊ စာအုပ်နှင့် ကျောင်းသုံးရုံးသုံးပစ္စည်း၊ စာရေးကိရိယာပစ္စည်းအမျိုးမျိုးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

J ♥ Harvey

အဆိုပါကုန်အမှတ်တံဆိပ်အား မည်သူမဆို တုပပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှား ဖြစ်စေရန် ပုံစံတူ အရောင်အသွေးတုပပြုခြင်းတို့ဆောင်ရွက်ပါက ဥပဒေအရ ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**ကုမ္ပဏီ၏မန်နေဂျင်းဒါရိုက်တာဒေါ် နီနီဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးထွန်းလှိုင်**

**LL.B (H.G.P, Criminal Distinction)**

**Certificate of Business Law, Diploma in Business Law**

တရားလွှတ်တော်ရှေ့နေ (စဉ်-၆၆၆၅)

အမှတ်-၁ (မြေညီ)၊ မယ်ဇလီပင်လမ်း နှင့် ကမ်းနားလမ်းထောင့်၊ မကျည်းတန်းတောင်အနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း- ၀၉-၂၆၃၆၅၆၇၇၄

**အောင်စကြာရတနာဓာတ်နန်း**

**အမှန်ဟောဆရာ စကြာအောင်ပွင့်ခေါင်**

**မနောဗေဒပညာ**

နံနက် (၉)နာရီမှ မွန်းလွဲ (၂)နာရီ၊ အမှတ်-၉၅၆၊ ယသဝတီ (၁၂)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

ဖုန်း ၀၉-၂၅၀၅၀၄၁၄၄၊ ၀၉-၇၃၁၅၆၀၆၁၊ ၀၉-၂၅၂၆၀၀၅၆၇

တစ်နေ့ (၁၀)ဦးသာ ဗုဒ္ဓဟူးနေ့တိုင်းနားသည်။

**ဖခင် အမည်မှန်**

မကွေးတိုင်းဒေသကြီး၊စလင်းမြို့၊ အထက(၂) နဝမတန်း(A)မှ မောင်ဝင်းမင်းထွေးနှင့် ပဥ္စမတန်း(B)မှ မပပဝင်းတို့၏ဖခင်အမည်မှန်မှာ ဦးပေါက်စ ၈/စလန(နိုင်)၀၄၃၈၃၁ဖြစ်ပါကြောင်း။ **ဦးပေါက်စ**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7C/2590 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1J/3882 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

Bonita Academy of English

Cambridge English Exam Preparation Centre

Teacher Shwe Zin MA ( English )

**Summer English**

(7.3.2018 - 29.5.2018)

4 Skills

Age: 6 to 16 years old

Level 1: 9:30 am - 11:00 am

Level 2: 9:30 am - 11:00 am

Level 3: 11:00 am - 12:30 pm

Level 4: 8:00 am - 9:30 am

Level 5: 4:00 pm - 5:30 pm

Grammar

ကျောင်းအပ်လက်ခံပြီ

Essays

No.142, 1st Floor, 46th St., Botahtaung Tsp., Yangon

Ph. 01294328,095056872,09254127116,09424391721

**Hijet ကားတောင်း၊ ကားသန့်များ ရောင်းရန်ရှိသည်။**

**ဘဏ်နှင့် ချိတ်ဆက်ရောင်းပေးသည်။**

**(ပိုင်ဆိုင်မှုပေးထားရမည်။)**

၁။ Model အစုံ - 2007 to 2008
မန်း/ပဲခူးကုမ္ပဏီ M.T.P/s, A/C 4Wd, 2Wd T.R Gear ပါ။
9N, 6N, 1P, 2P, 3P (AUTO)

၂။ Wagon အစစ် - ပဲခူး/မန်း
လူအမည်ပေါက် (P/S, A/C, P/W) အဖြူရောင် (AUTO)
2011, 2012

၃။ Suzuki Carry 660CC, 2010 PS, AC, 2WD, 4P ပဲခူး

ဆက်သွယ်ရန်ဖုန်း - ၀၉ ၃၂၀၁၈၆၆၀၊ ၀၉ ၂၅၄၂၄၉၅၀၅၊ ၀၉ ၇၈၈၆ ၂၃၁၃၁၊ ၀၉ ၄၂၁၁၅၃၃၄၀၊ ၀၉ ၃၃၂၄၄၇၆၄

# ရွေးကောက်ပွဲကို စောစီးစွာကျင်းပပေးရန် ထိုင်းနိုင်ငံ၌ ဆန္ဒထုတ်ဖော်

**ဗန်ကောက် ဇန်နဝါရီ ၂၈**

ထိုင်းနိုင်ငံတွင် ဒီမိုကရေစီထောက်ခံသည့်တက်ကြွလှုပ်ရှားသူများသည် ဗန်ကောက်မြို့လယ်ကောင်၌ စုဝေးကာ အရပ်သားအုပ်ချုပ်မှုအခြေအနေသို့ ပြန်လည်ရောက်ရှိရန် နှောင့်နှေးကြန့်ကြာနေမှုအတွက် ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

အရှေ့တောင်အာရှအဖွဲ့ဝင် နိုင်ငံတစ်ခုဖြစ်သည့် ထိုင်းနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် အာဏာသိမ်းခံရပြီးချိန်မှစကာ တပ်မတော်ဦးဆောင်သည့် အစိုးရက စစ်အုပ်ချုပ်ရေးအောက်ကျရောက်ခဲ့သည်။ ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက ဒီမိုကရေစီလမ်းကြောင်းသို့ ရောက်ရှိမည့် အထွေထွေရွေးကောက်ပွဲကို ယခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည်ဖြစ်ကြောင်း ပြောဆိုထားခဲ့သည်။

သို့သော်လည်း တပ်မတော်ထိန်းချုပ်ထားသည့် အမျိုးသားညီလာခံသည် ရွေးကောက်ပွဲဥပဒေသစ်တစ်ရပ်အစပြုမှုကို ရွှေ့ဆိုင်းရန်အစီအစဉ်ကို ပြီးခဲ့သည့်ကြာသပတေးနေ့က အတည်ပြုခဲ့ရာ ရွေးကောက်ပွဲကို ရွှေ့ဆိုင်းသွားနိုင်သည့် အခြေအနေတစ်ရပ်ကို ပေါ်ထွက်လာစေခဲ့သည်။

စနေနေ့က လူထုစုဝေးလှည့်လည်ခဲ့မှုတွင် ကျောင်းသားများသည် လူအုပ်ထဲတွင် နေရာယူခဲ့ကြသည်။ ရွေးကောက်ပွဲကို ယခင်စီစဉ်ထားခဲ့သည့်အတိုင်း ကျင်းပပေးရန် တောင်းဆိုခဲ့ကြသည်။ ထို့နောက် ဆန္ဒထုတ်ဖော်ရာတွင် ပါဝင်သူများသည် စစ်အုပ်ချုပ်ရေးအလိုမရှိဟူ၍ ကြွေးကြော်သံများဖြင့် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

အသက် ၃၅ နှစ်ရှိ အမျိုးသမီးတစ်ဦးသည် တပ်မတော်က အာဏာစွဲကိုင်ခဲ့သည်မှာ အလွန်ကြာမြင့်ခဲ့ပြီဖြစ်ကြောင်းနှင့် ဒီမိုကရေစီအစိုးရသစ်တစ်ရပ် တက်လာရန် မြင်တွေ့လိုကြောင်း ပြောကြားခဲ့သည်။

အာဏာလွှဲပြောင်းပေးရန် နှောင့်နှေးကြန့်ကြာအောင် လုပ်ဆောင်နေသည်ဟုဆိုကာ တပ်မတော်ကို နိုင်ငံရေးပါတီများနှင့် ဒေသမီဒီယာများက အပြစ်တင်ဝေဖန်ခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**




# ဆော်ဒီမင်းသားသန်းကြွယ်သူဌေး အယ်လ်ဝါလိဒ် ဘင်တယ်လယ်ကို အကျင့်ပျက်ခြစားမှုဖြင့် ဖမ်းဆီးထိန်းသိမ်းထားရာမှ ပြန်လွှတ်ပေး

**ရီယာ့ဒ် ဇန်နဝါရီ ၂၈**

ဆော်ဒီအာရေဗျနိုင်ငံတွင် အကျင့်ပျက်ခြစားမှုစွပ်စွဲချက်ဖြင့် ဖမ်းဆီးထိန်းသိမ်းထားသည့် သန်းကြွယ်သူဌေးတစ်ဦးဖြစ်သူ ဆော်ဒီမင်းသားကို ဖမ်းဆီးထိန်းသိမ်းထားရာမှ ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

ဆော်ဒီမင်းသား အယ်လ်ဝါလိဒ် ဘင်တယ်လယ်ကို စနေနေ့က လွှတ်ပေးလိုက်ခြင်းဖြစ်ကြောင်း အမေရိကန်နှင့် ဥရောပမီဒီယာများက ဖော်ပြကြသည်။ ၎င်းအား ဇိမ်ခံဟိုတယ်တစ်ခု၌ ဖမ်းဆီးထိန်းသိမ်းထားခဲ့သည်မှာ သုံးလခန့်ကြာမြင့်ခဲ့ပြီဖြစ်သည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလတွင်စတင်ခဲ့သော အစိုးရဦးဆောင်သည့် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးစီမံချက်အတွင်း ဆော်ဒီတော်ဝင်ဘုရင့်ဆွေမျိုးများနှင့် ထင်ရှားသည့် စီးပွားရေးလုပ်ငန်းရှင်ပေါင်းများစွာတို့နှင့်အတူ ဆော်ဒီမင်းသား ဘင်တယ်လယ်ကို ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။




ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသူအချို့မှာ ပြစ်မှုကျူးလွန်ခဲ့ကြောင်း ဝန်ခံခဲ့ပြီး ၎င်းတို့၏ ပိုင်ဆိုင်မှုများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် သဘောတူခဲ့ပြီးနောက်တွင် လွတ်မြောက်ခဲ့သည်။ ဖမ်းဆီးထိန်းသိမ်းမှုမှ မလွတ်မြောက်မီတွင် မင်းသားအယ်လ်ဝါလိဒ်သည် ရိုက်တာသတင်းအေဂျင်စီနှင့် အင်တာဗျူးအမေးအဖြေပြုလုပ်ခဲ့ကြောင်း သိရသည်။

အမေးအဖြေပြုလုပ်ရာတွင် အယ်လ်ဝါလိဒ်က ၎င်းသည် အပြစ်မရှိကြောင်းနှင့် လာဘ်ပေးလာဘ်ယူပြုလုပ်ခဲ့ခြင်းမရှိကြောင်း ပြောကြားခဲ့သည်။ သို့သော် ၎င်းပြန်လွှတ်လာသည့် အသေးစိတ်အကြောင်းအရာများနှင့်ပတ်သက်၍ ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

မင်းသားသည် တွစ်တာ၌ ရှယ်ယာပေါင်းများစွာ ပိုင်ဆိုင်သူအဖြစ်ကျော်ကြားပြီး ငွေကြေးဆိုင်ရာအဖွဲ့အစည်းများစွာတို့တွင်လည်း ရှယ်ယာပိုင်ဆိုင်ထားသည့်အပြင် ၎င်း၏ကွန်ရက်သည် ဒေါ်လာ ၁၇ သန်းခန့်တန်ဖိုးရှိမည်ဟု ယူဆရသည်။

**အင်န်အိတ်ချ်ကေ**

## တူရကီပုံးကြဲတိုက်ခိုက်မှုကြောင့် ရှေးဟောင်းဘုရားရှိခိုးကျောင်းတစ်ခု ပျက်စီးခဲ့ကြောင်း ဆီးရီးယားအစိုးရ ပြောကြား

**ဘေရွတ် ဇန်နဝါရီ ၂၈**

ဆီးရီးယားနိုင်ငံရှိ ကာ့ဒ်စစ်သွေးကြွများ ထိန်းချုပ်ထားသည့် အာဖရင်ဒေသကို တူရကီတို့၏ ပုံးကြဲတိုက်ခိုက်မှုကြောင့် နိုင်ငံအတွင်းရှိ ရှေးဟောင်းဘုရားရှိခိုးကျောင်းတစ်ခု ဆိုးဆိုးရွားရွားထိခိုက်ပျက်စီးသွားခဲ့ကြောင်း ဆီးရီးယားအစိုးရနှင့် စစ်ရေးစီမံထိန်းချုပ်မှုအဖွဲ့တစ်ဖွဲ့က ပြောကြားခဲ့ကြောင်း သိရသည်။

Ain Dara ဘုရားရှိခိုးကျောင်းသည် သံခေတ်ဘုရားရှိခိုးကျောင်းတစ်ခုဖြစ်သည်။ အွန်လိုင်းပေါ်တွင် တွေ့ရသည့် ဓာတ်ပုံများအရ ယင်းဘုရားရှိခိုးကျောင်းရှိရာနေရာတွင် ပုံးကျရောက်ပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်သည့် ပုံးကျင်းကို တွေ့မြင်ရသည်။

ဆီးရီးယားအစိုးရအဖွဲ့သည် တူရကီအနေဖြင့် ရှေးဟောင်းသမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်နေရာများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းမှ ကာကွယ်တားဆီးရန်အတွက် တူရကီကို နိုင်ငံတကာက ဖိအားပေးကြရန် တောင်းဆိုထားကြောင်း ဆီးရီးယားနိုင်ငံပိုင်သတင်းမီဒီယာက ဖော်ပြခဲ့သည်။

ဗြိတိန်အခြေစိုက်ထားသည့် လူ့အခွင့်အရေးဆိုင်ရာ ဆီးရီးယားလေ့လာမှုအဖွဲ့က အိန်ဒါရာဘုရားကျောင်းသည် တူရကီတို့၏ ပုံးကြဲတိုက်ခိုက်မှုထိမှန်ခဲ့ပြီး သိသိသာသာထိခိုက်ပျက်စီးသွားကြောင်း သို့သော် လူအသေအပျောက်မရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ တူရကီတပ်မတော်ဘက်မှ တုံ့ပြန်ပြောဆိုမှု ထွက်ပေါ်မလာသေးကြောင်း သိရသည်။ တူရကီသည် ဆီးရီးယားနိုင်ငံ အာဖရင်ဒေသတွင် ဝိုင်ပီဂျီအဖွဲ့အား ပစ်မှတ်ထားသည့် ထိုးစစ်ကို ပြီးခဲ့သည့် ရက်သတ္တပတ်အကြာက လုပ်ဆောင်ခဲ့သည်။

**ရိုက်တာ**

# ကဘူးလ်၌ လူနာတင်ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် သေဆုံးသူတစ်ရာနီးပါး မြင့်တက်လာ

**ကဘူးလ် ဇန်နဝါရီ ၂၈**

အာဖဂန်မြို့တော် ကဘူးလ်၌ လပေါင်းများစွာအတွင်း အဆိုးရွားဆုံးတိုက်ခိုက်မှုတစ်ခုဖြစ်သည့် စနေနေ့က ဖြစ်ပွားခဲ့ပြီးနောက်တွင် သေဆုံးသူအရေအတွက်သည် ၉၅ ဦးအထိ ကြောက်မက်ဖွယ်မြင့်တက်လာခဲ့ပြီး ဒဏ်ရာရရှိသူ ၂၅၀ ကျော်ခန့်ရှိခဲ့ကြောင်း သိရသည်။ ယင်းအသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် တနင်္ဂနွေနေ့တွင် ကဘူးလ်ရှိ ပြည်သူများမှာ အကြီးအကျယ် စိုးရိမ်ထိတ်လန့်လျက်ရှိကြောင်း သိရသည်။

လုံခြုံရေးအာဏာပိုင်များက နောက်ထပ်တိုက်ခိုက်မှုများစွာ ထပ်မံဖြစ်ပွားနိုင်ကြောင်း သတိပေးချက်နှင့်အတူ လူထူထပ်သည့် မြို့တွင်းလမ်းတစ်ခုအတွင်း၌ ပေါက်ကွဲပစ္စည်းတင်ဆောင်ထားသည့် လူနာတင်ကားတစ်စီး ပေါက်ကွဲခဲ့သည်။

ကျွန်ုပ်တို့ မည်သို့အသက်ရှင်ရမည်နည်း။ ကျွန်ုပ်တို့ မည်သည့်နေရာသွားသင့်သနည်းဟု ပေါက်ကွဲမှုဖြစ်ပွားရာ အနီးရှိ စျေးဆိုင်အတွင်း၌ ရှိနေခဲ့သူ စျေးဆိုင်ပိုင်ရှင် မိုဟာမက်ဟာနစ်ဖ်က ပြောကြားခဲ့သည်။ ကျွန်ုပ်တို့တွင် လုံခြုံမှုမရှိတော့။ သင့်တော်သည့် အစိုးရမရှိတော့သည့်နောက်တွင် ကျွန်ုပ်တို့ ဘာဆက်လုပ်သင့်သနည်းဟု ၎င်းက ပြောခဲ့သည်။

တိုက်ခိုက်မှုကို တာလီဘန်စစ်သွေးကြွများက လုပ်ဆောင်ခဲ့ကြောင်း သိရသည်။ ၎င်းတို့သည် ပြီးခဲ့သည့် ရက်သတ္တပတ်ကလည်း ကဘူးလ်ရှိ အင်တာကွန်တီနင်တယ်ဟိုတယ်ကို တိုက်ခိုက်မှုလုပ်ဆောင်ခဲ့သည်။ နိုင်ငံတကာမှ ခေါင်းဆောင်များသည် ကဘူးလ်တွင် ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုကို ပြစ်တင်ရှုတ်ချလျက်ရှိကြောင်း သိရသည်။

**ရိုက်တာ**



## နိုင်ငံတကာ သတင်းတိုထွာ

### နယ်သာလန်နိုင်ငံ မြို့တော် အမ်စတာဒမ်အလယ်ပိုင်း၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ တစ်ဦးသေဆုံး

**အမ်စတာဒမ် ဇန်နဝါရီ ၂၈**

နယ်သာလန်နိုင်ငံ မြို့တော်အမ်စတာဒမ်မြို့အလယ်ပိုင်းတွင် ယမန်နေ့က သေနတ်ပစ်ခတ်မှုတစ်ခုဖြစ်ပွားခဲ့ရာ လူတစ်ဦးသေဆုံးခဲ့ပြီး အခြားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း မြို့တော်ရဲတပ်ဖွဲ့က လူမှုကွန်ရက်စာမျက်နှာဖြစ်သော တွစ်တာတွင် ဖော်ပြခဲ့သည်။

အဆိုပါ သေနတ်ပစ်ခတ်မှုသည် ဂရုတ်ဝစ်တန်ဘာဂါစထရတ်ခရိုင်ရှိ လမ်းမပေါ်တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဧရိယာတွင် ရဲတပ်ဖွဲ့အနေဖြင့် အတားအဆီးများချထားပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်နေကြောင်း သိရပြီး ထပ်မံရရှိသော သတင်းအချက်အလက်များကို မကြာခင်ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

သေနတ်ပစ်ခတ်မှုတွင် သေဆုံးသူကို အတည်ပြုနိုင်ရေး ရဲတပ်ဖွဲ့က ဆောင်ရွက်နေကြောင်း သိရသည်။

**ဆင်ဟွာ**

### အာဖဂန်လုံခြုံရေးတပ်ဖွဲ့က တာလီဘန်တပ်မမှူး အဆင့်ရှိသူအား သုတ်သင်သတ်ဖြတ်နိုင်ခဲ့

**အာဖဂန်နစ္စတန် ဇန်နဝါရီ ၂၈**

အာဖဂန်လုံခြုံရေးတပ်ဖွဲ့က ကွန်ဒုဇ်ပြည်နယ်မြောက်ပိုင်းတွင် အထူးတပ်ဖွဲ့ခေါ် တာလီဘန်တပ်မမှူးဆိုသူအား သုတ်သင်သတ်ဖြတ်နိုင်ခဲ့ကြောင်း လုံခြုံရေးတပ်ဖွဲ့ဆိုင်ရာ သတင်းရင်းမြစ်က ဇန်နဝါရီ ၂၇ ရက်တွင် ပြောခဲ့သည်။

တာလီဘန်တပ်မမှူး မမ်တက်ဇ်သည် သူ၏ အဖော်နှစ်ဦးနှင့်အတူ သုတ်သင်သတ်ဖြတ်ခြင်းခံခဲ့ရသည်။

ထို့အတူ စစ်သွေးကြွသုံးဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း သတင်းထုတ်ပြန်ရေးအရာရှိ နာစထရူလာ့ဂျမ်ရှီ ဒီက လူမှုကွန်ရက် စာမျက်နှာဖြစ်သော တွစ်တာ တွင် ဖော်ပြ ခဲ့သည်။

အာဖဂန် လုံခြုံရေးတပ်ဖွဲ့များက တောင်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် စစ်သွေးကြွများကို တိုက်ထုတ်လျက်ရှိသောကြောင့် ယခင်ကတည်ငြိမ်အေးချမ်းလျက်ရှိသည့် မြောက်ပိုင်းဒေသများ၌ ယခုအခါတွင် အကြမ်းဖက်မှုများ မြင့်တက်လာခဲ့ကြောင်း သိရသည်။

နှစ်ပေါင်း ၁၆ နှစ်ကျော်ကြာအောင် ဆူပူအကြမ်းဖက်မှုများကို လုပ်ဆောင်ခဲ့သော တာလီဘန်သောင်းကျန်းသူများအဖွဲ့က အဆိုပါတိုက်ခိုက်မှုနှင့် ပတ်သက်ပြီး မည်သည့်မှတ်ချက်ပြုခြင်းမျှ မရှိသေးပေ။

**ဆင်ဟွာ**

# အမေရိကန်နဲ့ ဗီယက်နမ်ဆက်ဆံရေးကိုထင်ဟပ်မယ့် လေယာဉ်တင်သင်္ဘောခရီးစဉ်

ကလျာမိုးမြင့်



စစ်ပြီးကာလမှ ပထမဆုံးအနေနဲ့ အမေရိကန် ပြည်ထောင်စုဟာ ဗီယက်နမ်ကို လေယာဉ်တင်သင်္ဘောတစ်စင်းကို စေလွှတ်သွားမှာ ဖြစ်တယ်လို့ ဗီယက်နမ်ကာကွယ်ရေးဝန်ကြီးဌာနက ပြီးခဲ့တဲ့ကြာသပတေးနေ့က ပြောကြားခဲ့ပါတယ်။ ဒီသတင်းက ဗီယက်နမ်စစ်ပွဲအပြီး ဆယ်စုနှစ်လေးခုကျော်အကြာမှာ ရန်ဘက်ဟောင်းနှစ်ဦးအကြား ခိုင်မာနက်ရှိုင်းတဲ့ စစ်ရေးအရ ဆက်ဆံမှုကို ဖော်ပြတဲ့ သက်သေအထောက်အထားဖြစ်လာမယ့် သဘောပါပဲ။

အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ် ဗီယက်နမ်ကို နှစ်ရက်ကြာခရီးစဉ်သွားရောက်ခဲ့တဲ့ အတောအတွင်းမှာ ဒီကြေညာချက်ထွက်ပေါ်လာတာဖြစ်ပြီး ဒီခရီးစဉ်ဟာ တရုတ်နိုင်ငံနဲ့ ပတ်သက်ပြီး တူညီတဲ့စိုးရိမ်ကြောင့်ကြမှုတွေအပေါ်မှာ အာရုံစိုက်သွားဖို့ သွားရောက်ခဲ့တာဖြစ်တယ်လို့ ခန့်မှန်းရပါတယ်။ လေယာဉ်တင်သင်္ဘောစေလွှတ်မယ့် ကမ်းလှမ်းချက်ကို မတ်လလောက်မှာ ဗဟိုဆိပ်ကမ်းဖြစ်တဲ့ ဒါနန်ကိုစေလွှတ်သွားဖို့ စီစဉ်ထားတယ်လို့ ဗီယက်နမ်ကာကွယ်ရေးဝန်ကြီးဌာနက ဖော်ပြပါတယ်။

အမေရိကန် လေယာဉ်တင်သင်္ဘောနဲ့ ခုလိုအလည်အပတ် လာရောက်မယ့်ခရီးစဉ်ဟာ ၁၉၇၅ ခုနှစ် ပင္ငိုပက္ခစစ်ပွဲ အဆုံးသတ်ခဲ့ချိန်ကစပြီး ဗီယက်နမ်ကို အမေရိကန်ရဲ့အများဆုံးသောစစ်အင်အားစုတွေကို ခေါ်ဆောင်လာမယ့် အလည်အပတ်ခရီးစဉ် တစ်ခုပါ။

ကျွန်ုပ်တို့ လမ်းကြောင်းမှန်ပေါ်ကို ရောက်ရှိနေတယ်လို့ ကျွန်ုပ်တပ်အပ်ပြောရဲတယ်လို့ ကာကွယ်ရေးဝန်ကြီး ငိုစွမ်လစ်ချ်နဲ့ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက်မှာ မက်တစ်ကဗီယက်နမ်သမ္မတ ထရန်ဒိုင်ကွမ်သို့ ပြောခဲ့ပါတယ်။

ပင်တဂွန် ပြောရေးဆိုခွင့်ရှိသူ ကပ္ပတိန် ဂျက်ဖ်ဒေးဗစ်က လေယာဉ်တင်သင်္ဘောစေလွှတ်ရေးကိစ္စကို မက်တစ်နဲ့ ဆွေးနွေးဘက်တို့က ဆွေးနွေးခဲ့ကြတာဖြစ်ပြီး ဗီယက်နမ်ကာကွယ်ရေးဝန်ကြီးဟာ အမျိုးသားခေါင်းဆောင်တွေဆီကနေ အပြီးသတ် အတည်ပြုထောက်ခံချက်ရရှိဖို့ ကြိုးပမ်းနေတယ်။ ဒါကိုအတည်ပြုထောက်ခံပြီး မတ်လလောက်မှာ လေယာဉ်တင်သင်္ဘောဟာ ဒါနန်ကိုခရီးစဉ်သွားရောက်နိုင်လိမ့်မယ်လို့ ကျွန်ုပ်တို့တွက်ဆထားတယ်လို့ ဒေးဗစ်ကဆိုပါတယ်။

**လေယာဉ်တင်သင်္ဘော ရောက်ရှိမှုကို ကြိုဆိုကြမည့် နိုင်ငံများ**

တောင်တရုတ်ပင်လယ်အတွင်းမှာ အထူးသဖြင့် ကျွန်းတွေတည်ဆောက်ပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုလွန်ကဲတဲ့ သဘောဆောင်နေတဲ့ တရုတ်နိုင်ငံရဲ့စစ်ရေးလှုပ်ရှားမှုတွေ ပိုမိုမြင့်တက်လာနေတာကို မျက်စိစပါးမွေးစူးနေကြတဲ့ နိုင်ငံအစုအဝေးတွေကတော့ အမေရိကန် လေယာဉ်တင်သင်္ဘော ဗီယက်နမ်ရောက်ရှိမှုကို ဝမ်းသာလိုက်လှဲစွာ ကြိုဆိုလက်ခံကြမယ့်အခြေအနေရှိပါတယ်။ သွားလာလှုပ်ရှားမှုတွေပြည့်နှက်နေတဲ့ ရေလမ်းကြောင်းဟာ အရှေ့မြောက်အာရှ၊ အရှေ့အလယ်ပိုင်းနဲ့ ဥရောပတို့ကို ဆက်သွယ်ပေးနေတဲ့ အသက်သွေးကြောသဖွယ် အရေးပါတဲ့ ကမ္ဘာလုံးဆိုင်ရာကုန်သွယ်ရေးလမ်းကြောင်း တစ်ခုပါပဲ။

**ဗီယက်နမ်နဲ့စစ်ရေးအရ ပိုမိုဆက်ဆံလာ**

အထူးသဖြင့် အမေရိကန်၊ ဂျပန်၊ အိန္ဒိယနဲ့ ဩစတြေးလျတို့ဟာ တရုတ်နိုင်ငံရဲ့ အယုံအကြည်ကင်းမဲ့မှုကြောင့် တွန်းအားတစ်ခုဖြစ်လာတဲ့ အင်ဒိုပစိဖိတ်လို့ ၎င်းတို့ယခုခေါ်တွင်နေကြတဲ့ လှုပ်ရှားမှုရဲ့ လေးနိုင်ငံ လစ်ဘရယ်ဒီမိုကရေစီ အစုအဝေးတစ်ရပ်အနေနဲ့ ပိုပြီးအတူတကွ နီးနီးကပ်ကပ် လက်တွဲလုပ်ဆောင်လာကြတာကို တွေ့ရပါတယ်။

အမေရိကန်ပစိဖိတ်ရေတပ်ဗိုလ်ချုပ်ကြီး ဟယ်ရီဟာရစ်က နယူးဒေလီမှာ ပြုလုပ်တဲ့ ဂျပန်နဲ့အိန္ဒိယခေါင်းဆောင်တွေ တွေ့ဆုံဆွေးနွေးမှုအပြီးမှာ တရုတ်နိုင်ငံကို ပြိုကွဲပျက်စီးအောင်လုပ်ဆောင်မယ့် အကူးအပြောင်း အင်အားစုတစ်ရပ်အနေနဲ့ ပြီးခဲ့တဲ့ ရက်သတ္တပတ်က ဖော်ပြခဲ့ပါတယ်။ အိန္ဒိယ၊ ဂျပန်နဲ့ ဩစတြေးလျနိုင်ငံတွေအားလုံးဟာ မကြာသေးမီနှစ်တွေအတွင်းမှာ ဗီယက်နမ်နိုင်ငံနဲ့ စစ်ရေးအရ ဆက်ဆံမှုကိုမြှင့်တင်ခဲ့ကြပြီး အိန္ဒိယဟာဆိုရင် အသစ်ထွက်ပေါ်လာနေတဲ့ ဗီယက်နမ်ရဲ့ ရေငုပ်သင်္ဘောအင်အားစုတွေနဲ့ တိုက်ခိုက်ရေး ဂျက်လေယာဉ်ပိုင်းလော့တွေကို အဆင့်မြှင့်တင်ထားတဲ့သင်ကြားလေ့ကျင့်မှုတွေ ဖြည့်ဆည်းပေးခဲ့ပါတယ်။

**သံတမန်ဆက်ဆံရေးကိုဖော်ဆောင်**

ဒါနန်ကို အမေရိကန်လေယာဉ်တင်သင်္ဘောအလည်အပတ် သွားရောက်ဖို့ ကြာသပတေးနေ့မှာအတည်ပြုလိုက်ခြင်းဟာ ပင်တဂွန်နဲ့ ဟန္ဒိုင်းအကြား လပေါင်းများစွာကြာမြင့်မယ့် စစ်ရေးဆိုင်ရာ သံတမန်ဆက်ဆံမှုကို ဖော်ဆောင်ပေးမှာဖြစ်တယ်လို့ သံတမန်တွေကပြောပါတယ်။ ပြီးခဲ့တဲ့မေလအတွင်းက အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နဲ့ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်စွမ်ဖုတို့ အိမ်ဖြူတော်မှာ တွေ့ဆုံခဲ့ချိန်မှာ အလားအလာတွေ စရှိလာခဲ့ပြီး ဩဂုတ်လအတွင်းမှာတော့ ဗီယက်နမ်ကာကွယ်ရေးဝန်ကြီး ငိုစွမ်လင့်ချ်ဟာ ဝါရှင်တန်မှာ မက်တစ်နဲ့ တွေ့ဆုံကာ ဆွေးနွေးပွဲတွေ ဆက်တိုက်ဆိုသလို လုပ်ဖြစ်ခဲ့ပါတယ်။

ဗီယက်နမ် ဒုတိယကာကွယ်ရေးဝန်ကြီး ငုရင်ချီဗင့်ဟာ ပြီးခဲ့တဲ့ အောက်တိုဘာလက ကယ်လီဖိုးနီးယားတောင်ပိုင်းမှာ ယူအက်စ်အက်စ် ကာလ်ဗင်ဆန် သင်္ဘောပေါ် လေယာဉ်ပျံသန်းလေ့ကျင့်မှုတွေကို စောင့်ကြည့်ဖို့ ဗီယက်နမ်အာဏာပိုင် ၁၁ဦးကို ဦးဆောင်ခဲ့ချိန်ကစပြီး အမေရိကန်သင်္ဘောကိုခရီးလှည့်လည်ဖို့ နိုင်ငံရဲ့အမြင့်ဆုံးအာဏာပိုင်တစ်ဦးဖြစ်လာခဲ့ပါတယ်။

စစ်ပွဲပြီးဆုံးခဲ့ချိန်ကတည်းက အမေရိကန်လေယာဉ်တင်သင်္ဘောတစ်စင်းမှ ဗီယက်နမ်ကိုရောက်ရှိခဲ့ခြင်း မရှိသေးပေမယ့်လည်း အမေရိကန်စစ်သင်္ဘောငယ်တွေကတော့ ပြီးခဲ့တဲ့ နှစ်အနည်းငယ်အတွင်းမှာ အဆင့်မြင့်အရာရှိများအဆင့်သွားရောက်လည်ပတ်မှုတွေ ပြုလုပ်ခဲ့သလို ရင်းနှီးဆက်ဆံမှုတွေလည်း တိုးတက်လာတာအမှန်ပါပဲ။ သွားရောက်ခဲ့တဲ့ခရီးစဉ်တွေထဲမှာ USS Frank Cablea ရေငုပ်သင်္ဘောနဲ့ ဒုံးကျည်ဖျက်သင်္ဘော USS John McCain သင်္ဘောကနေ Cam Ranh Bay သင်္ဘောအထိ ပါဝင်ပါတယ်။

စီစဉ်သွားရောက်ခဲ့တဲ့လေယာဉ်တင်သင်္ဘောခရီးစဉ်ဟာ သိသာထင်ရှားတဲ့ အဆင့်မြင့်ခရီးစဉ်ဖြစ်ခဲ့တယ်။ ဒါဟာ ကာကွယ်ရေးဆိုင်ရာ ဆက်ဆံမှုနည်းလမ်းကို ရှေ့တိုးဆောင်ရွက်လိုတဲ့ သင်္ကေတတစ်ခုလည်းပဲ ဖြစ်တယ်လို့ စင်ကာပူ ISEAS Yousof Ishak တက္ကသိုလ်က တောင်တရုတ်ပင်လယ်အရေး ကျွမ်းကျင်သူ Ian Storey က ပြောခဲ့ပါတယ်။

**တူညီတဲ့စိုးရိမ်ပူပန်မှုတွေရှိနေ**

ဗီယက်နမ်မှာ အမေရိကန်စစ်ပွဲဖြစ်ပွားခဲ့ပြီး ဆယ်စုနှစ်များစွာအကြာမှာ အမေရိကန်ပြည်ထောင်စုနဲ့ကွန်မြူနစ်အုပ်ချုပ်ရေးစနစ်ကျင့်သုံးတဲ့ ဗီယက်နမ်နိုင်ငံတို့ ဆက်ဆံရေးဟာ ပြောင်းလဲလာပြီး နေ့စဉ်နေ့တိုင်း အမေရိကန်ဒေါ်လာ ၃ ထရီလီယံကျော် တန်ဖိုးရှိတဲ့ ကုန်စည်တွေ ဖြတ်သန်းသယ်ဆောင်နေတဲ့ တောင်တရုတ်ပင်လယ်အတွင်းမှာ တရုတ်နိုင်ငံရဲ့စစ်ရေးအရ ချဲ့ထွင်လာမှုတွေနဲ့ပတ်သက်ပြီး တူညီတဲ့စိုးရိမ်ပူပန်မှုတွေရှိနေကြတာကို တွေ့ရပါတယ်။

ဗီယက်နမ်ဟာ တရုတ်နိုင်ငံရဲ့ရေပိုင်နက်အငြင်းပွားမှုကို ဆန့်ကျင်တဲ့နေရာမှာ အကျယ်လောင်ဆုံးအသံထွက်တဲ့ နိုင်ငံတစ်ခုအနေနဲ့ ပေါ်ထွက်လာခဲ့ပြီး အမေရိကန်ကနေ Halmilton အမျိုးအစား သင်္ဘောဝယ်ယူမှု ပြုလုပ်ခဲ့ပါတယ်။ အဲဒီသင်္ဘောဟာ ဗီယက်နမ်ရေတပ်မှာရှိတဲ့အရာတွေထက် ပိုပြီးကြီးမားတယ်လို့ အမေရိကန်အာဏာပိုင်တစ်ဦးက ပြောပါတယ်။

ဗီယက်နမ်ဟာ ဒေသတွင်းမှာ စီးပွားရေးတိုးတက်မှုအမြန်ဆုံးအနေအထားတစ်ခုကို မရရှိသေးဘူး။ ဒီတော့ လွတ်လပ်စွာ ပင်လယ်ရေကြောင်းသွားလာခွင့်နဲ့ တောင်တရုတ်ပင်လယ်အတွင်းမှာ အခွင့်အရေးရရှိဖို့ဟာ စီးပွားရေးအရ အဓိကကျနေပါတယ်။

ဗီယက်နမ်နဲ့ အမေရိကန်ဆက်ဆံရေးဟာ ၁၉၉၅ ခုနှစ်မှာ ဆက်ဆံရေးအခြေအနေတွေ ပုံမှန်ပြန်ဖြစ်လာခဲ့တဲ့အချိန်ကစပြီး ဆယ်စုနှစ်တွေအတွင်းမှာ သိသိသာသာတိုးတက်ပြောင်းလဲလာတာ ဖြစ်ပါတယ်။ ။

**ကိုးကား-ရိုက်တာ**

> “ဒါနန်ကို အမေရိကန်လေယာဉ်တင်သင်္ဘော အလည်အပတ်သွားရောက်ဖို့ ကြာသပတေးနေ့မှာ အတည်ပြုလိုက်ခြင်းဟာ ပင်တဂွန်နဲ့ ဟန္ဒိုင်းအကြား လပေါင်းများစွာကြာမြင့်မယ့် စစ်ရေးဆိုင်ရာ သံတမန်ဆက်ဆံမှုကို ဖော်ဆောင်ပေးမှာ ဖြစ်တယ်လို့ သံတမန်တွေကပြော”



## ပဲတီစိမ်း စိုက်ပျိုးအသုံးပြုနည်း လက်တွေ့ကွင်းဆင်းသရုပ်ပြ

**ခရမ်း ဇန်နဝါရီ ၂၈**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပဲတီစိမ်းတစ်ကွင်းတစ်စပ်တည်း စိုက်ခင်းဧက ၄၅၀ တွင် ယူရီးယားနှင့် လက်ခြားအသုံးပြုနည်း လက်တွေ့သရုပ်ပြပွဲကို ဇန်နဝါရီလဒုတိယပတ်က စိုက်ကွင်းတည်ရှိရာ အထက်ခမတ် ကျေးရွာ စိုက်ခင်း၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာအေးမင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှတိုး၊ စိုက်ပျိုးရေးဦးစီးဌာနတိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်းနှင့် ဌာနဆိုင်ရာများ၊ ဒေသခံပဲစိုက်တောင်သူများ တက်ရောက်ခဲ့ကြပြီး စိုက်ပျိုးရေးဦးစီးဌာနတိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်ကျော်က GAP တစ်ကွင်းတစ်စပ်တည်း စိုက်နည်းစနစ်ဖြင့် စိုက်ပျိုး ထုတ်လုပ်နည်း၊ သီးနှံပင်ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းခြင်းဆိုင်ရာ Mobile Application အသုံးပြုပုံနှင့် တစ်ကေကုန်ကျစရိတ်သက်သာစေမည့် နည်းလမ်းများအား ရှင်းလင်းဆွေးနွေးပြီး ယူရီးယားနှင့် လက်ခြားအသုံးပြုပုံအဆင့်ဆင့်အား လက်တွေ့ပြသ၍ နည်းပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ညောင်ဦးမြို့နယ်တွင် ငှက်ပျောပင်စိုက်တောင်သူများ ပိုးကျပြီးအရှုံးပေါ်လျက်ရှိ

**ညောင်ဦး ဇန်နဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြစ်ရေတင်ကြီးများ အတွင်းရှိ တောင်သူများသည် ငှက်ပျောပင်များစိုက်ပျိုးထားရှိရာ ယခုနှစ်ဆောင်းရာသီတွင် ပိုးကျရောက်ပြီးအရှုံးပေါ်နေကြောင်း သိရသည်။

"ငှက်ပျောခြံအသစ်တွေလည်းပိုးကျတယ်၊ အဟောင်းခြံတွေလည်းပိုးကျတယ်၊ အဟောင်းခြံတောင်သူတွေက အရှုံးသက်သာပြီး အသစ်တည်တဲ့ ခြံသမားတွေအရှုံးပိုများတယ်၊ ကျွန်တော့်ငှက်ပျောခြံက တန်ခူးလကစပြီးစိုက်ထားတဲ့ ခြံအသစ်ပါ၊ အခုဒီဆောင်းဘက်ရောက်လာတော့ ငှက်ပျောပင်အောက်လက်တွေက တဖြည်းဖြည်းဝါလာတယ်၊ နောက်တော့ အပေါ်အလက်တွေပါ ဝါလာပါတယ်၊ ဒီတော့ပိုးကျမှန်းသိသာပြီ၊ စိုက်ခဲ့စဉ်က ငှက်ပျောပျိုးတစ်ပင်ကို ငွေကျပ် ၁၈၀ ပေးရတယ်၊ တစ်ပင်စိုက်ခက ငွေကျပ် ၅၀ ပေးရတယ်၊ စုစုပေါင်းတစ်ပင်ကို ငွေကျပ် ၂၃၀ ကုန်ကျတယ်၊ အပင်၂၀၀ လောက်စိုက်တယ်၊ မြေသြဇာကျွေးတာနဲ့ ပေါင်းရှင်းခအားလုံးပေါင်းငွေကျပ်နှစ်သိန်းလောက်ကုန်တယ်၊ ငှက်ပျောခင်းက ဘာမှပြန်မရဘူး" ဟု အောက်ညည့်ကျေးရွာ ငှက်ပျောစိုက်တောင်သူ ကိုဝင်းကိုက ပြောသည်။

"ကျွန်တော်စိုက်ခဲ့တာက နှစ်နှစ်ရှိပြီ၊ အရင်က ငွေကျပ်လေးသိန်းလောက်ကုန်တယ်၊ ငွေကျပ်တစ်သိန်းဖိုးလောက်ပဲ ပြန်ရောင်းရတယ်၊ တောင်သူတွေက ဘာလုပ်လုပ်၊ ဘာစိုက်စိုက်ရှုံးနေတာပဲ၊ ဘာသီးနှံပင်စိုက်ရမှန်းမသိတော့ဘူး၊ ရေဖိုးနဲ့မျိုးဖိုးက တော်တော်ကုန်တယ်၊ သူများတွေ ငှက်ပျောစိုက်တာ အဆင်ပြေတယ်ပြောလို့ လိုက်စိုက်လိုက်တာ အခုတော့ရှုံးပြီ" ဟု သူကောင်းတည်ကျေးရွာ ငှက်ပျောစိုက်တောင်သူ ဦးဝင်းမောင်က ပြောသည်။

ယခုရက်ပိုင်းများတွင် ငှက်ပျောပင်များ ပိုးကျသည့်အတွက် ငှက်ပျောခိုင်များ မအောင်သောကြောင့် ခုတ်ရောင်းနေရကြောင်း၊ မအောင်မြင်သောငှက်ပျောဖီးများကို တစ်ဖီးလျှင်ငွေကျပ် ၅၀၀ နှုန်းနှင့် ရောင်းချနေရကြောင်း၊ ငှက်ပျောသီးအစိမ်းများကိုလည်း ဆေးစိမ်ရောင်းချနေရကြောင်း ငှက်ပျောစိုက်တောင်သူများထံမှ သိရသည်။ **ကျော်ဌေး(ညောင်ဦး)**



## နွေစပါး SRI စနစ် ပျိုးထောင်ခြင်းနည်းစနစ်များ ကွင်းဆင်းလေ့လာ

**ဝေါ ဇန်နဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ကျိုက်လှကျေးရွာအုပ်စု ၆၈၇ ကွင်းနွေစပါးစံပြကွက်ရှိ စိုက်ခင်းသို့ ကွင်းဆင်းလေ့လာရာတွင် မြို့နယ်ဦးစီးမှူး ဦးအောင်မိုးလွင်က နွေစပါး SRI စနစ် ပျိုးထောင်ခြင်း နည်းစနစ်နှင့် စိုက်ပျိုးပြီးစံပြကွက် ငါးကေနှင့် ပေါင်စနစ်ဖြင့် စိုက်ပျိုးသည့် ၁၀ ဧက စံပြကွက်နှင့် ပေါင်ပျိုးခင်းများအား မြို့နယ်နွေစပါးဧက ၁၀၀၀၀ ကျော်စိုက်ပျိုးနေခြင်း အသေးစိတ်လက်တွေ့လုပ်ငန်းဆောင်ရွက်နေမှုအား ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်အပင်ရောဂါဗေဒအထူးပြုနောက်ဆုံးနှစ်ကျောင်းသား ကျောင်းသူ ၈၀ တို့ကို ရှင်းလင်းပြသပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဇန်နဝါရီ ၂၂ ရက်မှ ၂၆ ရက်ထိ ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်ခဲ့သည့် သီးနှံများ

**ဝတ်ရည်မွန်(AMIA)**

ဒီတစ်ပတ်မှာတော့ မတ်ပဲဈေးက သိပ်အပြောင်းအလဲမရှိပါဘူး။ ပဲစင်းငုံနီကတော့ ဈေးတက်လာပါတယ်။ ကြက်သွန်နီကတော့ တဖြည်းဖြည်းဈေးကျဆင်းလာပါတယ်။

**မတ်ပဲ (FAQ/RC)**

ဒီတစ်ပတ် ရန်ကုန် ဈေးကွက်မှာ မတ်ပဲက ဈေးအပြောင်းအလဲသိပ်မရှိပေမယ့် နယ်ကုန်စည်ဒိုင်တွေမှာတော့ ဈေးကကျဆင်းသွားပါတယ်။

အိန္ဒိယနိုင်ငံမှာလည်း မတ်ပဲက အသစ်တွေ ဝင်လာပြီး အရည်အသွေးကောင်းတဲ့အတွက် ဝယ်လိုအားကောင်းလို့ ဈေးကဆက်ပြီး ကျဆင်းနိုင်ဖွယ်မရှိဘူးလို့ Agriwatch ကတော့ သုံးသပ်ထားပါတယ်။

နေပြည်တော်ကုန်စည်ဒိုင်မှာ မတ်ပဲက တစ်အိတ်ကို ငွေကျပ် ၅၁၀၀၀ ပေါက်ဈေးရှိပြီး ငွေကျပ် ၂၀၀၀ လောက်ဈေးကျဆင်းသွားခဲ့ပါတယ်။ပြည်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ငွေကျပ် ၃၀၀ လောက် ဈေးကျဆင်းသွားပြီး လက်ရှိပေါက်ဈေးက ငွေကျပ် ၁၈၀၀၀ ရှိပါတယ်။ မုံရွာမှာတော့ တစ်တင်းကို ငွေကျပ် ၁၇၄၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ငွေကျပ် ၆၀၀ ဈေးကျဆင်းသွားပါတယ်။

မတ်ပဲက ပြီးခဲ့တဲ့ ကာလတူအခြေအနေမှာ တစ်တင်းကို ငွေကျပ် ၃၇၀၀၀ ပေါက်ဈေးရှိပေမယ့် ဒီ ၂၀၁၈ မှာတော့ တစ်တင်းကို ငွေကျပ် ၁၇၀၀၀ ကျော်သာ ပေါက်ဈေးရှိပါတယ်။ တစ်နှစ်အတွင်း တစ်တင်းကို ငွေကျပ် ၂၀၀၀၀ လောက်ဈေးကျဆင်းသွားခဲ့ပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီက ဒီတစ်ပတ်မှာတော့ ဈေးတက်လာပါတယ်။ နှစ်ပတ်ဆက်တိုက် ဈေးအတက်အကျ သိပ်မရှိပါဘူး၊ ပဲအသစ်တွေက ဆက်တိုက် ဝင်လာနေတဲ့အတွက် ပဲအသစ်က အဟောင်းထက် ဈေးမြင့်နေပါတယ်။

အိန္ဒိယနိုင်ငံမှာတော့ ပဲအသစ်တွေ ဝင်လာနေတဲ့အတွက် ဈေးကကျဆင်းနိုင်ဖွယ်ရှိပြီး လက်ရှိမှာဈေးအေးနေတယ်လို့ သိရပါတယ်။ မြန်မာဘက်ကတော့ ပဲစင်းငုံနီဈေးကို တိုးမြှင့်ရောင်းချလာတယ်လို့ သိရပါတယ်။

ရန်ကုန် ကုန်စည်ဒိုင်မှာ ပဲစင်းငုံနီက တစ်ပိဿာကို ငွေကျပ် ၆၀၀ ကျော်ပေါက်ဈေးရှိပြီး ပခုက္ကူမှာတော့ တစ်ပိဿာ ငွေကျပ် ၅၃၈ သာ ပေါက်ဈေးရှိကာ တစ်ပိဿာကို ငွေကျပ် ၅၀ လောက်ကျဆင်းသွားပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ တစ်ပိဿာကို ငွေကျပ် ၅၅၀ ရှိပြီး ငွေကျပ် ၄၀ ဈေးကျဆင်းသွားပါတယ်။ မုံရွာမှာတော့ ဈေးအပြောင်းအလဲမရှိဘဲ တစ်ပိဿာကို ၅၇၅ ကျပ်ရှိပါတယ်။

**ကုလားပဲ**

ကုလားပဲကတော့ ရန်ကုန်ဈေးကွက်မှာ အတက်အကျများစွာရှိပါတယ်။ နယ်အချို့မှာ ဈေးတက်နေပြီး အချို့နယ်တွေမှာတော့ ဈေးကျဆင်းနေပါတယ်။

ကုလားပဲက မြန်မာနိုင်ငံကနေ အိန္ဒိယနိုင်ငံကိုအဓိကတင်ပို့နေတဲ့အတွက် အိန္ဒိယနိုင်ငံမှာလည်း ကုလားပဲကဆက်ပြီး ဈေးကျဆင်းနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။အိန္ဒိယနိုင်ငံမှာ ကုလားပဲတင်သွင်းတင်ပို့နဲ့ ပတ်သက်ပြီး မူဝါဒအပြောင်းအလဲက မကြာခဏဖြစ်ပေါ်နေတာကိုလည်း တွေ့ရပါတယ်။

မြင်းခြံကုန်စည်ဒိုင်မှာ ကုလားပဲ အဝါရော၊ အဖြူရော တစ်ပိဿာကို ငွေကျပ် ၂၀၀ လောက် ဈေးမြင့်တက်ခဲ့ပြီး တစ်ပိဿာကို ငွေကျပ် ၁၄၅၀ ကနေ ငွေကျပ် ၁၅၀၀ ပေါက်ဈေးရှိပါတယ်။ ပခုက္ကူကုန်စည်ဒိုင်မှာတော့ တစ်ပိဿာကို ငွေကျပ် ၁၅၅၀ ကျော်ရှိပြီး တစ်ပိဿာကို ငွေကျပ် ၂၀ လောက် ဈေးတက်လာပါတယ်။

မုံရွာကုန်စည်ဒိုင်မှာတော့ အဖြူရော၊ အဝါရော တစ်တင်းကို ငွေကျပ် ၂၀၀၀ လောက်ဈေးကျဆင်းသွားခဲ့ပါတယ်။ပြည်မှာတော့ တစ်တင်းကို ငွေကျပ် ၁၀၀၀ လောက်ဈေးကျဆင်းသွားခဲ့ပါတယ်။

ကုလားပဲက ပြီးခဲ့တဲ့နှစ်မှာ တစ်တင်းကို ငွေကျပ် ၅၀၀၀၀ ကျော် ပေါက်ဈေးရှိခဲ့ပြီး တစ်နှစ်ပတ်လုံး ဈေးအမြင့်ဆုံး ရရှိနေတဲ့ပဲအဖြစ် ရပ်တည်နေခဲ့ပါတယ်။

**ကြက်သွန်နီ**

ကြက်သွန်နီကတော့ ဆက်ပြီးဈေးကျဆင်းနေပါတယ်။ ကြက်သွန်အသစ်တွေကလည်း ကုန်စည်ဒိုင်တွေကို အဆက်မပြတ်ဝင်ရောက်လာတဲ့အတွက် ဈေးကကျဆင်းနေတာလည်းဖြစ်ပါတယ်။

နေ့စဉ် ကုန်စည်ဒိုင်တွေကို အိတ် ၇၀၀ လောက်ဝင်နေပါပြီ။ ရေနံချောင်း၊ တောင်တွင်း အစရှိတဲ့နေရာတွေက အဓိကဝင်နေတာလည်းဖြစ်ပါတယ်။

မြင်းခြံကုန်စည်ဒိုင်မှာ ကြက်သွန်နီက တစ်ပိဿာကို ငွေကျပ် ၅၅၀ ကနေ ငွေကျပ် ၁၃၅၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကိုငွေကျပ် ၅၀၀ ကျော်ဈေးကျဆင်းသွားပါတယ်။ နေပြည်တော်မှာလည်း ကြက်သွန်နီက တစ်ပိဿာကို ငွေကျပ် ၁၄၀၀ ကနေ ငွေကျပ် ၂၀၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၈၀၀ ဈေးကျဆင်းသွားပါတယ်။ ပခုက္ကူကုန်စည်ဒိုင်မှာလည်း တစ်ပိဿာကို ငွေကျပ် ၅၅၀ ကနေ ငွေကျပ် ၁၃၅၀ ရှိပြီး ငွေကျပ် ၁၀၀ လောက်ဈေးကျဆင်းသွားပါတယ်။ပြည်မှာတော့ ငွေကျပ် ၁၅၀၀ ကနေ ငွေကျပ် ၁၅၅၀ ရှိပြီး ငွေကျပ်၃၀၀ ဈေးကျဆင်းသွားပါတယ်။

**စီပီပြောင်း**

စီပီပြောင်းကတော့ ဒီတစ်ပတ်မှာလည်း ဈေးတက်လာပါတယ်။ တရုတ်နိုင်ငံက အဓိက ဝယ်ယူနေတာဖြစ်ပြီး တရုတ်နိုင်ငံမှာတော့ စီပီပြောင်းထုတ်လုပ်မှု လျော့ကျတဲ့အတွက် မြန်မာနိုင်ငံက ပြောင်းတွေကို အဓိကထားဝယ် ယူနေတာဖြစ်တယ်လို့ သိရပါတယ်။

လားရှိုးကုန်စည်ဒိုင်မှာ စီပီပြောင်းက တစ်ပိဿာကို ငွေကျပ် ၅၂၀ ကနေ ငွေကျပ် ၅၇၀ အထိ တစ်ပိဿာကို ငွေကျပ် ၄၀ ကျော်လောက် မြင့်တက်လာပါတယ်။ ပြီးခဲ့တဲ့နှစ် ကာလတူအခြေအနေမှာတော့ တစ်ပိဿာကိုငွေကျပ် ၂၈၀ သာ ပေါက်ဈေးရှိပါတယ်။

**စားအုန်းဆီ**

စားအုန်းဆီကတော့ ဈေးကျပြီးရင်းကျနေတဲ့အခြေအနေဖြစ်နေပါတယ်။ အီးယူနိုင်ငံက လောင်စာဆီ ထုတ်လုပ်တာမှာ စားအုန်းဆီသုံးစွဲမှုကို လျှော့ချမယ်ဆိုတဲ့ သတင်းတွေကြောင့် နောက်ဆက်တွဲ ဂယက်အနေနဲ့ စားအုန်းဆီဈေးက အဆမတန် ကျဆင်းခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

လက်ရှိစားအုန်းဆီက မြင်းခြံကုန်စည်ဒိုင်မှာ တစ်ပိဿာကို ငွေကျပ် ၁၇၈၀ ရှိပြီး တစ်ပိဿာကို ငွေကျပ် ၁၂၀ ဈေးကျဆင်းသွားခဲ့ပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ ငွေကျပ် ၁၆၆၀၊ မုံရွာကုန်စည်ဒိုင်မှာတော့ ငွေကျပ် ၁၇၁၀ နဲ့ တစ်ပိဿာကို ငွေကျပ် ၅၀ ကျော်ဈေးကျဆင်းသွားခဲ့ပါတယ်။


ဓာတ်ပုံ-မေမိုးသဲ

## လျှော်ဖြူပင် ခေါ် ဆေးကုလားမပင်များကို စမ်းသပ်စိုက်ပျိုးမှုများပြားလာ

**ရွှေတောင် ဇန်နဝါရီ ၂၈**

ပြည်ခရိုင် ရွှေတောင်မြို့နယ်တွင် ၂၀၁၅-၂၀၁၆ ခုနှစ်မှစ၍ လျှော်ဖြူပင်ခေါ် ဆေးကုလားမပင်များကို စတင်စိတ်ဝင်စားပြီး စမ်းသပ်စိုက်ပျိုးမှုများရှိနေခဲ့ရာမှ ၂၀၁၇-ခုနှစ်မှစ၍ စိုက်ကွက် ဧကများ တိုးပွားလာကြောင်း ဒေသခံတောင်သူများထံမှသိရသည်။

လျှော်ဖြူပင်များစိုက်ပျိုးသည့် တောင်သူများနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ ဇန်နဝါရီ ၂၁ ရက်က တွေ့ဆုံခဲ့ပြီး ယင်းလျှော်ဖြူခေါ် ဆေးကုလားမပင်ကို တရားဝင်ဈေးကွက်ရှိသည့် ပို့ကုန်အဖြစ် တင်ပို့နိုင်ရန် လုပ်ဆောင်သွားမည်ဟု တာဝန်ရှိသူများက ပြောကြားမှုရှိခဲ့ကြောင်းလည်း ဒေသခံတောင်သူများက ပြောသည်။

လျှော်ဖြူကို ရွှေတောင်ဒေသတွင် ၂၀၁၅-၂၀၁၆ ခုနှစ်က စတင်စမ်းသပ် စိုက်ပျိုးပြီးနောက် ၂၀၁၇ ခုနှစ်ထဲတွင် စိုက်ဧကများ ပိုမိုများပြားလာခဲ့သည်။ ဒေသခံတောင်သူများအနေဖြင့် လျှော်ဖြူစိုက်ပျိုးမှု တိုးလာသော်လည်း လျှော်ဖြူအစေးထုတ်မှုနှင့်ပတ်သက်၍နည်းပညာပိုင်းအရ အားနည်းချက်များရှိနေပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင်သာ အစေးထုတ်ယူမှု များပြားနေသည်ဟု သိရသည်။

"စိုက်တာတော့ စိုက်နေပါပြီ၊ သူ့ဈေးကွက်က ဘယ်လောက်ခိုင်မာမှာလဲ၊ နောက်မှဈေးကွက်မရှိတော့ရင် တောင်သူတွေ အခက်အခဲဖြစ်လာမယ်၊ မြေပြဿနာ၊ လယ်ယာမြေ မစိုက်ပျိုးရတာမျိုး၊ ယာမြေဥယျာဉ်ခြံမြေ စတဲ့ အခက်အခဲအနည်းငယ်တော့ ရှိတယ်"ဟု ရွှေတောင်မြို့နယ်အတွင်း လျှော်ဖြူပင် ခေါ် ဆေးကုလားမပင်ကို ကိုးဧကခန့် စမ်းသပ်စိုက်ပျိုးထားသူ ဦးထွန်းထွန်းက ပြောသည်။

အဆိုပါ လျှော်ဖြူခေါ် ဆေးကုလားမကို ရေခဲမုန့်၊ ဂျယ်လီစသည့် စားသောက်ကုန်လုပ်ငန်းများ၊ တိုင်းရင်းဆေးဖော်စပ်ခြင်း၊ အထည်အလိပ်နှင့် ရက်ကန်းလုပ်ငန်း များ၊ စက္ကူပျော့ဖတ်နှင့် မှန်ထည်ပြုလုပ်ခြင်း စသည့် စက်မှုလက်မှုလုပ်ငန်းများတွင် ပေါင်းစပ်ရောနှောပစ္စည်းများအဖြစ် အသုံးပြုကြကြောင်း သိရသည်။ လက်ရှိ လျှော်ဖြူဈေးကွက်အတွင်း၌ လျှော်ဖြူစေး အညံ့ဆုံးအစေး တစ်ပိဿာလျှင် ကျပ် ၈၀၀၀၊ ၁၀၀၀၀ ခန့် ရရှိနေပြီး အမျိုးအစားအလိုက် ၁၂၀၀၀ အထိ ဈေးရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် လျှော်ဖြူခေါ် ဆေးကုလားမပင်ကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဧက ၂၇၀၀၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၂၄၃ ဧက၊ ပဲခူးတိုင်းဒေသကြီးတွင် ၃၆၅ ဒသမ ၅ဧက၊ မကွေးတိုင်းဒေသကြီးတွင် ၂၉၅ ဧကနှင့် ရောဝတီတိုင်းဒေသကြီးတွင် သုံးဧကခန့် စိုက်ပျိုးထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**ကိုလွင်(ဆွာ)**

## တောင်သူများအား စိုက်ပျိုးရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးမည်

**ဘားအံ ဇန်နဝါရီ ၂၈**

ကရင်ပြည်နယ်အတွင်းရှိ ရာသီသီးနှံများ စိုက်ပျိုးလျက်ရှိသော တောင်သူများအား ရာသီဥတုနှင့်လိုက်လျောညီထွေမှုရှိသည့် စိုက်ပျိုးရေးဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရ သည်။

"ရာသီပေါ်သီးနှံစိုက်ပျိုးတဲ့ တောင်သူနဲ့ စိုက်ပျိုးရေးဝန်ထမ်းတွေကို မျိုးကောင်းမျိုးသန့် ပြောင်းလဲသုံးစွဲနည်း၊ ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်စေသော မြေဆီလွှာဆိုင်ရာ ပြုပြင်နည်းတွေနဲ ဘက်စုံသီးနှံကာကွယ်နှိမ်နင်းနည်းတွေကို စာတွေ့လက်တွေ့ သင်ကြားပေးသွားမှာဖြစ်ပါတယ်"ဟု ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နန်းဝတ်စန်းကပြောသည်။ ဘားအံမြို့နယ် အိန္ဒုစုံပြကျေးရွာ ကမော့ကပိုစိုက်ပျိုးရေးခြံ ခန်းမ၌ ဇန်နဝါရီ ၂၆ ရက်က ကျင်းပသည့် ရာသီဥတုနှင့်လိုက်လျောညီထွေမှုရှိသည့် စိုက်ပျိုးရေးသင်တန်းဖွင့်ပွဲတွင် ပြောကြားသည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က အမှာစကားပြောကြားခဲ့ပြီး မဲခေါင်အခြေစိုက် စိုက်ပျိုးရေးနှင့်ပညာဒါနစင်တာ(GMSAEDC)မှ တာဝန်ရှိသူတစ်ဦးက သင်တန်းများဖြစ်မြောက်ရေးအတွက် ထောက်ပံ့ပေးအပ်မှုကို ရှင်းလင်းပြောကြားကာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်ဦးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းများကို ၂၀၁၈ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ နှစ်နှစ်တာကာလအတွင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မဲခေါင်အခြေစိုက် စိုက်ပျိုးရေးနှင့်ပညာရေးစင်တာတို့ ပူးပေါင်း၍ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ပထမကာလတွင် သင်တန်း ၁၁ ကြိမ် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကာ တစ်ကြိမ်လျှင် သင်တန်းသား သင်တန်းသူ ၃၀ အား သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ဒေသခံတောင်သူများအနေဖြင့် မိရိုးဖလာ စိုက်ပျိုးမွေးမြူခြင်းလုပ်ငန်းများမှတစ်ဆင့် နည်းစနစ်ကျသော ခေတ်မီစိုက်ပျိုးနည်းစနစ်များကို လုပ်ကိုင်တတ်စေရန်၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်ပြီး ဝင်ငွေပိုမိုရရှိရန်၊ ပြည်သူများ စာနပ်ရိက္ခာ လုံခြုံစိတ်ချရစေရန် ရည်ရွယ်ချက်များဖြင့် သင်တန်းဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ**

## ဖရဲ၊ သခွားများကို တရုတ်ကုန်သည်များကိုယ်တိုင် လာရောက်စိုက်ပျိုးနေ၍ တောင်သူများအခက်တွေ့နေ

**မုံရွာ ဇန်နဝါရီ ၂၈**

မြန်မာ့ ဖရဲနှင့် သခွားများကို အဓိကဝယ်ယူနေသည့် တရုတ်ကုန်သည်များကိုယ်တိုင် မြန်မာ့လယ်ယာမြေများတွင် ဖရဲ၊ သခွားများကို လာရောက်စိုက်ပျိုးမှုများရှိလာသည့်အတွက် တောင်သူများအနေဖြင့် ဈေးကွက်အခက်အခဲဖြစ်လာကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဖရဲ၊ သခွား စိုက်ပျိုးသူများ၏ ပြောကြားချက်များအရ သိရသည်။



"တရုတ်ကုန်သည်တွေကိုယ်တိုင်က ဝင်ပြီးတော့ စိုက်ကြတယ်၊ မြေငှားခတွေပါ တက်လာတယ်၊ ဒေသတွင်းတောင်သူတွေ မြေငှားစိုက်ကြရင် တရုတ်ကုန်သည်တွေလောက် မြေငှားခမပေးနိုင်ကြပေမယ့် ပေးပြီး စိုက်နေကြရတယ်"ဟု မုံရွာမြို့နယ်တွင် သခွားခင်းငါးဧကကို ငှားရမ်းစိုက်ပျိုးထားသူ ဦးဒေါင်းရွှေက ပြောသည်။

တရုတ်ကုန်သည်များအနေဖြင့် ဒေသခံတောင်သူများထံမှ မြေတစ်ဧကလျှင် ကျပ် ခုနစ်သိန်းခန့်ပေးကာ ငှားရမ်းစိုက်ပျိုးနေကြပြီး ဒေသတွင်း တောင်သူများကလည်း တရုတ်ကုန်သည်များနည်းတူ မြေငှားရမ်းစိုက်ပျိုးကြရခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအပြင် ဖရဲ၊ သခွား ရာသီပြီးချိန်တွင် မူဆယ်နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းချရာ၌ တရုတ်ကုန်သည်များအနေဖြင့် တိုက်ရိုက်ရောင်းချနိုင်သည့်အတွက် ဈေးကောင်းရရှိနေကြသော်လည်း မြန်မာတောင်သူများမှာမူ ကြားခံကုန်သည်များမှ တစ်ဆင့် ရောင်းချရသည့်အတွက် ဈေးကောင်းမရရှိကြောင်း မုံရွာမြို့မှ တောင်သူတစ်ဦးဖြစ်သည့် ကိုထိန်က ပြောသည်။

မုံရွာမြို့နယ်အတွင်း သခွားစိုက်ပျိုးရာတွင် ပျိုးပင် ၇၀၀၀ ခန့်ပါသော တစ်ဧကလျှင် ကျပ် ၃၅ သိန်းခန့် အရင်းအနှီးကုန်ကျကြောင်း သိရသည်။

**မောင်ဝဇီရ(AMIA)**

## ရေဆင်းဆည်မှ နွေစပါးစိုက်ပျိုးရန် အလှည့်ကျစနစ်ဖြင့် ရေပေးဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၈**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရန်အတွက် ရေဆင်းဆည်မှ ရေများကို ဇန်နဝါရီလ ဒုတိယပတ်မှစတင်ပြီး ရေမြောင်းများမှတစ်ဆင့် အလှည့်ကျရေပေးဝေရေးစနစ်ဖြင့် ရေများ အလေအလွင့်မရှိစေရန် လွှတ်ပေးလျက်ရှိကြောင်း သိရသည်။

ရေဆင်းဆည်မှရေဖြင့် နွေစပါးများ စိုက်ပျိုးနေကြသည့် တောင်သူများအနေဖြင့် ရေရယူစိုက်ပျိုးရာတွင် အခက်အခဲမရှိစေရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူ ဦးအောင်အောင်စိုးနှင့် ဝန်ထမ်းများ ဇန်နဝါရီ ၂၅ ရက်က ဆည်ရေပေးဝေလျက်ရှိသည့် လက်ဝဲမြောင်း၊ လက်ယာမြောင်း မြောင်းဆုံးမြောင်းဖျားနားအထိ ကွင်းဆင်းသွားရောက်ပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ အပေါ်ရေလှည့်၊ အောက်ရေလှည့်ဆိုပြီး လက်ဝဲမြောင်း၊ လက်ယာမြောင်းကနေ အလှည့်ကျစနစ်လုပ်ပြီး ရေပေးဝေပါတယ်၊ တောင်သူတွေအနေနဲ့ ကိုယ့်အလှည့်ရောက်ချိန်မှာ ရေအရယူဖို့လိုမယ်၊ ကိုယ့်အလှည့်မှာ မယူဖြစ်ဘူးဆိုရင် အဆင်မပြေနိုင်ဘူး၊ ဒါကြောင့် တောင်သူတွေ ကိုယ်ယူရမယ့်အလှည့်သိအောင် ကျွန်တော်တို့က စခန်းတွေမှာ ဆိုင်းဘုတ်တွေလုပ်ပြီး ထောင်ပေးထားတာရှိသလို ကျေးရွာတွေမှာပါ လက်ကမ်းစာစောင်တွေ ဖြန့်ဝေပေးထားတာလည်း ရှိပါတယ်၊ အဲဒါတွေကိုကြည့်ပြီး လုပ်စရာရှိတာတွေကို ကြိုတင်ပြင်ဆင်လုပ်ဆောင်ဖို့လိုတယ်၊ နောက် လယ်ကြားမြောင်းတွေကို အောင်ရေအတွက်ပါ ရေသွယ်လို့ရအောင် ကြိုပြီးပြင်ဆင်ထားဖို့ လိုပါတယ်၊ ဒါတွေကို တောင်သူတွေက ကြိုပြီးလုပ်ထားမှသာ



ကျွန်တော်တို့က ရေအလေအလွင့်မရှိဘဲ အဆင်ပြေပြေနဲ့ ရေပေးနိုင်မှာဖြစ်ပါတယ်"ဟု ဦးအောင်အောင်စိုးက တောင်သူများနှင့်တွေ့ဆုံစဉ် ပြောသည်။

ပြီးခဲ့သည့် နှစ်နှစ်တွင် ရာသီဥတုဖောက်ပြန်ပြီး ရေဆင်းဆည်သို့ ရေဝင်ရောက်မှုနည်းပါးသဖြင့် ဒေသခံတောင်သူများအနေဖြင့် နွေစပါးမစိုက်ပျိုးခဲ့ရသော်လည်း ယခုနှစ်တွင် ရေဝင်ရောက်မှုများသဖြင့် နွေစပါးအတွက် စိုက်ပျိုးရေလုံလောက်စွာရရှိသောကြောင့် တောင်သူများအနေဖြင့် ကျေနပ်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ်မှာ ရေစောစောရရှိလို့ နွေစပါးစိုက်ပျိုးရတယ်၊ ကျွန်တော်တို့တစ်ကွင်းလုံး အဆင်ပြေပြေနဲ့ တစ်ပြိုင်တည်း စိုက်ပျိုးဖြစ်တဲ့အတွက် ဝမ်းသာတယ်၊ အခု ရေတစ်ကြိမ်ဝင်ပြီးတော့ အပင်လည်း အားလုံးဖြစ်ထွန်းပြီ၊ ကျွန်တော်တို့ အောင်ဇေယျကွင်းမှာ နွေစပါးမစိုက်ရတာ နှစ်နှစ်ရှိသွားပြီ၊ ဒီနှစ်မှ ပြန်လည်စိုက်ပျိုးရတယ်၊ အထူးသဖြင့် နွေစပါးဆိုတာ ရေလိုအပ်ချက်က များတယ်၊ လိုအပ်တဲ့ရေကို ဆည်ကပေးနိုင်မှလည်း ကျွန်တော်တို့အတွက် စိုက်ပျိုးရတာ အဆင်ပြေတယ်၊ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ဆည်မြောင်းကဝန်ထမ်းတွေနဲ့ ကြိုတင်ညှိနှိုင်းပြီး ဆောင်ရွက်သလို ကျွန်တော်တို့ အောက်ခြေမှာလည်း ရေဝေပေးရေးအဖွဲ့တွေဖွဲ့ပြီး ဆောင်ရွက်ရတာလည်းရှိတယ်၊ ဆည်မြောင်းမှာရှိတဲ့ Farmer Friend လို့ခေါ်တဲ့ တောင်သူ့မိတ်ဆွေအဖွဲ့နဲ့လည်း ညှိနှိုင်းပြီးလုပ်နေတဲ့အတွက် ဒီနှစ်စိုက်ပျိုးရတာ ကျွန်တော်တို့ တောင်သူတွေ အနေနဲ့တော့ တကယ်ကို အားရကျေနပ်မှုရှိတယ်"ဟု ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စု မွန်းတည်ခွင်ကျေးရွာမှ နွေစပါး ၂၅ ဧက စိုက်ပျိုးထားသည့် တောင်သူ ဦးလှဖေက ပြောသည်။

ရေဆင်းဆည်မှရေဖြင့် ယခုနှစ်တွင် နွေစပါးစိုက်ဧက ၆၀၀၀ စိုက်ပျိုးရန် ရည်မှန်းထားပြီး လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်အောင် တောင်သူများအနေဖြင့် ရေအလေအလွင့်မရှိစေဘဲ စနစ်တကျရယူရန် လိုအပ်သလို လောလောဆယ်တွင် ဆည်ရေသောက် ဧရိယာအတွင်း မြောင်းဖျားပိုင်းများ၌ မတ်ပဲစိုက်ပျိုးထားကြသည့် တောင်သူများအနေဖြင့်လည်း မိမိတို့၏ သီးနှံစိုက်ခင်းများသို့ ရေမဝင်အောင် ပတ်မြောင်းများတူးဖော်ထားရန်လိုအပ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရေဆင်းဆည်မှနွေစပါးစိုက်ပျိုးရန်အတွက် လက်ဝဲမြောင်း၊ လက်ယာမြောင်းများတွင် သတ်မှတ်ထားသည့် ကွင်းများအလိုက် တနင်္လာနေ့မှ ကြာသပတေးအထိ တစ်ကြိမ်၊ သောကြာနေ့မှ တနင်္ဂနွေနေ့အထိတစ်ကြိမ် အလှည့်ကျစီ ရေပေးဝေနေပြီး ဇန်နဝါရီ ၁၅ ရက်မှ ယနေ့အထိ လယ်မြေဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်သလို ဖေဖော်ဝါရီလတွင် ကွင်းပိတ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မောင်မြွေး**

## လယ်ကွက်များဖျက်၍ မတ်ပဲစိုက်တောင်သူများအခက်ကြုံ

**ကြို့ပင်ကောက် ဇန်နဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်တွင် ၂၀၁၇-၂၀၁၈ ဆောင်းသီးနှံအဖြစ် ဒေသခံတောင်သူများ စိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများကို လယ်ကြွက်များ ကျရောက်ဖျက်ဆီးနေသောကြောင့် စိုက်ခင်းများပျက်စီး၍ တောင်သူများအနေဖြင့် အခက်ကြုံလျက်ရှိကြောင်း သိရသည်။

အဆိုပါလယ်ကြွက်များသည် သီးခါစ ပဲသီးများကိုသာ ကိုက်ဖြတ်ကြခြင်းမဟုတ်ဘဲ အပင်များပါ ကိုက်ဖြတ်နေကြကြောင်း၊ တစ်ဘူးလျှင် ကျပ်ရှစ်ထောင်တန်ကြွက်သတ်ဆေးဖျန်းသည့်တိုင် နှိမ်နင်း၍မရကြောင်း၊ ထို့ကြောင့် ဆေးကုမ္ပဏီများက အကြံပေးသည့် ပြောင်းဖူးကို လေးစိတ်ကွဲထောင်းပြီး ဘိလပ်မြေအမှုန့်ဖြင့် နယ်၍ကျွေးလျှင် ကြွက်များ တဖြည်းဖြည်းသေကုန်သည်ဆိုသည့် နည်းလမ်းကို နောက်ဆုံးအဆင့်အနေဖြင့် ပြုလုပ်ကြည့်ရန် စဉ်းစားထားကြောင်း မတ်ပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် နောက်ပိုင်းလများအတွင်း အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းမှုမူဝါဒ အပြောင်းအလဲများကြောင့် ပြည်တွင်းမတ်ပဲဈေးမှာ မတည်ငြိမ်ဘဲဖြစ်နေရာ မတ်ပဲစိုက်တောင်သူများအနေဖြင့် စိုက်ပျိုးထားသောမတ်ပဲများ ပေါ်ချိန်တွင် ဈေးကောင်းရရန် မျှော်လင့်နေရသလို စိုက်ခင်းများ အပျက်အစီးမရှိဘဲ အထွက်နှုန်းကောင်းရန်အတွက်လည်း မျှော်လင့်နေကြရကြောင်း သိရသည်။ **ဇေယျာထွန်း(ကြို့ပင်ကောက်)**

## GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး ပညာပေးဟောပြော

**ကျွန်းလှ ဇန်နဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် သရက်ပင်ကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သော တောင်သူများအား GAP နည်းစနစ်ဖြင့် စိုက်ပျိုးနည်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ ဇန်နဝါရီ ၂၆ ရက်က ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာမှ တောင်သူများအနေဖြင့် စပါး၊ နှမ်း၊ မြေပဲ၊ ပဲစင်းငုံနှင့် နေကြာများ စိုက်ပျိုးထားကြရာ စိုက်ပျိုးရာတွင် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ သဘာဝမြေဩဇာသုံးစွဲရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်ခင်းများအတွင်းကျရောက်တတ်သည့် ပိုးမွှားရောဂါများနှင့် သဘာဝပိုးသတ်ဆေးပြုလုပ်နည်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပညာပေးဟောပြောပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ပျိုးရေးဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# လယ်ယာထွန်စက်ဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ပေးမည်

**နေပြည်တော် ဇန်နဝါရီ ၂၈**

လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးတွင် သက်ဆိုင်ရာ စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် တောင်သူများကို ပိုမိုအထောက်အပံ့ဖြစ်စေရန်အတွက် လယ်ယာသုံးထွန်စက်များ အရစ်ကျရောင်းချပေးခြင်းနှင့်အတူ ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း တိုးချဲ့လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင် စစ်ကိုင်းတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန ထွန်စက်စခန်း ၁၆ ခုကို သုံးနှစ်အတွင်း စက်မှုလယ်ယာ စက်ပြင်စခန်းများအဖြစ် ပြောင်းလဲဖွင့်လှစ်ခြင်း၊ တောင်သူပိုင် လယ်ယာသုံးစက်ကိရိယာများကို ကူညီပြုပြင်ပေးခြင်း၊ မောင်းနှင်ခြင်းအတွက် သင်ကြားပြသပေးခြင်းတို့အပြင် မောင်းနှင်ထိန်းသိမ်းပြုပြင်ခြင်း နည်းပညာများ ဖြန့်ဝေပေးခြင်း၊ လယ်မြေအချို့ကို စပါးမျိုးစေ့စက်ဖြင့် တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးနည်းကို သရုပ်ပြခြင်း၊ စပါးမျိုးစေ့ကို တိုက်ရိုက်အစေ့ချ စိုက်ပျိုးမှုစနစ်တွင် လယ်တစ်ကေလျှင် နာရီဝက်ကျော်ကျော်နှင့် ပြီးအောင်စိုက်ပျိုးပေးခြင်း စသည်တို့ကို တိုးချဲ့ဆောင်ရွက်သွားမည်ဟု သိရသည်။



"စက်မှုလယ်ယာစခန်းတွေမှာရှိတဲ့ စက်မှုလယ်ယာပိုင် စက်ကိရိယာအင်အားနဲ့ တောင်သူတွေပိုင်တဲ့ စက်ကိရိယာအင်အားက အတော်ကို ကွဲပြားကွာခြားလာပါတယ်၊ ရေရှည်မှာဆိုရင် ဌာနအနေနဲ့ ဆောင်ရွက်ပေးနိုင်မယ့် ဝန်ဆောင်မှုလုပ်ငန်းက တောင်သူတွေဆောင်ရွက်တဲ့ လုပ်ငန်းနဲ့စာရင် မပြောပလောက်ပါဘူး၊ ကျွန်တော်တို့ဌာနအနေနဲ့ တကယ်ဆောင်ရွက်ရမှာက တောင်သူတွေ လယ်ယာသုံးစက်ကိရိယာတွေကို စနစ်တကျ ကိုင်တွယ်နိုင်ဖို့ ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်၊ အဲဒီအတွက် စက်မှုလယ်ယာ စက်ပြင်စခန်းတွေအဖြစ် ပြောင်းလဲဖွင့်လှစ်ဖို့ စီစဉ်တာပါ၊ စက်မှုလယ်ယာ စက်ပြင်စခန်းတွေ ဖွင့်လှစ်ပြီးတဲ့ အချိန်မှာ အပြည့်အဝ ဝန်ဆောင်မှုပေးနိုင်ဖို့အတွက်လည်း ဌာနက စက်မောင်း၊ စက်ပြင် ဝန်ထမ်းတွေကို ပထမခြေလှမ်းအဖြစ် လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းနည်း အဆင့်မြင့် သင်တန်းကို ဌာနက ကျွမ်းကျင်ဝန်ထမ်းတွေ၊ ပုဂ္ဂလိက လယ်ယာသုံးစက်ကိရိယာရောင်းဝယ်ရေး ကုမ္ပဏီတွေက ပြည်တွင်း၊ ပြည်ပက စက်ပြင်ကျွမ်းကျင်ပညာရှင်တွေနဲ့ ခေါ်ယူသင်ကြားပေးနေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှူး ဦးရွှေဝင်းက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စက်မှုလယ်ယာဦးစီးဌာန ထွန်စက်စခန်း ၁၆ ခုရှိရာ ၂၀၁၆ ခုနှစ်တွင် ကသာမြို့နယ်ရှိ ထွန်စက်စခန်းကို စက်မှုလယ်ယာ စက်ပြင်စခန်းအဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ပြီး ယခုနှစ်တွင် မုံရွာ၊ ယင်းမာပင်နှင့် ဆားလင်းကြီးမြို့နယ်တို့မှ ထွန်စက်စခန်းများကို စက်ပြင်စခန်းများအဖြစ် ပြောင်းလဲဖွင့်လှစ်သွားမည်ဖြစ်သည်။ ရွှေဘို၊ ဝက်လက်၊ ရေဦး၊ ကန့်ဘလူ မြို့နယ်များရှိ စက်မှုလယ်ယာဦးစီးဌာန ထွန်စက်စခန်းများကိုလည်း အစီအစဉ်ဖြင့် စက်မှုလယ်ယာ စက်ပြင်စခန်းများအဖြစ် ဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း၊ ကျန်ရှိသော မြို့နယ်များရှိ ထွန်စက်စခန်းများကိုလည်း သတ်မှတ်နှစ်အတွင်း စက်မှုလယ်ယာ စက်ပြင်စခန်းများအဖြစ် ပြောင်းလဲဖွင့်လှစ်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

တောင်သူပညာပေး စိုက်ပျိုးမှုတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တမုတ်ဆိုးကျေးရွာအုပ်စု ဒေါင်းရွေးကွင်းတွင် လယ်ဧက ၂၀၀၊ မန်ကျည်းကိုင်းကျေးရွာတွင် လယ်ဧက ၂၀၀၊ မတ္တရာမြို့နယ် မွေပုံကန်ကျေးရွာ၊ လက်ကောင်းကြီးကျေးရွာနှင့် မင်္ဂလာသီရိကွင်းတို့တွင် လယ်ဧက ၄၀၀၊ ပုသိမ်ကြီးမြို့နယ် ရှင်တော်ကုန်းကျေးရွာအုပ်စု နန်းဦးလွင်ကျေးရွာနှင့် မနော ယျမကျေးရွာတို့တွင် လယ်ဧက ၂၀၀နှင့် ရမည်းသင်းတွင် လယ်ဧက ၁၀၀ တို့ကို ပညာပေးစိုက်ပျိုးလျက် ရှိသည်။

စက်မှုလယ်ယာစနစ်တကျ လယ်ယာမြေဖော်ထုတ်ခြင်း လုပ်ငန်းကို နိုင်ငံတော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ရန်ပုံငွေများ အကုန်ကျခံ၍ ဆောင်ရွက်ပေးပြီး ကောက်စိုက်စက်ဖြင့် စျေးသက်သာစွာ စိုက်ပျိုးပေးခြင်းနှင့် စပါးမျိုးစေ့ တိုက်ရိုက်ချ သရုပ်ပြမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုးချဲ့ဆောင်ရွက်မည်ဟု သိရသည်။

ရှောဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးဇော်လင်းက "မြန်အောင်မြို့နယ်မှာ စက်မှုလယ်ယာကူးပြောင်းဖို့အတွက် လက်ရှိဘဏ္ဍာနှစ်အတွင်းမှာ ကျေးရွာအုပ်စုငါးအုပ်စုနဲ့ လာမယ့်ဘဏ္ဍာနှစ်တွေမှာ လယ်ယာလုပ်ကွက်တွေ ဖော်ဆောင်သွားဖို့ရှိတယ်"ဟု ပြောသည်။

မြန်အောင်မြို့နယ်၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ကျေးရွာအုပ်စု ၁၇ အုပ်စု၊ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကျေးရွာအုပ်စု ၁၈ အုပ်စု၊ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ကျေးရွာအုပ်စု ၁၈ အုပ်စုတို့တွင် စက်မှုလယ်ယာ စနစ်တကျ လယ်ကွက် စုစုပေါင်း ဧက ၃၀၅၀ ဖော်ဆောင်ရန် လျာထားကြောင်းလည်း သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် ကျေးရွာအုပ်စုများဖြစ်သော လဟာပေါက်၊ ဆန်နီချောင်၊ ကွင်းကြီးထောင့်၊ တယ်ကုန်းနှင့် နတ်ပီတိကျေးရွာအုပ်စု ငါးစုတို့တွင် ထွန်စက်ကြီး ၁၀ စီးနှင့် ရိတ်သိမ်းခြွေလှေ့စက်လေးစီး ရောက်ရှိနေပြီး စက်များနေရာချထားရန် ကျေးရွာအုပ်စုငါးအုပ်စုသို့ ကွင်းဆင်း၍ တောင်သူများနှင့်တွေ့ဆုံကာ မိုးစပါးရိတ်သိမ်းရေး၊ ဆောင်းသီးနှံနှင့် နွေစပါးစိုက်ပျိုးရေးတို့အတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဇာလင်းသူ**(AMIA)

## စပါးအစိုဓာတ်တိုင်းခြင်းလုပ်ငန်းကို ဆန်စပါးအသင်းချုပ်နှင့် JICA တို့ ပူးပေါင်းလုပ်ဆောင်မည်

**နေပြည်တော် ဇန်နဝါရီ ၂၈**

မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရိတ်သိမ်းချိန်လွန် နည်းပညာလုပ်ငန်းစဉ်များတွင် အဓိကအရေးပါသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် စပါးနှင့်ဆန်များတွင် အစိုဓာတ်တိုင်းတာစစ်ဆေးရေးလုပ်ငန်းများကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF) နှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့ ပူးပေါင်းကာ ယခု ၂၀၁၈-၂၀၁၉ ကာလအတွင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အသင်းချုပ်မှ သိရသည်။

အဆိုပါ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ဂျပန်နိုင်ငံ JICA ကူညီမှုဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Kett Electric Laboratory (Kett) ကုမ္ပဏီတို့အကြား နားလည်မှု စာချွန်လွှာ(MOU) လက်မှတ်ရေးထိုးပွဲကို ဇန်နဝါရီ ၂၆ ရက်က မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၌ ကျင်းပခဲ့သည်။

လက်ရှိတွင် စပါးအစိုဓာတ်တိုင်း ကိရိယာများ၏ စံချိန်စံညွှန်းများနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းတွင် နှစ်နှစ်ကြာ စီမံကိန်းရေးဆွဲကာ လုပ်ဆောင်နေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်ကျော်က ပြောသည်။

"ပြီးခဲ့တဲ့ နှစ်နှစ်ကတည်းက ဒီအစိုဓာတ်တိုင်းကိရိယာတွေ မြန်မာပြည်မှာ သုံးစွဲလာကြတယ်၊ နောက်ပြီးတော့ ဒီကိရိယာတွေက နောက်ပိုင်းမှာ တံဆိပ်အမျိုးမျိုး ထုတ်လုပ်မှုအမျိုးမျိုးနဲ့ ဝင်လာတယ်၊ အခုလက်ရှိ တရုတ်ကတောင် ဝင်လာတော့ မမှန်မကန်တွေက ရှိလာတယ်၊ ဒါတွေကို စနစ်တကျ မထိန်းသိမ်းရင် တောင်သူတွေ နစ်နာနိုင်တယ်၊ ဒါနဲ့ပတ်သက်ပြီးတော့ သုံးစွဲတဲ့စက်ပိုင်တွေ၊ စပါးကုန်သည်တွေ၊ ဆန်ကုန်သည်တွေ၊ ပြည်ပပို့ကုန်လုပ်ငန်းရှင်တွေ အကုန်လုံးအတွက် အရေးကြီးတော့ မြန်မာပြည်မှာ ရောက်လာတဲ့ အစိုဓာတ်တိုင်းကိရိယာတွေကို စံချိန်စံညွှန်းနဲ့ ညီအောင် လုပ်ဖို့နဲ့ အခုလည်း စံချိန်စံညွှန်းဥပဒေရေးဆွဲဖို့လုပ်နေတော့ ဒါတွေကို ဥပဒေတိုင်းကိုက်ညီအောင် လုပ်ရမယ်"ဟု ဒုတိယဥက္ကဋ္ဌက ပြောသည်။

အဆိုပါ စစ်တမ်းကောက်ယူမှု လုပ်ငန်းစဉ်ကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းလုပ်ဆောင်ကြမည်ဖြစ်ပြီး စပါးအစိုဓာတ်တိုင်းရာတွင်လည်း တောင်သူခြောက်ဦး၊ ဆန်စပါးကုန်သည် ခြောက်ဦးနှင့် စက်ပိုင်ကုန်သည် ခြောက်ဦးတို့ ပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

လက်ပံတန်းမြို့နယ်တွင်လည်း သီးနှံအစိုဓာတ်တိုင်းကိရိယာများနှင့်ပတ်သက်၍ ဆန်စက်ပိုင်များ၊ ဆန်စပါး ကုန်သည်ပွဲစားများ၊ တောင်သူလယ်သမားများနှင့် စီးပွား/ကူးသန်း၊ စိုက်ပျိုးရေးဦးစီးဌာနများမှ တာဝန်ရှိသူများအား ပညာပေးဆွေးနွေးမှုများ ပြုလုပ်ထားကြောင်း သိရသည်။ **ဇာလင်းသူ**(AMIA)



# ကျေးရွာများဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်တပ်တစ်အားဖြစ်

**နေပြည်တော် ဇန်နဝါရီ ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြန်မာဆယ်မားအူးလ်အွန်ဒုံစီမံကိန်းအရ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းတွင် ဖွင့်လှစ်ထားသော စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်းတွင် ဇန်နဝါရီ ၂၂ ရက်က ကျေးရွာသစ်လှုပ်ရှားမှုအခြေခံသင်တန်းအမှတ်စဉ် ၁/၂၀၁၈ ကို ဖွင့်လှစ်ခဲ့သည်။

စိုက်ပျိုးပညာပေးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ ကျောင်းအုပ်ကြီးမစ္စတာဂျောင်ဂပ်ဂျင်းက သင်တန်းတက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ အနေဖြင့် ဤသင်တန်းကျောင်းတက်ရောက်ပြီး မိမိတို့၏ ကျေးရွာများကို ချမ်းသာကြွယ်ဝတိုးတက်ဖွံ့ဖြိုးပြီး ပျော်ရွှင်ဖွယ်ကောင်းသော ကျေးရွာများအဖြစ် ဖန်တီးကြရန်လိုအပ်ကြောင်း၊ စီမံကိန်းကျေးရွာတိုင်းမှာ ကောင်းမွန်စွာနေထိုင်နိုင်သော ကျေးရွာများ၌ ကျေးရွာလူထုကိုယ်တိုင် ကောင်းမွန်စွာနေထိုင်လိုသည့် စိတ်အားထက်သန်မှုနှင့် ကြိုးကြိုးစားစားလုပ်ကိုင်ဆောင်ရွက်လိုသည့် ထူးခြားချက်များရှိပြီး ကျေးရွာလူထုအား ရှေ့ဆောင် လမ်းပြတတ်သော ခေါင်းဆောင်ကောင်းများရှိနေကြကြောင်း၊ ကျေးရွာများဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်တပ်တစ်အားဖြစ်စေကြောင်း ပြောကြားသည်။

သင်တန်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ကျေးရွာ ၁၂ ရွာမှ သင်တန်းသားများ၊ စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦး၊ မြောင်၊ မြင်းမူမြို့နယ်များရှိ ကျေးရွာ ကိုးရွာမှ သင်တန်းသားများ၊ မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ ကျေးရွာ ငါးရွာမှ သင်တန်းသားများ၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်နှင့် လောင်းလုံမြို့နယ်များမှ သင်တန်းသားများ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၉၄ ဦးတက်ရောက်ကြကြောင်း သိရသည်။

"စိုက်ပျိုးပညာပေးရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်းမှာ စိတ်ဓာတ်ကို အဓိကပြောင်းလဲပေးတဲ့ သင်တန်းတွေကို ဖွင့်လှစ်ပေးသွားမှာဖြစ်ပါတယ်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဟာ ခေါင်းဆောင်ကောင်းတွေရဲ့အပေါ်မှာ မူတည်တဲ့အတွက် ကျေးရွာတွေမှာ တီထွင်ဖန်တီးကြံဆတတ်ပြီး ခေါင်းဆောင်ကောင်းတွေရှိဖို့ လိုအပ်ပါတယ်၊ မြန်မာနိုင်ငံက စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံဖြစ်တဲ့အတွက် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုဟာလည်း အဓိကလိုအပ်ပါတယ်၊ စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းတွေဖြစ်တဲ့ အရည်အသွေးကောင်းသော သီးနှံထွက်ကုန်တွေ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မျိုးကောင်းမျိုးသန့် မျိုးစေ့တွေထုတ်လုပ်ရန် အစုအဖွဲ့တွေနဲ့ မျိုးစေ့ထုတ်လုပ်သော မျိုးစေ့စိုက်ပျိုးထုတ်လုပ်သူအသင်းအဖွဲ့တွေနဲ့ စပါးအပါအဝင်၊ ဆီထွက်သီးနှံ၊ပဲမျိုးစုံသီးနှံနဲ့ အခြားဟင်းသီးဟင်းရွက်နှင့် ဥယျာဉ်ခြံသီးနှံတွေအတွက် မျိုးကောင်းမျိုးသန့်မျိုးစေ့ရရှိရေးကို အင်တိုက်အားတိုက် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်"ဟု စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပြောသည်။



စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင် ဓာတုဓာတ်ကြွင်းများကင်းရှင်းစေရေးအတွက် ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများကို စနစ်တကျနှင့် မှန်ကန်စွာသုံးစွဲနိုင်ရေးအတွက် သီးနှံ ၁၅ မျိုးမှာ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း(Good Agricultural Practices)ကို အားလုံးနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း၊ အရည်အသွေးကောင်းသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်စေရေးအတွက် ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများကို အရည်အသွေးမှန်ကန်စွာဖြင့် အတုအပကင်းရှင်းနိုင်ရန် ဥပဒေ၊ နည်းဥပဒေများဖြင့် ထိန်းကြောင်းအရေးယူသည့် လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြောင်း၊ လူမှုကွန်ရက်ဖြစ်သော ဖေ့စ်ဘုတ်စာမျက်နှာများတွင်လည်း စိုက်ပျိုးရေးနည်းပညာများနှင့်ပတ်သက်သော အတွေ့အကြုံများ၊ ဖြစ်နေသောအကြောင်းအရာများနှင့် ဖြစ်သင့်သောနည်းလမ်းများကိုလည်း တင်ပြထားကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ- အောင်အောင်**

# ပြန်ရာဇ်နှင့် တောင်ငူယိုးဒယားပေါက်

**သောင်းကေတု**

တောင်ငူမြို့ အုတ်ကျွတ်တန်းရပ်ကွက် ရန်ကုန်-မန္တလေး လမ်းဟောင်းပေါ်တွင် ပေ ၂၀ ခန့်ကျယ်သော ကွန်ကရစ်တံတား တစ်ခုရှိပါသည်။ ယင်းတံတားမှ အနောက်ဘက်သို့ ကြည့်လျှင် အရှေ့ဘက်ကျုံးရေတံခါးကို တွေ့ရပါမည်။ ထိုရေတံခါးပေါက်မှာ "သမိုင်းဝင် ယိုးဒယားပေါက်" ပင်ဖြစ်ပါသည်။ သမိုင်းနောက်ခံကို တင်ပြရမည်ဆိုလျှင် အေဒီ ၁၅၈၁ ခုနှစ်တွင် ဘုရင့်နောင်မင်းတရားကြီး နတ်ရွာစံပြီး သားတော်နန္ဒဘုရင် ဟံသာဝတီထီးနန်းကို ဆက်ခံသည်။ နန္ဒဘုရင်သည် စီမံအုပ်ချုပ်ပုံညံ့ဖျင်းသဖြင့် လက်အောက်ခံမင်းများ၏ ပုန်ကန်မှုကိုရင်ဆိုင်ရသည်။

**ပြန်လည်ဆုတ်ခွာ**

ဦးရီးတော်ဖြစ်သော အင်းဝဘုရင် သတိုးမင်းစောနှင့် သားရေးသမီးရေးကိစ္စနှင့် အချင်းများပြီး စစ်ဖြစ်ကြသည်။ လက်အောက်ခံတောင်ငူမင်း၊ ပြည်မင်း၊ ဇင်းမယ်မင်း တို့၏ အကူအညီဖြင့် နန္ဒဘုရင်အောင်မြင်ခဲ့သည်။ ယိုးဒယားမင်း ပြန်ရာဇ် (ဖရားနရေစွမ်) သည် စစ်ကူရန်ဆင့်ခေါ်သည်ကို နောက်ကျစွာချီတက်လာပြီး အင်းဝကိုမလိုက်ဘဲ ဟံသာဝတီကို ဝန်းရံတိုက်ခိုက်သည်။ နန္ဒဘုရင်စစ်နိုင်သည့်သတင်းကြားမှ ပြန်ဆုတ်ကာ မြန်မာတို့လက်အောက်မှ လွတ်လပ်ပြီဖြစ်ကြောင်း ကြေညာသည်။ ၁၅၈၄ ခုနှစ်တွင် နန္ဒဘုရင် ယိုးဒယားသို့ ချီတက်တိုက်ခိုက်သည်။ မြန်မာ့သေနင်္ဂဗျူဟာကို တတ်ကျွမ်းသောပြန်ရာဇ်ကို မအောင်မြင်ခဲ့ချေ။ ၁၅၈၅၊ ၁၅၈၆ ခုနှစ်တို့တွင် ယိုးဒယားသို့ ထပ်မံ ချီတက်တိုက်ခိုက်သော်လည်း ရှုံးနိမ့်ခဲ့ရသည်။ ၁၅၉၂ ခုနှစ်တွင် မဟာဥပရာဇာ ယိုးဒယားသို့ ချီတက်တိုက်ခိုက်ရာ ပြန်ရာဇ်နှင့် ဆင်စီးချင်းထိုးစဉ် ယိုးဒယားတို့ပစ်ခတ်သော စိန်ပြောင်းကျည်သင့်၍ ဆင်ဦးတွင်နတ်ရွာစံပြီး မြန်မာတပ်များ ပြန်လည်ဆုတ်ခွာခဲ့ရသည်။


တောင်ငူရွှေနန်းတည်မင်း (မင်းရဲသီဟသူ)သည် ရခိုင်ဘုရင် မင်းရာဇာကြီးထံမှ စစ်ကူရယူပြီး ၁၅၉၇ ခုနှစ် (မြန်မာသက္ကရာဇ် ၉၅၉) တန်ခူးလတွင် တောင်ငူမှ ချီတက်ကာ ကောလိယမြို့ကိုသိမ်းယူပြီး တပ်တည်သည်။ ရခိုင်ဘုရင်တပ်များက ရေကြောင်းမှဝင်ရောက်ကာ သန်လျင်ဆိပ်ကမ်းမြို့ကို သိမ်းယူသည်။ ဟံသာဝတီ နေပြည်တော်ကို တောင်ငူနှင့် ရခိုင်တပ်များ ဝန်းရံတိုက်ခိုက်ကြသည်။ ဟံသာဝတီ အိမ်ရှေ့မင်းသား မင်းရဲကျော်စွာ တောင်ငူဘုရင်တပ်သို့ ခိုလှုံကြောင်း သိရသောအခါ နန္ဒဘုရင်က "ငါကား သေသားဖို့သာ လုံ့လပြုသည်။ သေသားပင်တစ်ဖက်ပြုသော် စည်းစိမ်ကို ညီယူပစေတော့။ ငါမူကား မြတ်စောညီနောင်ဘုရား ခြေတော်ရင်းမှာ သီတင်းသုံး၍နေပါတော့မည်" ဟု စေတော်မူကာ ညီတော်တောင်ငူဘုရင် မင်းရဲသီဟသူထံ အညံ့ခံတော်မူသည်။ ၁၅၉၉ ဒီဇင်ဘာလ ၁ ရက်နေ့တွင် တောင်ငူ ဘုရင် မင်းရဲသီဟသူ ဟံသာဝတီတွင်နန်းတက်သည်။

**စစ်ပြင်ဆင်**

နန္ဒဘုရင်၏ သမီးတော် ခင်နှောင်းကို မိဖုရားကြီး အဆောင်အယောင်နှင့် ရခိုင်ဘုရင် မင်းရာဇာကြီးသို့ ပေးအပ်သည်။ ဆင်ဖြူတော်တစ်စီးနှင့် လက်ဆောင်ပဏ္ဏာများလည်း ပေးအပ်သည်။ ယိုးဒယားမင်းပြန်ရာဇ်လည်း ဟံသာဝတီကို တောင်ငူဘုရင်နှင့် ရခိုင်ဘုရင်တို့ တိုက်ခိုက်ကြောင်းကြားလျှင် စစ်သည်တစ်သိန်းနှစ်သောင်း ဆင် ၆၀၀၊ မြင်း ၇၀၀၀ နှင့် ဟံသာဝတီဘက်က ကူညီရန် ချီတက်လာသည်။ ထိုသတင်းကိုကြားလျှင် တောင်ငူမင်းက "ဟံသာဝတီတွင် နေ၍ ခံရသော်သင့်မည်လော၊ တောင်ငူသို့ ချီ၍ခံရသော်သင့်မည်လော" ဟု တိုင်ပင်ရာ အချို့အမတ်တို့က ဟံသာဝတီတွင် နေ၍ ရခိုင်မင်းနှင့်ခံရလျှင် ယိုးဒယားမင်း မလှုပ်ရှားနိုင်ရာဟု လျှောက်ကြသည်။ နန္ဒကျော်ထင်ကမူ " ဤမှာခံချေသော် မုတ္တမဟံသာဝတီရှိ မွန်တို့သည် ယိုးဒယားမင်းဘက်က ကူမည့်သူများဖြစ်သည်။ ကေတုမတီသို့ အလျင်အမြန်ချီ၍ မြို့ပြ ကျုံးမြောင်းပြင်ဆင်၍ ခံတော်မူ ရခိုင်မင်းကို ဟံသာဝတီတွင် နေစေ၍ အလစ်အလပ်ကို ကြည့်ရှုလုပ်ကြံစေရမည်ဟု လျှောက်သည်ကို ကြိုက်တော်မူ၍ တောင်ငူသို့ ၁၆၀၀ ပြည့်



တောင်ငူယိုးဒယားပေါက်






နှစ် ဖေဖော်ဝါရီလတွင် ပြန်လည်ချီတက်သည်။ ၂၁.၂.၁၆၀၀ ရက်နေ့တွင် တောင်ငူသို့ ပြန်ရောက်ပြီး မြို့ပြကျုံး မြောင်းများကို ပြင်ဆင်သည်။ စားနပ်ရိက္ခာများကို မြို့တွင်းသို့ သွင်းသည်။ မြို့ထိပ်ဝန်းကျင်တွင် စိန်ပြောင်းမြတပူ အမြောက်များကို တင်လျက် စစ်ပြင်ဆင်သည်။

တောင်ငူဘုရင်ဆုတ်ခွာပြီး ရှစ်ရက်အကြာတွင် ပြန်ရာဇ် ဟံသာဝတီမြို့တော်ကို ဆိုက်ရောက်သည်။ ရခိုင်ဘုရင်တပ်များက နန်းတော်အိမ်တော် ဘုန်းတော်ကြီးကျောင်းများကို မီးရှို့ဖျက်ဆီးထားသဖြင့် ပြာပုံအတိသာကျန်သည်။ ပြန်ရာဇ်သည် တောင်ငူသို့ချီတက်သည်။ ကျွဲမကူးချောင်း(ဖြူးအနီး)တွင် တပ်ချကာ တောင်ငူမြို့ကို ဝန်းရံသည်။

**ယိုးဒယားပေါက်**

ပြန်ရာဇ်က တောင်ငူသို့ သံစေလိုက်သည်မှာ "ယခု တောင်ငူမင်းကို စစ်ပြုမည်ဟု ကျွန်ုပ်မလာ၊ ဟံသာဝတီ ရှင်ဘုရင်ကို ဘုရားကဲ့သို့ကိုးကွယ်ချင်သောကြောင့် တောင်းရန်လာသည်"၊ တောင်ငူဘုရင်ကလည်း "နောင်တော်ဘုရားကို ယိုးဒယားမင်းသာကိုးကွယ်ချင်သည်မဟုတ်၊ ငါလည်းကိုးကွယ်ချင်သည်" ဟု မှာလိုက်၏။ ယိုးဒယားမင်းလည်း ဟံသာဝတီရှင်ဘုရင်ကို မရဘဲကိုငါမပြန်၊ မရရအောင်ယူမည်ဟုဆို၍ ကျုံးနဖူးတွင် တပ်တည်သည်။ ကျုံးရေကို ဖောက်ထုတ်သည်။ ထိုမြောင်းပေါက်ကို ယခုတိုင်အောင် ယိုးဒယားပေါက်ဟုတွင်၏။ မြို့ရိုးကို လှေကားဖြင့် တက်ကာတိုက်ခိုက်သော်လည်း မြို့စီးပြစီးထူထပ်သည့်အပြင် စိန်ပြောင်းမြတပူတို့ဖြင့် ပစ်ခတ်သဖြင့် ထိခိုက်ရှုနာ အကျအဆုံးများသည်။

ရေကျုံးမှာ နက်လည်းနက်၊ ကျယ်လည်းကျယ်သည့်အပြင် ယင်းကိုကူးပြီးပါက နွံကျုံးတစ်ထပ်ရှိသောကြောင့် ခက်ခဲစွာ တိုက်ခိုက်ရသည်။ မင်းကြီးညိုသည် ၁၅၁၀ ခုနှစ်တွင် ကေတုမတီကိုတည်စဉ်က ရေကျုံး၊ နွံကျုံး ကျုံးနှစ်ထပ်နှင့် ဝန်းရံကာ တည်ခဲ့သည်။ ပြန်ရာဇ်သည် အရှေ့ဘက်ကျုံးကို မြောင်းတူးကာ ကျုံးရေများကို ပေါင်းလောင်းမြစ် (စစ်တောင်းမြစ်) ထဲသို့ စီးဆင်းစေသည်။ သို့သော်လည်း နှစ်လကြာသည်အထိ မြို့ကို မသိမ်းနိုင်ပေ။ တောင်ငူဘုရင် ရွှေနန်းတည်မင်းနှင့် သားတော် နတ်ရှင်နောင်တို့က ရှပ်ရှပ်ချွံချွံခုခံသည်။

ယိုးဒယားမင်းထံသို့ ရိက္ခာထောက်သောလှေတပ်ကို ရခိုင်ဘုရင်တပ်များက ကြားဖြတ်တိုက်ခိုက်သဖြင့် ယိုးဒယားတပ်များ ငတ်မွတ်လာကြသည်။ နှစ်လခန့်ကြာသောအခါ ရိက္ခာပြတ်လပ်၍ ယိုးဒယားတပ်များ ပြန်လည် ဆုတ်ခွာသွားကြသည်။ ယိုးဒယားသမိုင်းတွင် ကေတုမတီကို လေးဖက်လေးတန်က ဝိုင်းထားသောတပ်များကို ဖော်ပြထားသည်။ အရှေ့မျက်နှာတွင် ဖရားပတ်ချဗွန်၊ ဖရားဆုဖန်ဘူရီ၊ လွှန်မဟာ အမတ်တို့က လည်းကောင်း၊ မြောက်ဘက်တွင် ကျောက်ဖရားဆုရာစီ၊ ကျောက်ဖရားကမ်ပန်ပက်၊ တောင်ဘက်မျက်နှာတွင် ဇင်းမယ်တပ်မှူး ဖရားနခွန်၊ ဖရားဆန်လူအန်း၊ ယိုးဒယားတပ်မှူး ဖရားစီစုတမ်၊ ဖရားတိန်နန်တို့ကလည်းကောင်း၊ အနောက်မျက်နှာတွင် ဖရားနခွန်ရာဂျာစီမ၊ ဖရားစခ်ဘူရီ၊ ခွန်အိန္ဒြိနန္ဒာစီဗန်နှင့် စန်ဖူမိလောကဖတ် တို့၏တပ်များက ဝန်းရံတိုက်ခိုက်ကြသည်။ ၂၀၁၄ ခုနှစ်တွင် ထိုင်းဘုရင်ချူလာလောင်ကွန်၏ မြစ်တော်စပ်သော မင်းသားကြီးနှင့် သမိုင်းပါမောက္ခ ဒေါက်တာဆူနိတ်တို့အဖွဲ့တောင်ငူသို့ လာရောက်လေ့လာသည်။ မင်းသားကြီး ချက်ထရီလပ်ယူကိုလ်မှာ နရေဆွန် ဇာတ်ကားကြီးကို ရိုက်ကူးသောဒါရိုက်တာလည်းဖြစ်သည်။ နရေဆွန် (အပိုင်း-၆) ဇာတ်သိမ်းပိုင်းတွင် တောင်ငူကို တိုက်ခိုက်သော စစ်ပွဲပါသဖြင့် ပထဝီအနေအထားကို လာကြည့်ခြင်းဖြစ်သည်။ ဟံသာဝတီ နန်းတော်မြို့ရိုး ဆက်တင်များ သေချာစွာ ဆောက်လုပ်ထားပြီးဖြစ်သည်။ သူတို့ ကြည့်ချင်သောနေရာများမှာ ပြန်ရာဇ် ဟံသာဝတီမှ တောင်ငူသို့ ချီတက်ရာတွင် တပ်ချသော ကျွဲမကူးချောင်း၊ မြို့ဆိုး၊ ကမ်းနီ ဘုရား၊ ယိုးဒယားပေါက်၊ ကျောက်စရစ်မြို့ဟောင်းတို့ ဖြစ်သည်။ ကောလိယ (ဒိုက်ဦး အနီး) ကိုဝင်ခဲ့ပြီး ကျောက်စရစ် (ကျောက်တံခါးအရှေ့) သို့ သွားသော်လည်း မိုးချုပ်သဖြင့် မရောက်ခဲ့ဘဲ တောင်ငူကိုညဥ့်နက်မှ ရောက်လာကြသည်။

**အခက်တွေ့ရ**

နောက်တစ်နေ့နံနက်မှာ တောင်ငူမြို့ကျုံးတစ်ပတ်လိုက်ပြသည်။ အရှေ့ဘက်ကျုံး ယိုးဒယားပေါက်နေရာကို ရောက်သည့်အခါ အားလုံးစိတ်ပါဝင်စားစွာ အသေးစိတ်ကြည့်ကြသည်။ ဓာတ်ပုံရိုက်သူကရိုက်၊ ပုံကြမ်းဆွဲသူကဆွဲနှင့် အလုပ်များနေကြသည်။ ရန်ကုန်-မန္တလေးကားလမ်းဟောင်းပေါ်ရှိ တံတားပေါ်မှ ထိုတူးမြောင်းကိုကြည့်ကြသည်။ စစ်တောင်းမြစ်ထဲဝင်သည့်နေရာ ကြည့်ချင်သည်ဆို၍ အခက်တွေ့ရသည်။ မိုးတွင်းကာလ ရွှံ့ဗွက်များနှင့် သွားရခက်သည်။ နောက်ဆုံးမှာ အိမ်ကြိုအိမ်ကြားက သွားရင်းနှင့် တူးမြောင်းအဝကို ရောက်ကြသည်။ ချုံပုတ်များ၊ ကိုင်းပင်များနှင့် မြောင်းအဝမှာ ၁၅ ပေခန့်သာကျယ်ပါတော့သည်။ နေ့လယ်ပိုင်းတွင် ဖြူးမြို့ အနောက်ဘက်ရှိ ကျွဲမကူးချောင်းကို လိုက်ပြသည်။ ချောင်းမှာ ကောနေပြီဖြစ်၍ ကျဉ်းကျဉ်းသာ ကျန်တော့သည်။ ဒီလောက် အဝေးကြီးမှာ တပ်ချတာ ဖြစ်နိုင်ပဲ့မလားဟု မေးပါသည်။ ဘုရင့်နောင်တောင်ငူကို ပြန်တိုက်စဉ်က မိုင် ၃၀ခန့်ဝေးသော ဇေယျဝတီမှာ တပ်ချပြီးမှ တောင်ငူကို တိုက်ခိုက်သည့်အတွက် ဖြစ်နိုင်ကြောင်း ဖြေခဲ့ပါသည်။

ကျွဲပွဲအရှေ့ဘက်နှစ်မိုင်ခန့်ဝေးသော မြို့ဆိုးကိုကူးတို့မော်တော်နှင့်ကူးပြီး လိုက်ပြသည်။ မြို့ရိုးရာ၊ ကျုံးရာ ဘာမှမရှိတော့ပါ။ တောင်ငူခေတ်က " အာသာဝတီ " မြို့ဟုတွင်ခဲ့သောနေရာဖြစ်ပါသည်။ တောင်ငူသို့ ပြန်ရောက်သောအခါ ပါမောက္ခဆူနိတ်က ကျွန်တော့်ကိုမေးသည်။ တောင်ငူကျုံးကို ဘာကြောင့်ဖောက်ထုတ်တာလဲ၊ သိပါသလားတဲ့။ တောင်ငူကျုံးဟာ ကျယ်တယ်၊ ရေနက်တယ်၊ မြို့ရိုးပေါ်ကလည်း သေနတ်တွေ စိန်ပြောင်းတွေနဲ့ ပစ်နေတဲ့အတွက် ဖြတ်ကူးဖို့ခက်နေတယ်၊ သမိုင်းထဲမှာ ဒီလိုပဲဖော်ပြထားတယ်လို့ ပြန်ဖြေပါတယ်၊ သူကနောက်တစ်ချက်ကျန်နေတယ်။ ကျုံးထဲမှာ မိကျောင်းတွေမွေးထားလို့ ကူးရခက်နေတယ်၊ ထိုင်းပန်းချီဆရာဆွဲထားသော ကျုံးထဲမှာ မိကျောင်းများနှင့် လုံးထွေးသတ်ပုတ်နေသည့် ပန်းချီကားကို ပြပါသည်။ ဟံသာဝတီကျုံးထဲမှာ မိကျောင်းတွေ မွေးထားတယ်လို့ နိုင်ငံခြားသားမှတ်တမ်းမှာ ဖော်ပြထားတာ ဖတ်ဖူးပါသည်။ တောင်ငူမှာ ဒီလိုမွေးထားတယ်ဆိုတာ မသိတော့ အဖြေရခက်နေပါသည်။

ထိုင်းအဖွဲ့ပြန်သွားမှ သမိုင်းစာအုပ်တွေထဲ ပြန်ရှာကြည့်သည် မတွေ့ပါ။ စိတ်ထဲမှာ မရှင်းသည်နှင့် ချောင်းဟောင်း ၁၂ စောင်တွဲမှာရှာသည်။ ဟောတွေ့ပါပြီ။ စာဆိုတော် မင်းဇေယျရန္တမိတ်ရဲ့ " မင်းရဲနရာ " ချေင်းထဲမှာ ဖြစ်ပါသည်။ မင်းရဲနရာချောင်းသည် ကေတုမတီတောင်ငူမြို့၏ အကြောင်းကို အသေးစိတ်ရေးဖွဲ့ထားသည်။ ၁၂ ရာသီပွဲတော်များအကြောင်း မြို့တော်၏သာယာလှပပုံကို ဝေဝေဆာဆာ ရေးဖွဲ့ထားသည်။ ချောင်းအပိုဒ်(၂၄)တွင်

"မဝေး ခြောက်ဘုံ၊ သာမျိုးစုံသား၊ ရိပ်မြုံပျော်ရာ၊ ရှေ့မျက်နှာဝယ်၊ အာသာဝတီ၊ ခေါ်ညီဝှန်ချောင်း၊ မြစ်ပေါင်းလောင်းနှင့်၊ ခပေါင်းလက်ယာ၊ ဒိသာရစ်ခွေ၊ ရေလည်းကြည်နက်၊ တချက်ပင်လယ်၊ ကြောက်ဘွယ်ဘွယ်တိ၊ မလွယ်ချင်းခွာ၊ နောက်မြောက်မှာမူ၊ တရာအသူ၊ ဟူလည်းမယွင်း၊ အိုင်အင်းတန်တန်၊ ရေညွန်ကျုံးမြောင်း၊ မိကျောင်းလိပ်ငါး၊ ရှပ်ရှပ်ဝါး၍" ဟု ဖော်ပြထားချက်ကို တွေ့ရပါသည်။

**သမိုင်းဝင် နေရာတစ်ခု**

ထိုင်းမင်းသားကြီးနှင့်အဖွဲ့သည် " နရေဆွန် " ဇာတ်ကားအပိုင်း(၆) ဇာတ်သိမ်းပိုင်း အတွက် တောင်ငူကို လာရောက်လေ့လာခြင်းဖြစ်ပါသည်။ ထိုင်းသမိုင်းမှတ်တမ်းများတွင် ဖော်ပြထားသော အချက်အလက်များနှင့် ကိုက်ညီမှုရှိ၊ မရှိ လာရောက်ကြည့်ရှုခြင်း ဖြစ်သည်။ ၂၀၁၀ ပြည့်နှစ် ကေတုမတီ (တောင်ငူ) မြို့တည်နန်းတည် နှစ် (၅၀၀) ပြည့်ပွဲတော် မကျင်းပမီ အပြင်ကျုံးပတ်လမ်းကို ဖောက်လုပ်ခဲ့ပါသည်။ ယိုးဒယားပေါက် ရေတံခါးနေရာတွင် တံတားတစ်ခု တည်ဆောက်ခဲ့သည်။ ဗန်ကောက်ဆေးရုံကြီးမှ ဒါရိုက်တာနှင့်အဖွဲ့ တောင်ငူတွင်ကျင်းပသော ဆရာဝန်ညီလာခံ လာတက်စဉ်က ယိုးဒယားပေါက်ကို လိုက်ပြသောအခါ တအံ့တသြဖြင့် ကြည့်ရှုကြသည်။ ဤနေရာမှာ သမိုင်းဝင် နေရာတစ်ခုဖြစ်သဖြင့် ကမ္ဘာလှည့်ခရီးသွားများကို ပြသသင့်သောနေရာတစ်ခုဖြစ်ပါသည်။ တောင်ငူမြို့သူ၊ မြို့သားများကလည်း သမိုင်းဝင်နေရာတစ်ခုကို ဝိုင်းဝန်းထိန်းသိမ်းသင့်ပါသည်။ ရှေးဟောင်းယဉ်ကျေးမှု သုတေသနဌာနမှ ထိန်းသိမ်းစောင့်ရှောက်ပေးပါရန် မေတ္တာရပ်ခံတင်ပြလိုက်ပါသည်။ ။

**၂၃-၁-၂၀၁၈**

**ကျမ်းကိုး-မဟာရာဇဝင်ကြီး-ဒုတိယတွဲ**

**မဟာရာဇဝင်သစ်(တွင်းသင်း)**

**Our Wars with Burma by Prince Dhamrong**

**"ယိုးဒယားမင်းလည်း ဟံသာဝတီရှင်ဘုရင်ကို မရဘဲကိုငါမပြန်၊ မရရအောင်ယူမည်ဟုဆို၍ ကျုံးနဖူးတွင် တပ်တည်သည်။ ကျုံးရေကို ဖောက်ထုတ်သည်။ ထိုမြောင်းပေါက်ကို ယခုတိုင်အောင် ယိုးဒယားပေါက်ဟုတွင်၏။ မြို့ရိုးကို လှေကားဖြင့်တက်ကာ တိုက်ခိုက်သော်လည်း မြို့စီးပြစီးထူထပ်သည့်အပြင် စိန်ပြောင်းမြတပူတို့ဖြင့် ပစ်ခတ်သဖြင့် ထိခိုက်ရှုနာ အကျအဆုံးများသည်"**

# ကျွန်တော်နဲ့ အင်္ဂလိပ်မက်သဒစ် အထက်တန်းကျောင်း



## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

ဒီမနက်မှာ ရန်ကုန်မြို့ အလံပြဘုရားလမ်းမှာရှိတဲ့ ဒဂုံမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းကို ရောက်ခဲ့တယ်။ အင်မတန်မှ ကျေနပ်စရာ၊ ဂုဏ်ယူစရာ၊ ဝမ်းသာစရာကောင်းလှတဲ့ အခမ်းအနားကို တက်ရောက်ခဲ့တာဖြစ်တယ်။ အမှန်တော့ ဒီအခမ်းအနားကို စီစဉ်ခဲ့တာ ကြာခဲ့ပြီဖြစ်တယ်။ အထက (၁) ဒဂုံဟာ တစ်ချိန်တုန်းက အင်္ဂလိပ်မက်သဒစ် အထက်တန်းကျောင်း ဖြစ်တယ်။ ဒီကျောင်းကို ၁၈၈၂ ခုနှစ်မှာ ဖွင့်လှစ်တည်ထောင်ခဲ့တယ်။ ခရစ်ယာန်သာသနာပြုကျောင်းတစ်ကျောင်းအနေနဲ့ ၁၉၅၂ ခုနှစ်မှာတော့ နိုင်ငံတော်သမ္မတကြီး စဝ်ရွှေသိုက်က ကျောက်ပြားအသစ်တစ်ခုကို ကမ္ပည်းထိုးခဲ့တယ်။ ဒါကြောင့် ဒီနေ့မနက် အခမ်းအနားက အပြာရောင်ကမ္ပည်းပေးအပ်တပ်ဆင်တဲ့ အခမ်းအနားဖြစ်တယ်။ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင် ထွန်း၊ ရန်ကုန်မြို့စည်ပင်သာယာရေးအဖွဲ့ အတွင်းရေးမှူးနဲ့ အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ဟောင်းများ စည်ကားစွာ တက်ရောက်ခဲ့တယ်။

> **"နိုင်ငံတစ်နိုင်ငံမှာ အရေးကြီးဆုံးက ပညာရေးစနစ်ပဲ ဖြစ်တယ်။ တောင့်တင်းခိုင်မာတဲ့၊ အရည်အသွေးမြင့်မားတဲ့ စနစ်ကို တည်ဆောက်ဖို့ လိုအပ်တယ်။ အတိတ်ကို ပြန်သွားလို့ မဖြစ်ပါဘူး။ အင်္ဂလိပ်မက်သဒစ်ကျောင်းကို တမ်းတနေလို့ မဖြစ်ဘူး။ ပြောင်းလဲမှုကို လက်ခံပြီး ပိုပြီးကောင်းအောင် လုပ်ရမှာသာဖြစ်"**

**ကြိုတင်ပြင်ဆင်**

အခမ်းအနားမှာ ကျွန်တော့်ကို ကျောင်းသားဟောင်းတစ်ယောက်အနေနဲ့ အမှာစကားပြောခွင့်ပေးခဲ့တယ်။ ထုံးစံအတိုင်း ကျွန်တော်က တစ်ခုခုပြောရင် ကြိုတင်ပြင်ဆင်မှုတွေ လုပ်ခဲ့တယ်။ ကိုယ့်ရဲ့တင်ပြချက်တွေ ပြည့်စုံအောင်၊ ပရိသတ်တွေ စိတ်ဝင်စားအောင် စီစဉ်ရတယ်။ စဉ်းစားပြီး စာစီရပါတယ်။ အခုလိုလုပ်ရင်း လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ ကျော်တုန်းက ဒီကျောင်းတော်ကြီးနဲ့ ပတ်သက်ခဲ့မှုတွေကို ပြန်လည်သုံးသပ်မိခဲ့တယ်။ ကျွန်တော်က မူကြိုကျောင်းကို ပြည်ထောင်စုရိပ်သာလမ်းမှာရှိတဲ့ လေဒီပေါ်ထွန်းကျောင်းမှာ တက်ခဲ့တာ။ ဒီကျောင်းကို ဖွင့်ထားတဲ့သူက အင်္ဂလိပ်အမျိုးသမီး။ သူ့ရဲ့ ခင်ပွန်းက နာမည်ကြီးလှတဲ့ ဆာပေါ်ထွန်း၊ ရခိုင်လူမျိုး၊ ပညာတတ်နိုင်ငံရေးခေါင်းဆောင်၊ ဆရာမကြီးရဲ့ ကျောင်းကို ကျွန်တော်နဲ့ ညီတော်မောင် နှစ်ဦးတက်ခဲ့တာ။ မူကြိုပြီးတော့ ကျွန်တော်တို့ကို အင်္ဂလိပ်မက်သဒစ် အထက်တန်းကျောင်းကို ပြောင်းထားခဲ့တယ်။ မူကြိုကျောင်းကတည်းက အင်္ဂလိပ်စာကို ဖိသင်ခွင့်ရခဲ့တယ်။ ရေးတတ်ပြောတတ်လာခဲ့တယ်။ အင်္ဂလိပ်မက်သဒစ်ကျောင်းမှာ သုံးနှစ်လောက်နေပြီး ကျွန်တော် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ကို ပြောင်းရွှေ့ပြီး နိုင်ငံတကာကျောင်းမှာ စာသင်ခဲ့တယ်။ ဘာသာစုံကို အင်္ဂလိပ်စာနဲ့ သင်ခွင့်ရခဲ့တယ်။ ဒီတုန်းက ဖခင်လုပ်သူက မြန်မာသံရုံးမှာ စစ်သံမှူးကြီးအနေနဲ့ တာဝန်ယူခဲ့တာ။ သံအမတ်ကြီးက ဗိုလ်ချုပ်အောင်ဆန်းနဲ့အတူ တက္ကသိုလ်တက်ခဲ့သူ ဦးဖေခင်။ ဦးဖေခင်ဟာ ပင်လုံညီလာခံမှာ ဗိုလ်ချုပ်နဲ့ အတူပါဝင်ခဲ့သူ။ ထိုင်းမှာ နှစ်နှစ်လောက်နေပြီး မိဘတွေက ကျွန်တော်တို့ မောင်နှမလေးယောက်ကို ရန်ကုန်ပြန်ပို့ပြီး ယခင်က နေခဲ့တဲ့ အင်္ဂလိပ်မက်သဒစ်ကျောင်းမှာ ပြန်ထားတယ်။ ငါးတန်းအတွက် ဝင်ခွင့်စာမေးပွဲဖြေတဲ့အခါ မြန်မာစာမှာ ကျတယ်။ ဒါပေမယ့် ကျောင်းအုပ်ဆရာမကြီး မစ္စစ်လိုဂီရဲ့ ကျေးဇူးနဲ့ ငါးတန်းကို တက်ခွင့်ရတယ်။ မစ္စစ်လိုဂီက ကျွန်တော်တို့ မောင်နှမ ခုနစ်ယောက်စလုံးကို အင်္ဂလိပ်နာမည်တွေပေးခဲ့သူ။ ဆရာမကြီးက နေ့နံနဲ့ကိုက်ညီအောင် နာမည်တွေရွေးပေးခဲ့တာ။ ဒါကြောင့် ကျွန်တော်တို့အားလုံးမှာ အင်္ဂလိပ်နာမည်တွေ ရှိကြတာ။

ကျွန်တော်တို့ခေတ်တုန်းက လေးတန်း၊ ခုနစ်တန်းနဲ့ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွေကို နိုင်ငံတော်အစိုးရက စစ်ဆေးတယ်။ ကျွန်တော်ခုနစ်တန်းစာမေးပွဲဖြေတာကို အခုထိ မှတ်မိသေးတယ်။ ကျွန်တော်တို့ ဖြေဆိုမယ့်စာစစ်ဌာနကို ကျောင်းက ဆရာ ဆရာမတွေက လိုက်ပို့ပေးကြတယ်။ ထမင်းကျွေးကြတယ်။ ကျောင်းသား ကျောင်းသူတွေကို အစအဆုံး ဂရုစိုက်ကြတာ။ ထူးခြားတဲ့အချက်တစ်ခုကို တင်ပြချင်တယ်။ ဒီတုန်းက ကျွန်တော်တို့အတန်းမှာ ခုနစ်တန်းစာမေးပွဲကျသူ တစ်ဦးတည်းရှိတယ်။ နိုင်ငံတော် သမ္မတကြီးရဲ့သားဖြစ်နေတာကို ထူးဆန်းစွာ တွေ့ရတယ်။ အဲဒီတုန်းက နိုင်ငံခေါင်းဆောင်တွေရဲ့ ကိုယ်ကျင့်သိက္ခာပြည့်ဝမှုကို ဖော်ထုတ်ခြင်းပဲဖြစ်တယ်။ အခုလိုခေါင်းဆောင်ပီသလှတဲ့ သူတွေကို ချီးကျူးရမှာသာ ဖြစ်ပါတယ်။

**သင်ကြားပေး**

ကျောင်းတော်ကြီးက ကျွန်တော်တို့ကို စာသင်ပေးရုံမကပါဘူး။ အားကစား၊ အနုပညာ၊ ဂီတ၊ လူမှုရေးလုပ်ငန်းတွေကိုလည်း သင်ကြားပေးခဲ့တယ်။ ကင်းထောက်လုလင်လှုပ်ရှားမှုတွေမှာလည်း ပါဝင်ခွင့်ရခဲ့တယ်။ ရှစ်တန်းရောက်တော့ ကျွန်တော်တို့အတန်းမှာ ကျောင်းသူအသစ်တစ်ဦး ရောက်လာခဲ့တယ်။ သူကတော့ တခြားလူမဟုတ်ပါဘူး။ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပဲဖြစ်တယ်။ ရှစ်တန်းပြီးတဲ့အချိန်သူက မိခင်ကြီးဒေါ်ခင်ကြည်နဲ့အတူ အိန္ဒိယနိုင်ငံကို ပြောင်းရွှေ့သွားခဲ့တယ်။ နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော်က ကျွန်တော့်ထက် နှစ်နှစ်နောက်ကျတယ်။ သူ့ရဲ့ဇနီး ဒေါ်စုစုလွင်ကတော့ ကျွန်တော့်ရဲ့ညီမငယ်နဲ့ တစ်တန်းတည်း။ အဲဒီတုန်းက မိသားစု သားချင်းတွေများတယ်။ မောင်နှမတွေကများကြတော့ မိသားစုတစ်ခုလုံးနဲ့ ရင်းနှီးကြတာ။

မက်သဒစ်အင်္ဂလိပ်အထက်တန်းကျောင်းဟာ အမှန်တော့ သာသနာပြုကျောင်းဖြစ်တယ်။ ခရစ်ယာန်ကျောင်း၊ ကျောင်းရဲ့ နံဘေးမှာ ဘုရားရှိခိုးကျောင်းကြီးရှိတယ်။ ကျွန်တော်တို့ အပတ်စဉ် ဘုရားကျောင်းတက်ရတယ်။ သီချင်းတွေဆိုရတယ်။ သမ္မာကျမ်းစာတွေ ဖတ်ရတယ်။ ဘုရားဆုတောင်းမှုတွေ လုပ်ခဲ့တယ်။ မိဘကလည်း မကန့်ကွက်ခဲ့ဘူး။ ထူးခြားတာက ဘာသာရေးနဲ့ပတ်သက်ပြီး ကျွန်တော်တို့ကို စည်းရုံးတာ လုံးဝမရှိခဲ့ဘူး။ ကျွန်တော့်ရဲ့သူငယ်ချင်းတွေထဲမှာ အများစုက ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ပေမယ့် ခရစ်ယာန်တွေ၊ မူဆလင်တွေ၊ ဟိန္ဒူဘာသာဝင်တွေ ရှိကြတယ်။ ဒါပေမယ့် သူတို့အားလုံးဟာ ကိုယ့်ရဲ့ သူငယ်ချင်းတွေပဲ။ ဘာသာမတူတာက ပြဿနာမဟုတ်ဘူး။ တစ်ယောက်ကိုတစ်ယောက် ချစ်ကြတယ်၊ သံယောဇဉ်ရှိတယ်၊ လေးစားကြတယ်။

**မုဒိတာပွား**

ကိုးတန်းရောက်တော့ နိုင်ငံတော်အစိုးရက စနစ်သစ် ဖော်ထုတ်ဖို့ ကြိုးစားခဲ့တယ်။ ကိုးတန်းအပြင် ၁၀ တန်းကို ထည့်လိုက်တယ်။ ကိုးတန်းစာမေးပွဲနဲ့ ၁၀ တန်းစာမေးပွဲကို နှစ်နှစ်ဖြေရမှာဖြစ်တယ်။ ဒါကြောင့် တစ်နှစ်ပိုနေရတော့မယ်ဆိုပြီး စိတ်ပျက်မိခဲ့တယ်။ ဒါပေမယ့် ဒီကိစ္စကို မကျေနပ်တဲ့ ကျောင်းသား ကျောင်းသူတွေက ဆန္ဒပြခဲ့ကြတယ်။ နောက်ဆုံး ဝန်ကြီးချုပ်ဦးနုက အလျှော့ပေးပြီး အရင်လိုပဲ ကိုးတန်းနဲ့ ၁၀ တန်းကို ပေါင်းပြီး စာမေးပွဲဖြေခွင့်ပေးခဲ့တယ်။ ဒါကြောင့်လည်း တက္ကသိုလ်ကို တစ်နှစ်စောပြီး ရောက်ခဲ့တာ။ ကျောင်းတော်ကြီးက ကျွန်တော်တို့ကို ပညာပေးရုံသာမက ဘဝကိုရင်ဆိုင်တဲ့အခါ ထားရှိရမယ့် စိတ်တွေကို မွေးထုတ်ပေးခဲ့ကြတယ်။ ကျွန်တော်တို့ ကျောင်းနေဖက်တွေဟာ တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်ကြီးကြတယ်။ ဘယ်နေရာတွေ့တွေ့ ငယ်ငယ်တုန်းကအတိုင်းပဲ၊ မနာလိုတဲ့စိတ် မရှိဘူး။ မုဒိတာပွားနိုင်တယ်။ တစ်ယောက်အောင်မြင်ရင် ကျန်တဲ့သူတွေက ဝမ်းသာကြတယ်။ ငယ်ကျိုးငယ်နာဖော်တာလည်း မရှိဘူး။ အခုလိုစိတ်ကို ဘယ်လိုမွေးပေးခဲ့တာကိုတော့ မပြောတတ်ဘူး။ ရှိနေတာတော့ အမှန်ပါပဲ။

ကျောင်းတော်ကြီးမှာ တက်ကြတဲ့သူအများစုဟာ အစိုးရစာမေးပွဲတွေကို ဝင်ဖြေကြပြီး ပြည်တွင်းမှာပဲ ပညာဆက်သင်ဖို့ အစီအစဉ်ရှိကြတယ်။ နိုင်ငံခြားထွက်ဖို့ မစဉ်းစားကြဘူး။ တက္ကသိုလ်ရောက်တော့ ပထမနှစ်မှာ လုံးဝအခက်အခဲ မရှိခဲ့ဘူး။ စာတွေက လွယ်နေသလိုပဲ။ တက္ကသိုလ်ရောက်တော့လည်း ကျောင်းနေဖက် သူငယ်ချင်းတွေက စည်းရုံးကြတယ်။ အချင်းချင်းပဲ ပေါင်းကြတယ်။ ကျွန်တော်တို့ အပြာရောင်ကမ္ပည်းကတ်ပြား အခမ်းအနားမကျင်းပမီညက စီဒိုးနားဟိုတယ်မှာ ညစာစားပွဲ ကျင်းပခဲ့တယ်။ ဒီနှစ်မှာ ထူးခြားတာက နိုင်ငံတကာက ကျောင်းသား ကျောင်းသူဟောင်းတွေ စုဝေးခဲ့ကြတာ။ ညစာစားပွဲကို ဇနီးမောင်နှံတက်ရောက်ခဲ့တော့ နည်းနည်းနောက်ကျမှ ရောက်တယ်။ ခန်းမထဲမှာ ကျောင်းသားဟောင်းတွေအပြည့် စားပွဲဝိုင်းကိုယ်စီမှာ နှစ်အလိုက် စုဝေးနေကြတာ။ ထမင်းစားရင်း သီချင်းတွေဆိုကြတယ်။ စုပေါင်းဓာတ်ပုံရိုက်ကြတယ်။ ကကြတယ်။ ဗိုလ်ကျောင်းထွက်ပီပီ အနောက်တိုင်းအကကို ကျွမ်းကျင်ကြတယ်။ သူငယ်ချင်းတွေ ပြန်တွေ့ရတော့ ဝမ်းသာတယ်။ ပီတိဖြစ်ရတယ်။ တချို့ကိုတော့ မမှတ်မိတော့ဘူး။ အသက်တွေလည်း မငယ်ကြတော့ဘူးလေ။ မတွေ့တာကြာတော့ တစ်ယောက်နဲ့တစ်ယောက် ပြန်ပြီး မိတ်ဆက်ကြတယ်။ ကျွန်တော့်ထက် အတန်းကြီးတဲ့သူတွေ တွေ့ရသလို အတန်းငယ်တဲ့သူတွေနဲ့လည်း ဆုံခဲ့ရတာ။ အချိန်ကုန်လို့ ကုန်မှန်းမသိခဲ့ဘူး။ အသက်က ၅၀ ကျော်လောက် ငယ်သွားခဲ့တာ။

**တက်ရောက်ကြ**

အခမ်းအနားမှာ တာဝန်ရှိတဲ့သူတွေ စကားပြောကြပြီး ကျောင်းသား ကျောင်းသူဟောင်းတွေကိုယ်စား ကျွန်တော်က အမှာစကားပြောခဲ့တယ်။ ဖွင့်ပွဲအခမ်းအနားပြီးတော့ ကျောင်းရဲ့ ဆင်ဝင်အောက်မှာ ဖဲကြိုးဖြတ်တဲ့ အခမ်းအနားနဲ့ နံ့သာရည်ဖျန်းတဲ့ အခမ်းအနားကို ကျင်းပခဲ့တယ်။ အခမ်းအနားမှာ အင်္ဂလိပ်မက်သဒစ် ကျောင်းသား ကျောင်းသူဟောင်းတွေရှိသလို ဒဂုံ (၁) ကျောင်းသား ကျောင်းသူတွေလည်း တက်ရောက်ကြတယ်။ ခေတ်တစ်ခေတ်၊ စနစ်တစ်ခုပြောင်းလဲမှုကြောင့် ဖြစ်လာတဲ့ ကိစ္စပါပဲ။ ဘာပဲဖြစ်ဖြစ် ရှေ့လူတွေက နောက်လူတွေကို လက်ဆင့်ကမ်းရမှာသာဖြစ်တယ်။ ဒီနေ့အခမ်းအနားကို တက်ရင်း ပညာရေးစနစ်အကြောင်း စဉ်းစားနေမိတယ်။ နိုင်ငံရေးအယူအဆတစ်ခုကြောင့် ပြည်သူပိုင်သိမ်းခဲ့ပေမယ့် ပညာရေးအဆင့်အတန်းကိုတော့ ဆက်ပြီးထိန်းသိမ်းရမှာသာဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ အရေးကြီးဆုံးက ပညာရေးစနစ်ပဲဖြစ်တယ်။ တောင့်တင်းခိုင်မာတဲ့၊ အရည်အသွေးမြင့်မားတဲ့ စနစ်ကို တည်ဆောက်ဖို့ လိုအပ်တယ်။ အတိတ်ကို ပြန်သွားလို့ မဖြစ်ပါဘူး။ အင်္ဂလိပ်မက်သဒစ်ကျောင်းကို တမ်းတနေလို့ မဖြစ်ဘူး။ ပြောင်းလဲမှုကို လက်ခံပြီး ပိုပြီးကောင်းအောင် လုပ်ရမှာသာဖြစ်ပါတယ်။ ။



ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်တွင် မူခင်းပညာပေးနှင့် ရဲတပ်သားသစ်စုဆောင်းရရှိရေး ဟောပြောဆွေးနွေးပွဲကို ပန်းပင်ချောင်ရပ်ကွက် ဓမ္မာရုံ၌ ဇန်နဝါရီလတတိယပတ်က ပြုလုပ်ရာ ဆိပ်ကြီးခနောင်တိုမြို့မရဲစခန်းမှူး ဒုရဲမှူး တင်ကိုလတ် ဆွေးနွေးဟောပြောစဉ်။

ခင်မောင်သော် (ကမာရွတ်)

## ကျေးရွာသစ်လှုပ်ရှားမှုလုပ်ငန်းများ ကြည့်ရှုလေ့လာ

**ကျောက်တန်း ဇန်နဝါရီ ၂၈**

ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ KOICA ဥက္ကဋ္ဌ မစ္စလီမီဂယောင်းနှင့်အဖွဲ့သည် မြန်မာဆယ်မာအူးလ်အွန်ဒုံ ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းဆောင်ရွက်လျက်ရှိသော ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ဝဲကြီးကျေးရွာသို့ ဇန်နဝါရီလတတိယပတ်က ရောက်ရှိခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဌေးနှင့်ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးဦးစီးမှူး ဦးထိန်လင်းဟန်၊ ကျေးရွာ ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းဥက္ကဋ္ဌ ဦးမြင့်ဦးတို့ ဦးဆောင်သည့် ရွာသူရွာသားများက နှစ်နိုင်ငံအလံငယ်လေးများ ကိုင်ဆောင်ဝေ့ယမ်း၍ ကြိုဆိုခဲ့ကြသည်။

အဆိုပါအဖွဲ့အား ဝဲကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျေးရွာစီမံကိန်းဥက္ကဋ္ဌက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ KOICA ဥက္ကဋ္ဌက အားပေးစကား ပြန်လည်ပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး Mr. Lee Sang Hwa က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် KOICA ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဝဲကြီးကျေးရွာအတွင်းမှ မြန်မာဆယ်မာအူးလ်အွန်ဒုံ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။


၀၁၉



နေပြည်တော် ဒက္ခိဏသီရိမြို့နယ် **Junction Center** တွင် ဇန်နဝါရီ ၂၇ ရက်က နေပြည်တော်မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်း ဦးဆောင်သော ရှာဖွေကယ်ဆယ်ရေးယာဉ်နှစ်စီး၊ မီးငြိမ်းသတ်ရေးယာဉ် သုံးစီး၊ ရှာဖွေကယ်ဆယ်ရေးမီးသတ်တပ်ဖွဲ့ဝင်များ၊ မီးငြိမ်းသတ်ရေးတပ်ဖွဲ့ဝင်များ၊ **Junction Center** မှ ဝန်ထမ်းများ ပါဝင်သော အဖွဲ့များဖြင့် ပိတ်မိနေသောလူများအား ရှာဖွေကယ်ဆယ်ခြင်း၊ မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ခြင်းများ သရုပ်ပြလေ့ကျင့်ဆောင်ရွက်ခဲ့ကြစဉ်။

မြို့နယ် (ပြန်/ဆက်)




၂၈-၁-၂၀၁၈

စာရေးသူ အကြီးကိုကို(ကသာ)၏ အဖြူရောင်အိမ်မက် ကဗျာများ စာအုပ် ထွက်ရှိလာသည်။ အဆိုပါ ကဗျာစာအုပ်တွင် အချစ်နှင့်ဒဿန စာစုကဗျာများ၊ ငြိမ်းချမ်းရေးနှင့် ဒဿနစာစုကဗျာများ၊ အမေနှင့် မိသားစုမေတ္တာဘွဲ့စာစုကဗျာများနှင့် ရခိုင်ဒေသ တိုင်းရင်းသား ညီအစ်ကို မောင်နှမများ လက်ရှိပစ္စုပ္ပန်အချိန်တွင် အကြမ်းဖက် ခံနေရသော စာစုနှင့် ကဗျာများပါဝင်သည်။ ဆရာ အကြီးကိုကို(ကသာ)ကလည်း အဖြူရောင် အိပ်မက်ကဗျာ စာစုများသည် စာဖတ်သူ၏ နှလုံးသားအား တစ်စုံတစ်ရာ ထိမိရှမိ ရှိချင်မှ ရှိပါလိမ့်မည်။ သို့သော် ကျွန်တော့်အတွက်မူကား 'နှလုံးသွေးစက်များ'ဖြစ်သည်ဟု ပြောပြထားသည်။ ဆရာအကြီးကိုကို (ကသာ)၏ ကဗျာတွေကို ဖတ်ရတဲ့အခါ ခရီးသွား မှတ်တမ်းသဖွယ် ခံစားရသည်။ ဆရာက တွေ့ထိခံစားမှုအပေါ် ရင်ထဲမှာ သိုလှောင်မထားဘဲ စာမျက်နှာပေါ်တွင် ခင်းကျင်းလိုက်ခြင်းဖြစ်သည်ဟု ဆရာမိုသျှန်းကလည်း သူ၏အမှာစာတွင် ဖော်ပြထားသည်။

အဆိုပါစာအုပ်ကို ဆောင်းရတီစာပေ၊ အမှတ်(၅၈)၊ ကတ္တီပါရပ်၊ မန္တလေးမြို့။ ဖုန်း-၀၉-၄၃၁၁၅၆၈၂၊ ၀၉-၉၁၀၂၅၀၇၈၊ ၀၉-၄၀၂၅၃၂၂၃၃ သို့ ဆက်သွယ်၍ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်သည်။




စာရေးသူ ဒေါက်တာဆန်းထွန်း ရေးသားသော မြန်မာဒဿနဆိုင်ရာ အတွေးအခေါ်၏ အခြေခံ(A Principle of Myanmar Philosophical Thought)စာအုပ်ထွက်ရှိလာသည်။ အဆိုပါစာအုပ်ကို ယဉ်ကျေးမှုဒဿနပညာ (Philosophy of Culture)ဘာသာရပ်အခြေပြု ရေးသားထားသည်။ ဒဿနပညာသည် ယဉ်ကျေးမှုတိုင်း၏ အခြေခံတစ်ခုဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုတွင် ယဉ်ကျေးမှုအခြေခံများစွာရှိသည်။ ယင်းတို့မှ ဗုဒ္ဓစာပေ ယဉ်ကျေးမှုရှိ အဘိဓမ္မာစာပေမှ လေ့လာတွေ့ရှိရသော စေတနာ စေတသိက်အခြေပြု၍ ရေးသားထားသည်။ ဒဿနပညာဆိုသည်မှာ အရပ်သုံးစကားကို ပညာရပ်သုံးအဖြစ် ဒဿနအခြေခံများအသုံးပြု၍ တည်ဆောက်ရသည်ဟုဆိုပါသည်။ မြန်မာအရပ်သုံးစကားဖြစ်သောစေတနာစကားလုံးကို ပညာရပ်သုံးအဖြစ် ရေးသားထားသည်။ လူ၏အပြုအမူက လူ၏အဓိပ္ပာယ်ကိုဖွင့်ဆိုသည်။ စေတနာသည် လူ၏အပြုအမူ ကံကိုဖြစ်စေသည်။ ထို့ကြောင့် စေတနာသည် လူ၏အဓိပ္ပာယ်ကို ဖွင့်ဆိုသည်ဟု ယုတ္တိနည်းကျ ရေးသားထားသည်။ ထို့ပြင် ပျူခေတ်တွင် တွေ့ရသော 'အရာရာသည် အကြောင်းတရားအခြေခံ ဖြစ်လာသည်'ဟု အဓိပ္ပာယ်ရသည့် 'ယေဓမ္မာ ဟေတုပ္ပဘဝါ'အား မြန်မာဒဿနဆိုင်ရာ အတွေးအခေါ်၏ အခြေခံအဖြစ် ဖော်ထုတ်ရေးသားထားသည်။ မြန်မာဒဿနသည် ကြောင်းကျိုးတရား အခြေခံထားသည်။ ကြောင်းကျိုးတရားအခြေပြု၍ လူ၏အဓိပ္ပာယ်ကို စေတနာအခြေပြု ဖွင့်ဆိုထားသည့် စာအုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို လှိုင်းသစ်စာပေ၊ အမှတ်(၇)၊ (၇) လွှာ၊ (၁၅) လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၁၀၇၃၅၊ ၀၉-၅၀၅၅၉၉၆ သို့ ဆက်သွယ်၍ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်သည်။ ။

# ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်သစ်ကို ပြည်သူများ ကြိုဆိုအလေးပြု

**မြင်းမူ ဇန်နဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ အောင်ဇေယျရပ်ကွက်တွင် တည်ဆောက်လျက်ရှိသော ဗိုလ်ချုပ်အောင်ဆန်းပန်းခြံအတွင်း အများပြည်သူ လာရောက်ဂါရဝပြုနိုင်ရန်နှင့် လေ့လာနိုင်ရန် ရည်ရွယ်ပြုလုပ်ခဲ့သော ဗိုလ်ချုပ်ကြေးရုပ်သစ်ကြီးသည် ဇန်နဝါရီ ၂၅ ရက် ညနေပိုင်းက မြင်းမူမြို့သို့ ရောက်ရှိလာရာ ပြည်သူများက လာရောက်ကြိုဆို အလေးပြုခဲ့ကြကြောင်း သိရသည်။

ဗိုလ်ချုပ်ကြေးရုပ်သစ်ကြီးကို မြင်းမူမြို့ မြန်မာ့ ရှေ့ဆောင်ဘဏ်ခွဲ၏ လှူဒါန်းငွေ ကျပ်သိန်း ၃၀၀ ဖြင့် မန္တလေးမြို့ တပွဝတီရပ်ကွက်ရှိ မန်းပြည့်ဝ ကြေးသွန်းလုပ်ငန်းက တာဝန်ယူပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ မြင်းမူမြို့သို့ရောက်ရှိလာသော ဗိုလ်ချုပ်ကြေးရုပ်သစ်ကြီးကို ပန်းခြံအတွင်းရှိ စင်မြင့်ပေါ်၌ ထားရှိပြီးချိန်တွင် တက်ရောက်လာသော ပြည်သူများက စုပေါင်းအလေးပြုခဲ့ကြသည်။ ဗိုလ်ချုပ်ကြေးရုပ်သစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့တွင် စည်ကားစွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယခု မြင်းမူမြို့တွင် ထားရှိသွားမည့် ဗိုလ်ချုပ်ကြေးရုပ်မှာ အလေးချိန် တစ်တန်ရှိကာ အမြင့်မှာ ၁၂ ပေခွဲ ၆ လက်မရှိပြီး တိုင်းဒေသကြီးအတွင်း အကြီးဆုံး ကြေးရုပ်တုကြီး ဖြစ်လာမည်ဖြစ်ကြောင်းလည်း ဗိုလ်ချုပ်ကြေးရုပ်ထားရှိရေး ကော်မတီဝင်တစ်ဦးထံမှ သိရသည်။

**အောင်စိုးဇေ(မြင်းမူ)**



# ချစ်ကြည်ရေးတံတားအနီးရှိ လမ်းအချို့ကို တစ်လမ်းမောင်းစနစ် ကျင့်သုံးသွားမည်



**မြဝတီ ဇန်နဝါရီ ၂၈**

မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် နှစ်နိုင်ငံကုန်သွယ်ယာဉ်များနှင့် ခရီးသွားယာဉ်များကြောင့် ယာဉ်ကြောကျပ်တည်းမှုများ ဖြစ်ပေါ်လျက်ရှိရာ အဆိုပါ ယာဉ်ကြောကျပ်တည်းမှုများ လျော့နည်းစေရေးအတွက် အမှတ်(၁) ချစ်ကြည်ရေးတံတားကြီးအနီးရှိ လမ်းအချို့ကို တစ်လမ်းမောင်းစနစ် ကျင့်သုံးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ မြဝတီမြို့ဟာ နယ်စပ်မြို့ တစ်မြို့ဖြစ်ပြီး နှစ်နိုင်ငံကုန်သွယ်မှုယာဉ်တွေ၊ ခရီးသွားယာဉ်တွေ နေ့စဉ်သွားလာလျက်ရှိပါတယ်၊ မြဝတီမြို့မှာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာတာရော၊ ဒေသတည်ငြိမ်အေးချမ်းလာတာတွေအတွက် လူဦးရေနဲ့ ယာဉ်တွေဟာလည်း တဖြည်းဖြည်း များပြားလာတာကို တွေ့ရမှာဖြစ်ပါတယ်၊ အဲဒီအတွက်ကြောင့် ယာဉ်ကြောကျပ်တည်းမှုတွေ မကြာခဏဆိုသလို ဖြစ်ပေါ်လျက်ရှိပါတယ်၊ အဲ့ဒီပြဿနာကို ဖြေရှင်းနိုင်ဖို့ မြို့မိမြို့ဖတွေနဲ့ ဆွေးနွေးညှိနှိုင်း အဖြေရှာခဲ့ရာမှာတော့ ဒီနေ့ တစ်လမ်းမောင်းစနစ်ကျင့်သုံးဖို့ ဆောင်ရွက်ဖို့ကို ချပြရှင်းလင်းခြင်းဖြစ်ပါတယ်၊ အခုလို ချပြရှင်းလင်းခြင်း၊ ဆိုင်းဘုတ်ထောင်ခြင်းအပြီးမှာ ပညာပေးကာလ တစ်လ သတ်မှတ်ပြီးတော့ နောက်ပိုင်းမှာ ဥပဒေနဲ့အညီ အရေးယူခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်က ပြောသည်။

ဇန်နဝါရီ ၂၆ ရက်က မြဝတီမြို့ သောင်ရင်းခန်းမ၌ ကျင်းပသည့် တစ်လမ်းမောင်းစနစ် ကျင့်သုံးဆောင်ရွက်မည့် အစီအစဉ် ချပြရှင်းလင်းပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်ပြီး အဆိုပါရှင်းလင်းပွဲတွင် တစ်လမ်းမောင်းစနစ် ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေက အကြံပြုဆွေးနွေးကာ အမှတ်(၇၃) ယာဉ်ထိန်းတပ်ဖွဲ့ (မြဝတီ)မှ တပ်ဖွဲ့စုမှူး ဒုရဲမှူးစိုးမြင့်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် တစ်လမ်းမောင်းစနစ် ကျင့်သုံးခြင်းတွင် ပြည်သူများသိရှိ လိုက်နာရမည့်အချက်များကို အသေးစိတ် ရှင်းလင်းခဲ့သည်။

တစ်လမ်းမောင်းစနစ်ကျင့်သုံးသွားမည့်လမ်းများမှာ အမှတ်(၁) ချစ်ကြည်ရေးတံတားအနီးရှိ ပိတောက်လမ်း၊ ပတ္တမြားလမ်း၊ ယုဇနလမ်းနှင့် မဟူရာလမ်းတို့ဖြစ်ပြီး ဓိဋ္ဌာန်အောင်ဘုရား ပတ်လမ်းကိုလည်း တစ်လမ်းမောင်းစနစ် ကျင့်သုံးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌက "ကျွန်တော်တို့ မြို့နယ်စည်ပင်သာယာရေးကော်မတီအနေနဲ့လည်း ယာဉ်ကြောကျပ်တည်းမှုတွေနဲ့ ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် လမ်းနယ်နိမိတ်အပေါ် ပစ္စည်းတွေ ချရောင်းနေတာတွေ၊ တဲထိုးတာတွေကို အသိပေးစာ သုံးကြိမ်ပို့မယ်၊ အဲဒါမှမရရင် ဥပဒေနဲ့အညီ အရေးယူသွားမှာပါ"ဟု ပြောသည်။

မြဝတီမြို့မှ ဒေသခံတစ်ဦးဖြစ်သည့် ကိုသက်ဦးနိုင်က "အခုလို တစ်လမ်းမောင်း စနစ်တွေ လုပ်မယ်ဆိုတော့ အင်မတန်ကောင်းပါတယ်၊ လုပ်သင့်တာကြာပါပြီ၊ တစ်နေ့တစ်နေ့ ယာဉ်တွေလူတွေ များများလာပြီး ယာဉ်ကြောကျပ်တည်းမှုတွေ ဖြစ်နေတာလေ၊ ဒီလိုဆို ခရီးသွားတွေအတွက်ရော မြို့အတွက်ပါ အများကြီး ကောင်းမွန်လာမှာပါ"ဟု တစ်လမ်းမောင်းစနစ် ပြောင်းလဲမည့် ကိစ္စကို ကြိုဆိုပြောကြားသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# စက္ခုပါလ အလင်းရောင်ဖောင်ဒေးရှင်း ပျဉ်းမနားမြို့တွင် ဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၂၈**

မျက်စိဝေဒနာရှင်များအား အခမဲ့ဆေးဝါးကုသခွဲစိတ်မှုများ ဆောင်ရွက်ပေးမည့် "စက္ခုပါလ" အလင်းရောင်ဖောင်ဒေးရှင်းကို နေပြည်တော် ပျဉ်းမနားမြို့ ရွှေချီရပ်ကွက်(၇)လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၌ ဇန်နဝါရီ ၂၆ ရက်က စတင်ဖွင့်လှစ်ထားပြီဖြစ်ကြောင်း သိရသည်။ စက္ခုပါလ အလင်းရောင်ဖောင်ဒေးရှင်းအနေဖြင့် ပျဉ်းမနားမြို့ပေါ်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ မျက်စိဝေဒနာရှင်များအား နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီးတွင် မျက်စိစမ်းသပ်ပေးခြင်း၊ မျက်မှန်တပ်ရမည့်လူနာများအား အခမဲ့တပ်ဆင်ပေးခြင်း၊ ခွဲစိတ်ရမည့်လူနာများအား အခမဲ့ခွဲစိတ်ကုသခြင်းများ ပြုလုပ်ပေးမည်ဖြစ်ကြောင်းနှင့် မျက်စိဝေဒနာရှင်များအတွက် စရိတ်များပါ အကုန်ကျခံပေးမည်ဖြစ်သည်။



စက္ခုပါလ အလင်းရောင်ဖောင်ဒေးရှင်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဆွေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်၊ ဖောင်ဒေးရှင်း တည်ထောင်သူ ဦးခင်မောင်သန်းနှင့်ဇနီး ဒေါ်တင်တင်မာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဖောင်ဒေးရှင်းအနေဖြင့် လစဉ်လတိုင်း မျက်စိဝေဒနာရှင် ၅၀ ကို ကုသပေးသွားမည်ဖြစ်ကာ ဖောင်ဒေးရှင်းစတင်ဖွင့်လှစ်သည့်နေ့တွင်လည်း ဇမ္ဗူသီရိမြို့နယ်နေ မျက်စိ ဝေဒနာရှင် ၅၀ အား စတင်ကုသပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**




# ရန်ကုန်တက္ကသိုလ် အခြေခံကင်းထောက်သင်တန်း ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၈**

ရန်ကုန်တက္ကသိုလ်အခြေခံကင်းထောက်သင်တန်း (၁/၂၀၁၈) ဖွင့်ပွဲကို ဇန်နဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ကျင်းပရာ ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသက်လွင်၊ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်၊ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ အမျိုးသမီး ကင်းထောက်ချုပ် ဒေါ်တင်လှကြည်တို့က သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

ရန်ကုန်တက္ကသိုလ် ကင်းထောက်အခြေခံသင်တန်းကို ကမ္ဘာနှင့် မြန်မာကင်းထောက်သမိုင်း၊ ကင်းထောက်ကတိနှင့် ကျင့်ဝတ်၊ ကြိုးချည်နည်း၊ ရှေးဦးသူနာပြုစုနည်း၊ တောတွင်းစခန်းချခရီးထွက်ခြင်း၊ မီးပုံပွဲ ပြုလုပ်ခြင်းနှင့် ကင်းထောက်တေးသီချင်းများ၊ စုပေါင်းကစားနည်းများကို ဇန်နဝါရီ ၂၉ ရက်အထိ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်မှ သိရှိရသည်။

**မြန်မာ့အလင်း**

# လက်တွေ့ဖွံ့ဖြိုးတိုးတက်လာသော ကျေးရွာသစ်စီမံကိန်းမှ ကျေးရွာများ

ကိုရီးယား - မြန်မာ ချစ်ကြည်ရင်းနှီးမှုဖြင့် ပူးပေါင်းဆောင်ရွက်နေသော ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း (မြန်မာဆယ်မားအူးလ်အွန်ဒုံ)ကို နေပြည်တော်ကောင်စီနယ်မြေတွင် ကျေးရွာပေါင်း ၄၀ ဖြင့် ၂၀၁၆ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ရာ ယခုတွင် အောင်မြင်မှုများ ရရှိနေပြီဖြစ်ကြောင်း သိရသည်။ မြန်မာဆယ်မား အူးလ်အွန်ဒုန် ကျေးရွာသစ်စီမံကိန်းကို ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့က ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် သဘောတူလက်မှတ်ထိုးခဲ့ပြီး ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ငါးနှစ်စီမံကိန်းဖြစ်ကာ ကိုရီးယားနိုင်ငံမှ အမေရိကန်ဒေါ်လာ ၂၂ သန်း ထောက်ပံ့ပေး၍ ကျေးရွာများ ဖွံ့ဖြိုးစေရေးအတွက် စိုက်ပျိုးရေးဝန်ထမ်းများကလည်း ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေပြည်တော် လယ်ဝေးမြို့နယ်အတွင်းမှ သော်မှော်ကုန်းကျေးရွာ၊ ကံသာကျေးရွာ၊ ကျွန်းကုန်းကျေးရွာ၊ ကြံခင်းစုကျေးရွာနှင့် ရန်ကင်းကျေးရွာတို့တွင် ကျေးရွာသစ်စီမံကိန်း အကောင်အထည်ဖော်ထားပြီး အောင်မြင်မှုများရရှိနေသည်ကို သွားရောက်တွေ့ဆုံ မေးမြန်းဖြစ်ခဲ့သည်။

**ဦးစောဝင်း (လယ်ဝေးမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး)**

ကျွန်တော့်မြို့နယ်မှာ လူထုဗဟိုပြုစီမံကိန်းနဲ့ပတ်သက်ရင် ကံသာ၊ သော်မှော်ကုန်း၊ ကျွန်းကုန်း၊ ကြံခင်းစု၊ ရန်ကင်းကျေးရွာ ငါးရွာရှိပါတယ်။ အဓိက ရည်ရွယ်ချက်က စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဝင်ငွေတိုးပွားရေးပါ။ စွမ်းဆောင်ရည်မြှင့်တင်ရေးမှာဆိုရင် ကျေးရွာလူထုတွေကိုတွေ့ဆုံပြီးတော့ ဆွေးနွေးတယ်၊ ညှိနှိုင်းတယ်၊ နောက်ထပ်လုပ်မယ့်အရာတွေကို စည်းဝေးတယ်၊ မှတ်တမ်းတွေရေးသွင်းတယ်။ ဒါ့အပြင် အခြားကျေးရွာတွေကိုလည်း လေ့လာရေးခရီးသွားတာတွေ လုပ်ပါတယ်။ သိန်းကို ပထမနှစ်ကလို အချိုးကျပြန်အသုံးပြုတယ်။ ပထမနှစ်မှာ ကျွန်တော်တို့က လုပ်နိုင်တဲ့ရွာတွေထဲက နေပြီးတော့ တစ်နိုင်ငံလုံးမှာ အကဲဖြတ်အမှတ်ပေးအဆင့် Aအဆင့်၊ Bအဆင့်နဲ့ Cအဆင့် ခွဲလိုက်ပြီး Aအဆင့်ဆိုရင် ဒေါ်လာနှစ်သောင်း ထပ်ပေးတယ်။ Bအဆင့်ဆိုရင် ဒေါ်လာတစ်သောင်းနဲ့ ညီမျှတဲ့ငွေထပ်ပေးတယ်။ အခု ဒီရွာတွေကတော့ A အဆင့်ရထားတဲ့ရွာတွေပါ။ သူတို့စုထားတဲ့ငွေတွေကိုလည်း ပြန်ထုတ်ပေးကာ ဝင်ငွေတိုးပွားရေးမှာ ပြန်လည်အသုံးပြုစေပါတယ်။

**ဦးညွန့်ရွှေ (ကံသာကျေးရွာ SMU ဥက္ကဋ္ဌ)**

ကျွန်တော်ကတော့ SMU ၁၁ဦးအဖွဲ့မှာ ဥက္ကဋ္ဌပါ။ ဒီမှာလုပ်တဲ့အပိုင်းကတော့ စွမ်းဆောင်ရည်၊ လူနေမှုနဲ့ ဝင်ငွေတိုးပွားရေး ကဏ္ဍကြီးသုံးရပ်မှာ သူ့ခေါင်းစဉ်အလိုက် ခေါင်းဆောင်တွေရှိပါတယ်။ အဲဒီခေါင်းဆောင်တွေကတင်ပြတဲ့ လုပ်ငန်းတွေအပေါ်မှာ ဒါလုပ်သင့်တယ် မလုပ်သင့်ဘူး ဆိုတာလေးတွေကို ကျေးရွာမှာ အစည်းအဝေးထိုင်ပြီးတော့ လုပ်ငန်းလုပ်မယ့် လုပ်ငန်းစဉ်လေးတွေကို အကုန်လုံးအကဲဖြတ်ပေးပြီးတော့ ဒီလုပ်ငန်းကို မြန်မာဆယ်မားအူးလ်အွန်ဒုံအဖွဲ့က လုပ်မယ်။ ကျွန်တော်တို့ရွာတွေက ကောင်းမွန်တဲ့ အနေအထားဖြစ်လို့ A အဆင့်ရခဲ့တာပါ။ အောင်မြင်မှုများ ရရှိခဲ့ပါတယ်။

**ဦးသိန်းအောင်( ကံသာကျေးရွာ၊ လူနေမှုဖွံ့ဖြိုးတိုးတက်ရေးခေါင်းဆောင်)**

ကျွန်တော်တို့က လုပ်ငန်းတစ်ခုလုပ်မယ်ဆိုရင် စီမံချက်ဆွဲရပါတယ်၊ အဲဒီစီမံချက်စဆွဲပြီးတော့ ကော်မတီစတင်ဖွဲ့စည်းရပါတယ်၊ ကျေးရွာလူထုကို ချပြရတယ်။ အဓိကလုပ်ရမယ့်အချက်တွေကို စီမံချက်ဆွဲရတယ်။ ဆယ်မားအူးလ်အွန်ဒုံမှ အလှူရှင်တွေရဲ့ စေတနာကြောင့် ကျေးရွာတွေမှာ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်လာတယ်။ ပတ်ဝန်းကျင် တိုးတက်လာတာနဲ့ အမျှ ကျွန်တော်တို့ လူတွေရဲ့စိတ်တွေလည်း မြင့်လာပါတယ်။ ကျေးရွာသစ်စီမံကိန်းကြောင့် ကျေးလက်နေသူများရဲ့ ဘဝများစွာ ဖွံ့ဖြိုးတိုးတက်လာပါတယ်။



ဦးစောဝင်း (လယ်ဝေးမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး)




ကျေးရွာလှုပ်ရှားမှုစီမံကိန်းဝင် သော်မှော်ကုန်းကျေးရွာ၌ ခင်းထားပြီးသော ကျေးရွာလမ်း။

နောက်ပြီး ကျန်းမာရေးအသိပညာပေး၊ မွေးမြူရေးပညာပေး၊ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး စတဲ့ကဏ္ဍတွေအားလုံး ပါဝင်ပါတယ်။ ဒုတိယအချက် လူနေမှု ပတ်ဝန်းကျင်တိုးတက်ရေးကတော့ လမ်းတွေကောင်းမွန်အောင်လုပ်မယ်၊ ကျေးရွာခန်းမ ဆောက်ပေးမယ်၊ ရွာတွေမှာ ရေရရှိဖို့အတွက် အိမ်တိုင်ရာရောက် ဆောင်ရွက်ပေးမယ်၊ ရေနုတ်မြောင်းတွေ ကောင်းအောင်လုပ်ပေးမယ်၊ ရေတိုက်စားမှုကိုကာကွယ်ဖို့ ရေကာတာတန်းတွေ ဆောက်ပေးမယ်။ လူနေမှုပတ်ဝန်းကျင်က တစ်ရွာနဲ့တစ်ရွာ မတူပါဘူး။

တတိယအချက် ဝင်ငွေတိုးပွားရေးမှာဆိုရင် ပထမနှစ်မှာပေးလိုက်တဲ့ ဒေါ်လာနှစ်သောင်းထဲက ငွေ ၂၇၂ သိန်းကို ရာခိုင်နှုန်းနဲ့ သတ်မှတ်ထားတယ်။ အဲဒီအထဲကနေ ကျပ် ၈၂ သိန်းကို စိုက်ပျိုးရေး၊ မွေးမြူရေး၊ အိမ်ဈေးဆိုင်တွေနဲ့ ဝင်ငွေတိုးပွားရေးလုပ်မယ်။ ဒုတိယနှစ်မှာဆိုရင် ဒေါ်လာနှစ်သောင်းနဲ့ ညီမျှတဲ့ငွေ ၂၇၂

**ဦးခင်မောင်သန်း (ကံသာကျေးရွာ၊ ဝင်ငွေတိုးပွားရေးခေါင်းဆောင်)**

၂၀၁၆ခုနှစ်မှာ ဝင်ငွေတိုးပွားရေးနဲ့ပတ်သက်လို့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစားချေးငွေနဲ့ တစ်ပိုင်တစ်နိုင် ဝက်မွေးမြူရေးလုပ်ငန်းတွေ ပါဝင်ပါတယ်။ ဝင်ငွေတိုးပွားရေးနဲ့ပတ်သက်လို့ စီမံချက်အရ ကိုယ့်ကျေးရွာဖွံ့ဖြိုးတိုးတက်အောင် လုပ်ငန်းတွေကို ကိုယ်လုပ်ချင်တဲ့ဆန္ဒအတိုင်း တောင်းခံနိုင်ပြီး အရင်းအနှီးအဖြစ် ကျပ်တစ်သိန်းစီ ထုတ်ချေးပါတယ်။ ချေးငွေတွေကို တစ်ရွာလုံးကို ထုတ်ချေးပါတယ်၊ နောက်လုပ်မယ့် စီမံချက်တွေလည်းရှိပြီး နောက်ပိုင်းမှာလည်း ကျေးလက်ဘဏ်သဘောမျိုးအထိ လျာထားပါတယ်။

**ဦးကြည်စိုး (သော်မှော်ကုန်းကျေးရွာအုပ်ချုပ်ရေးမှူး)**

ကျွန်တော်တို့ ဆယ်မားအူးလ်ဒွန်ဒုံ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကို ၂၀၁၆ ခုနှစ်မှစပြီး သော်မှော်ကုန်း၊ ကျွန်းကုန်း၊ ကံသာ ကျေးရွာသုံးရွာမှာလုပ်ပါတယ်။ ကျွန်တော်တို့ ကျေးရွာတွေဟာ လေယာဉ်ကွင်းစီမံကိန်းကြောင့် ရွှေ့ပြောင်းရတဲ့ကျေးရွာတွေဖြစ်ပါတယ်။ ကျွန်တော်တို့ကျေးရွာအုပ်စုအနေနဲ့ကတော့ သုံးရွာစလုံး ညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်ခဲ့လို့ ဒီအဆင့်ရောက်အောင် ဖွံ့ဖြိုးတိုးတက်နေတာ ဖြစ်ပါတယ်။

**ဦးမြင့်သိန်း (သော်မှော်ကုန်းကျေးရွာ SMU ဥက္ကဋ္ဌ)**

စီမံကိန်းက စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍ၊ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနဲ့ ဝင်ငွေတိုးပွားရေးကဏ္ဍဆိုပြီး ကဏ္ဍကြီး ၃ ရပ်နဲ့ အကောင်အထည်ဖော်ဆောင်ရွက်နေတာဖြစ်ပါတယ်။ စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍမှာဆိုရင် ကျေးရွာသူ ကျေးရွာသားတွေရဲ့အသိပညာဗဟုသုတတွေမြင့်မားလာစေဖို့အတွက် စိုက်ပျိုးရေးသင်တန်း၊ မွေးမြူရေးသင်တန်း၊ ကျန်းမာရေးသင်တန်း၊ သတင်းအချက်အလက်တွေကို လက်ကမ်းစာစောင်တွေ ဖြန့်ဝေတယ်။ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍမှာဆိုရင် ၂၀၁၆ မှာ ခွင့်ပြုရန်ပုံငွေ သိန်း ၁၄၀ နဲ့စီမံကိန်း သုံးခုကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဝင်ငွေတိုးပွားရေးကဏ္ဍမှာဆိုရင် ၂၀၁၆ မှာ ခွင့်ပြုရန်ပုံငွေ ၈၁ သိန်းနဲ့ အသင်းသား ၁၀၄ ဦးကို စတင်ငွေချေးတဲ့လုပ်ငန်းကို အကောင်အထည်ဖော်ပေးနိုင်ခဲ့ပါတယ်။

ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းအရ ၂၀၁၆ ခုနှစ်မှစ၍ ကျေးရွာတစ်ရွာလျှင် ဒေါ်လာနှစ်သောင်းနှင့် ညီမျှသော ငွေကျပ်သိန်း ၂၇၀ ကျော်စီကို ရွာပေါင်း ၁၁၀ သို့ ခွဲဝေပေးပြီး ထိုငွေနှင့် ရွာသားများထည့်ဝင်ငွေ ပေါင်းစပ်၍ ကျေးရွာဖွံ့ဖြိုးရေးအတွက် ၆၀ ရာခိုင်နှုန်း၊ ဝင်ငွေတိုးပွားရေးအတွက် ၃၅ ရာခိုင်နှုန်း၊ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ငါးရာခိုင်နှုန်း ခွဲဝေအသုံးပြုကာ လုပ်ငန်းများကို ယှဉ်ပြိုင်မှုပုံစံဖြင့် ရွာသူရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ရကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ခြောက်သောင်းကျော်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဖြစ်သည်။ ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုရီးယားနိုင်ငံ ဆယ်မားအူးလ်အွန်ဒုန် စီမံကိန်း၏ အတွေ့အကြုံများကို နမူနာယူနိုင်ရန် မြန်မာနိုင်ငံမှ ကျေးရွာခေါင်းဆောင်များနှင့် ဝန်ထမ်းများကို ကိုရီးယားနိုင်ငံသို့ လေ့လာရေးနှင့် သင်တန်းများစေလွှတ်ခဲ့ကြောင်းလည်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်သူဝင်း၊ နေဝင်းထွန်း**
**ဓာတ်ပုံ- မောင်ကျော်ကြီး**

## ဆံတော်ရှင် မြတ်မော်တင်စွန်း ဘုရားပွဲတော် တစ်လကြာ ကျင်းပမည်

**ငပုတော ဇန်နဝါရီ ၂၈**

မြန်မာနိုင်ငံသမိုင်းတွင် ထင်ရှားသော ဘုရားပွဲတော်များအနက် တစ်ခုဖြစ်သော ဆံတော်ရှင် မြတ်မော်တင်စွန်း ဘုရားပွဲတော်ကို တပို့တွဲလပြည့်ကျော် ၁ ရက်နေ့မှ တပေါင်းလပြည့်နေ့(ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၁ ရက်)အထိ တစ်လကြာ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

ပွဲတော်ကာလတွင် ဘုရားဖူးခရီးသည်များ သွားလာရေးလွယ်ကူစေရန် ရန်ကုန်မြို့ မော်တင်ဆိပ်ကမ်းနှင့်ဘုန်းကြီးလမ်းဆိပ်ကမ်းတို့မှ လုံခြုံစိတ်ချရသော ကမ်းရိုးတန်းသွားရေယာဉ်များ စီစဉ်ထားရှိသည့်အပြင် အော်ဒါစီးလုံးငှား လေအိတ်မှန်လုံမော်တော်ယာဉ်များဖြင့် စေတီတော်တောင်ခြေအထိ တိုက်ရိုက်သွားလာနိုင်အောင် စီစဉ်ထားကြောင်း သိရသည်။ ဘုရားဖူးဧည့်သည်များအဆင်ပြေစွာ တည်းခိုနိုင်ရန် အတွက်လည်း စေတီတော်ကြီး၏ အရပ်လေးမျက်နှာတွင် ဟိုတယ်များကို ထပ်မံတိုးချဲ့ဖွင့်လှစ်ထားကြောင်း သိရသည်။

ယခုနှစ်တွင် မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံ၍ စေတီတော်မြတ်ကြီး၏ သမိုင်းကြောင်းများကို လူအများ လာရောက်ကြည့်ရှုနိုင်မည့် ပြခန်းငယ်များလည်း ပြုလုပ်ထားပြီး စေတီတော်ကြီးအား ထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်များ ပြန်လည်တင်လှူပူဇော်မည့်နေ့တွင် အရံစေတီငယ် ၂၃ ဆူကိုလည်း ထီးတော်များ ပြန်လည်တင်လှူ ပူဇော်သွားမည်ဖြစ်ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သတင်းတိုများ

### မူးခင်းကျဆင်းရေးအသိပညာပေးဟောပြော

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်းမှ ပြည်သူများအနေဖြင့် မူးခင်းကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းများတွင် ဗဟုသုတ တိုးပွားစေရေးအတွက် အသိပညာပေးဟောပြောပွဲကို လှည်းကူးမြို့ ရိပ်သာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဇန်နဝါရီ ၂၀ ရက် ညပိုင်းက ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် လှည်းကူးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းငွေက မူးခင်းကျဆင်းရေး၊ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှုများ မဖြစ်စေရေး စသည်တို့ကို ဟောပြောပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်သိန်းသန်းထိုက်ကလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများကို ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**လှကြွယ်(လှည်းကူး)**

### မြစိမ်းရောင်စီမံကိန်း စီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဖွင့်

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်းမှ မြစိမ်းရောင်စီမံကိန်းဝင် စီမံကိန်းစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဇန်နဝါရီ ၂၂ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ သင်တန်းသို့ မအူပင်မြို့နယ်အတွင်းရှိ မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများမှ ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်စီမံကိန်း စီမံခန့်ခွဲမှုနည်းစနစ်များ၊ ငွေစာရင်းထိန်းသိမ်းနည်းလုပ်ငန်းများကို အသေးစိတ် သင်ကြားပို့ချပေးခဲ့သည်။ အဆိုပါကျေးရွာများမှ မြစိမ်းရောင်စီမံကိန်းအဖွဲ့များအနေဖြင့် စီမံကိန်းမှရရှိသည့် အကျိုးအမြတ်များကို ဒေသအတွင်း သဘာဝဘေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

### ကလပ်ပေါင်းစုံ အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်ပြည်သူ့အားကစားကွင်း၌ ကလပ်ပေါင်းစုံ အမျိုးသားအလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဇန်နဝါရီ ၂၆ ရက်က ကျင်းပရာ Kamax Myanmar Aတောင်တွင်းကြီးနှင့် Top Ten FC မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး Kamax Myanmar A အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲဆက်လက်ကျင်းပပြီး နေရာအလိုက်ဆုများနှင့်အတူ ဒုတိယဆုရ Top Ten FC အသင်းအား ကျပ်ငါးသိန်းခွဲတန် မော်တော်ဆိုင်ကယ်တစ်စီးနှင့် ပထမဆုရ Kamax Myanmar A တောင်တွင်းကြီး အသင်းအား ကျပ်ခုနစ်သိန်းတန် မော်တော်ဆိုင်ကယ်တစ်စီးတို့ကို Kamax ကုမ္ပဏီကပေးအပ်ကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းက ဒိုင်းဆုကို ပေးအပ်ခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

# ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**သံတွဲ ဇန်နဝါရီ ၂၈**

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဆောင်ရွက်မည့် ရန်ခေါ်ကျေးရွာသို့ တောင်ကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ကြည်နှင့်ဝန်ထမ်းများသည် ယမန်နေ့က သွားရောက်၍ ကျေးရွာပြည်သူများနှင့် တွေ့ဆုံကာ စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းခဲ့သည်။

ထို့နောက် ကျေးရွာဆိုင်ရာ အချက်အလက်များကောက်ယူမည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်မည့် လုပ်ငန်းရွေးချယ်ခြင်းတို့ကို ကျေးရွာနေ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

အမရပူရမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသက်ဦး၊ မြစ်ငယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့နှင့် မြစ်ငယ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်တို့က မြန်မာ့မီးရထား မြစ်ငယ် ၁၃ ရပ်ကွက်အား ဆင်ခြေထောက်ရောဂါကာကွယ်ဆေး တစ်အိမ်တက်ဆင်းကွင်းဆင်း၍ ဆေးတိုက်ကျွေးခြင်း ဆောင်ရွက်စဉ်။

**မောင်မောင်စိုး(မြစ်ငယ်)**



# အခွန်ထမ်းပြည်သူများသို့ ကျေးဇူးတင်လွှာ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနသည် ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်နှင့်ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သည့် မြန်မာကုမ္ပဏီ၊ နိုင်ငံခြားကုမ္ပဏီ လုပ်ငန်းရှင်များ၏စာရင်းကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

နိုင်ငံတော်အတွက်လိုအပ်သည့် ဘဏ္ဍာငွေများအား ကောက်ခံရရှိမှုတွင် သွယ်ဝိုက်ခွန်ဖြစ်သည့် ကုန်သွယ်လုပ်ငန်းခွန်ကို မိမိတို့ဝယ်ယူသည့် ကုန်စည်တန်ဖိုး၊ ရယူသည့် ဝန်ဆောင်မှုတန်ဖိုးနှင့်အတူ ပေးဆောင်ခဲ့ကြသည့် နိုင်ငံသူ နိုင်ငံသားများ၊ အခွန်ကောက်ခံပေးသွင်းခဲ့သည့် လုပ်ငန်းရှင်များ၊ တိုက်ရိုက်ခွန်ဖြစ်သည့် ဝင်ငွေခွန်ကဏ္ဍတွင်ပါဝင်သည့် လစာ၊ အသက်မွေးဝမ်းကျောင်းပညာ၊ ပစ္စည်းငှားရမ်းခြင်း၊ အခြေပစ္စည်းရောင်းချခြင်း အစရှိသည့် ဝင်ငွေခွန်ခေါင်းစဉ်များဖြင့် ဝင်ငွေခွန်ပေးဆောင်ခဲ့ကြသည့် အရပ်ရပ်စာချုပ်များတွင် ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်ကို ထမ်းဆောင်ခဲ့ကြသော တစ်ဦးချင်းပုဂ္ဂိုလ်၊ အစုစပ်၊ အဖွဲ့အစည်းများအားလုံးကိုလည်း ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အထူးလှိုက်လှဲစွာ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

**ဖခင် အမည်မှန်**

စစ်တွေမြို့၊ အထက(၉)မင်းဂံ၊ နဝမတန်း(D)မှ မနှင်းအိလှိုင်၏ ဖခင်အမည်မှန်မှာ ဦးမောင်ခင်သိန်း ၁၁/စတန(နိုင်) ၀၄၂၁၅၄ ဖြစ်ပါကြောင်း။

## လုပ်ငန်းတံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်သွင်းပြီးကြောင်း အများသိစေရန် သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ ၁ရပ်ကွက်၊ စဥ့်အိုးတန်းလမ်း၊ ၈ လွှာ၊ အမှတ်(၆၁)နေ ချုံငွတ်ဟာ(ခ)ဒေါ်ခင်မာဦး(ဘ)ချုံရှာတိတ် ၁၂/လသန(ပြု)၀၀၀၄၁၁ မှ အောက်ဖော်ပြပါလုပ်ငန်းတံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲရန်အတွက် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်။

မှတ်ပုံတင်အမှတ်- ၁၁၂၉၆/၂၀၁၇

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ စားသောက်ဆိုင်ကြီးများဖွင့်၍ စားသောက်ဆိုင်လုပ်ငန်းများ လုပ်ကိုင်မည်ဖြစ်သည့်အပြင် ဆောက်လုပ်ရေးလုပ်ငန်းများနှင့် အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများ၊ အင်ဂျင်နီယာနှင့်ဗိသုကာလုပ်ငန်းများ၊ စားသောက်ကုန်လုပ်ငန်းများ၊ စူပါမားကတ်များ၊ ဈေးဝယ်စင်တာများအစရှိသည့် လုပ်ငန်းများတွင်လည်း အဆိုပါလုပ်ငန်းတံဆိပ်အမည်အမှတ်အသားကို အသုံးပြုသုံးစွဲသွားမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများနှင့် ဆက်စပ်လျက်ရှိသော ဆိုင်းဘုတ်၊ ဘလောက်၊ ရုပ်မြင်သံကြား၊ မဂ္ဂဇင်း၊ လက်ကမ်းစာစောင်များ၊ ကြော်ငြာပိုစတာများ၊ ငွေပြေစာဖြတ်ပိုင်းများ၊ Letter Head၊ တံဆိပ်တုံးအမျိုးမျိုး၊ Internet၊ Website အစရှိသည်တို့တွင်လည်း အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို ရိုက်နှိပ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မည်သူမဆို အထက်ဖော်ပြပါလုပ်ငန်းတံဆိပ်အမည်အမှတ်အသားကို တစ်ခုလုံးကို အခြားသူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများမှဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှားဖြစ်စေရန်၊ အာလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ မှီငြမ်းခြင်း၊ အတုအပပြုလုပ်ခြင်း၊ သွယ်ဝိုက်၍ အတုပြုလုပ်သုံးစွဲခြင်းများ မပြုလုပ်ကြရန် အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ မှီငြမ်းတုပသုံးစွဲခဲ့ပါက ပြုလုပ်သုံးစွဲသူကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ မည်သည့်တရားရုံးများတွင်မဆို တည်ဆဲဥပဒေနှင့်အညီ တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားစွဲဆိုမည့်အပြင် လုပ်ငန်းတံဆိပ်အမည်အမှတ်အသားကို ပယ်ဖျက်ပေးသည်အထိ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုလှိုင်ထွန်း LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၉၁၅)**
**ဖုန်း-၀၉-၅၃၉၆၅၂၇**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉/က) ရပ်ကွက်၊ ဖိုးဝဇီရာလမ်းနှင့် သစ္စာလမ်းထောင့်ရှိ တိုက်အမှတ် ၇၆၊ ဒုတိယထပ် (သစ္စာလမ်းဘက်အခြမ်းရှိအခန်း) အကျယ်အဝန်း(၁၉'×၅၀')ရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းဖြင့် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးဝေမျိုးထွန်း ၁၂/ကမတ(နိုင်)၀၂၇၂၉၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ သုံးရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ဝင်း (စဉ်-၆၀၈၂) B.A, H.G.P, C.B.L, D.B.L, D.M.L**
**ဥပဒေအကျိုးဆောင်**
**တိုက်အမှတ်- ၃ (အေ) သုံးလွှာ(ခေါင်းရင်းခန်း)၊ သပြေညိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**
**တပ်ကုန်းမြို့နယ်တရားရုံးတော်၌**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၉၇**

| | | |
|---|---|---|
| ကိုသန်းမောင် | **နှင့်** | ဒေါ်ခင်မိုးသက် |
| **တရားလို** | | **တရားပြိုင်** |

တပ်ကုန်းမြို့၊ ဘုရင့်နောင်ရပ်ကွက်နေ တရားပြိုင် ဒေါ်ခင်မိုးသက် (ဘ)ဦးအုံးမောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုကိုသန်းမောင်မှ လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေဖြစ်စေ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက် (၁၃၇၉ ခုနှစ် တပေါင်းလဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သက်ပိုင်မှူး)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**တပ်ကုန်းမြို့နယ်တရားရုံး**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 6L/3431 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွှာသာကြီး)**

## ရောင်းချရန်ကြော်ငြာစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**စစ်ကိုင်းခရိုင်တရားရုံးတော်**
**၂၀၁၆ ခုနှစ် ဓာရီမှုအမှတ် -၁**

| | | |
|---|---|---|
| ဒေါ်ဆွေ | **နှင့်** | ၁။ ဦးမိုးဆန်း<br>၂။ ဒေါ်သိန်းသိန်းမော် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

စစ်ကိုင်းခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ် ၂၄/၂၀၁၄ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၁၈ ခုနှစ် မတ် ၁၉ ရက် နံနက် ၁၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

စစ်ကိုင်းမြို့၊ နန္ဒဝန်ရပ်ကွက်၊ အကွက်အမှတ်(၃/၁၅၊ နန္ဒဝန်)၊ ဦးပိုင်အမှတ် (၃၆) ဧရိယာ ၀ ဒသမ ၁၅၁ ဧကရှိ မြေကွက်၏ တောင်ဘက်ခြမ်း၊ အရှေ့လားသော်လမ်း၊ အနောက်လားသော်လမ်း၊ တောင်လားသော် ဦးအောင်မောင်းဝိုင်းမြေ၊ မြောက်လားသော် ဒေါ်လှညွန့်ဝိုင်းမြေတည်းဟူသော အလားလေးရပ်အတွင်းရှိ ဧရိယာ ၀ ဒသမ ၀၇၆ ဧကရှိ မြေကွက်ပေါ်၌ တရားရှုံး ဦးမိုးဆန်းနှင့် ဒေါ်သိန်းသိန်းမော်တို့၏ နေထိုင်ပိုင်ခွင့်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အိမ်အမှတ် ၄၀ ဟုခေါ်တွင်သော ကြွေပြားကပ်၊ အုတ်ခင်း၊ သွပ်မိုးတစ်ထပ် (အာရ်စီ) (မျက်နှာသာတွင်ကပ်လျက် ၂×၁ ခန်း သွပ်မိုး၊ အဖီပါ)

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၇၅၀ (ကျပ်သိန်းခုနစ်ရာ့ငါးဆယ်တိတိ)**

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။
၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။
၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကို ပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကို ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(ခင်စိမ်းဝင်း)**
**ခရိုင်တရားသူကြီး**
**စစ်ကိုင်းခရိုင်တရားရုံး**

# ဝမ်းမြောက်ဂုဏ်ယူ အနုမောဒနာပြုခြင်း

တိုင်းပြည်အတွက် ကျသင့်သော အခွန်ဘဏ္ဍာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်းသည် နိုင်ငံသားတိုင်း၏ ဆောင်ရွက်ရန် တာဝန်ဝတ္တရား ဖြစ်သည့်အလျောက် နိုင်ငံသားကောင်းတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့် **"ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌကြီး ဦးအောင်ကိုဝင်း"** သည် ၂၀၁၆–၂၀၁၇ အခွန်စည်းကြပ်နှစ် အတွက် တစ်နိုင်ငံလုံးတွင် **"ပထမ"** နေရာမှ (၆)နှစ်ဆက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်ခဲ့ခြင်းအတွက် များစွာ ဂုဏ်ယူ ဝမ်းမြောက်ရပါသည်။

ကမ္ဘောဇဘဏ်လီမိတက်သည် (၂၀၁၅)ခုနှစ်အတွင်း မြန်မာနိုင်ငံအနှံ့အပြား ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ချိန်တွင် ရခိုင်ပြည်နယ်အတွက် ကျပ်သိန်းပေါင်း (၁၅,၀၀၀)ကျော်ကို ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အတွက် လည်းကောင်း၊

(၂၀၁၇)ခုနှစ်အတွင်း ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးကဏ္ဍစုံ လုပ်ငန်းစဉ်များတွင် အသုံးပြုရန် ကျပ်သိန်းပေါင်း (၆၅,၁၆၀) (ကျပ်သိန်း–ခြောက်သောင်းငါးထောင်တစ်ရာ့ခြောက်ဆယ်)ကိုလည်းကောင်း၊ စေတနာသဒ္ဓါ ကြည်ဖြူထက်သန်စွာ လှူဒါန်းခဲ့သော ကမ္ဘောဇဘဏ်၊ ကမ္ဘောဇအုပ်စု၊ ကမ္ဘောဇ အရာထမ်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများ ပိုမို တိုးတက်အောင်မြင်ကာ ဘာသာ၊ သာသနာအကျိုး၊ နိုင်ငံနှင့် ပြည်သူ့အကျိုးကို ပိုမိုထမ်းဆောင်နိုင်ပြီး မြန်မာပြည်သူ ပြည်သားများ အားကိုးအားထားရသော အောင်မြင်သည့် ထိပ်တန်းဘဏ်ကြီးအဖြစ် ရပ်တည်နိုင်ပါစေကြောင်း ဝမ်းမြောက် ဝမ်းသာစွာ ဆုတောင်းမေတ္တာ ပို့သ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**ဒေါက်တာ ဘဒ္ဒန္တအရိယဝံသ**
**အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ**
**နိုင်ငံတော်သံဃာ၏ နိုင်ငံ့ဓမ္မဆောင်ရည်ဆုရ**
**ပြည်တွင်း ပြည်ပ သာသနာပြု၊ အလိုတော်ပြည့်ကျောင်းတိုက်များ၏ အဓိပတိ**
**ပြည်တွင်း ပြည်ပ သာသနာပြု၊ အလိုတော်ပြည့်ကျောင်းတိုက်နှင့်တပည့်သာဝကများ**

---

# ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပခုက္ကူမြို့ ဒေါ်ချစ်၏ နေနတ်သားဆေးတိုက်ပိုင်ရှင် မိခင်ကြီး ဒေါ်တင်အုံးအား နိုင်ငံတော်မှ ချီးမြှင့်သော **သုဓမ္မသီဂီဘွဲ့** ရရှိသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် မိခင်ကြီး သက်တော်ရာကျော်ရှည်ပြီး သာသနာပြုလုပ်ငန်းများကို ပိုမို၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဘံဘံ မကျည်း/ဆီး ဖျော်ရည်လုပ်ငန်းမိသားစုမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးမြင့်အောင်+ချစ်သမီးကြီး မကြည်ကြည်မော်**
**ဘံဘံ မကျည်း/ဆီးဖျော်ရည်လုပ်ငန်းမိသားစု**

---


■ စည်းကမ်းကို အုတ်မြစ်ချသည်၊ စနစ်ကို တည်ဆောက်သည်၊ ပညာဖြင့် အလှဆင်သည်။
● လာပါ၊ လေ့လာပါ၊ နှိုင်းယှဉ်ပါ၊ သာတယ်ထင်မှ အပ်ပါ။

ဒေါက်တာအောင်မျိုးမင်း နှင့် ဦးထွန်းအောင်ကျော် ဦးစီးသော..

UEC
တကယ–၁၃/၄၀/၀၆၇
United Education Centre
ကိုယ်ပိုင်အထက်တန်းကျောင်း
KG – Grade 10
အဆင့်မြင့်ဘော်ဒါနှင့် DAY CAMP

၂၀၁၈ – ၁၉ ပညာသင်နှစ် အတွက် ကျောင်းအပ်လက်ခံပြီ။

အဆင့်မြင့်ဘော်ဒါ – ၇၊၈၊၉၊၁၀ တန်းများအတွက် ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။ တည်ထောင်သူများကိုယ်တိုင် အဆောင်များတွင် အနီးကပ် နေထိုင်စောင့်ရှောက်သည်။ Air-con တပ်အိပ်ခန်းများ နှင့် စာသင်ခန်းများ ထားရှိသည်။

DAY CAMP – (၄)တန်းမှ တက္ကသိုလ်ဝင်တန်းအထိ SPECIAL CAMP တန်းများ ဖွင့်လှစ်သည်။ အိမ်တွင် မိမိရင်သွေးအား ပြန်မကြည့်နိုင်သော မိဘများအတွက် ရည်ရွယ်သည်။ သင်ကြား၊ လေ့ကျင့်၊ ဖြေဆိုမှုပြည့်စုံ၍ ကျူရှင်ထပ်ယူရန် မလိုတော့ပါ။

မူလတန်း၊ အလယ်တန်း – English 4 - skills၊ ပန်းချီ၊ ကွန်ပျူတာ၊ Kids invent စသော Extracurricular Activities များပါဝင်သည်။

■ Limited Class size များဖြစ်ပါသဖြင့် ကြိုတင်အပ်နှံမှ နေရာသေချာမည်။ (ကျောင်းကားရှိသည်။)
■ (၄) ထပ် အဆင့်မြင့် ကျောင်းဆောင်သစ်ကြီး၏ Air-con တပ် စာသင်ခန်းကျယ်ကြီးများတွင်ပျော်ရွှင်ချမ်းမြေ့စွာ သင်ကြားစေမည်။

ကျောင်း ● အမှတ်(၄၁)၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 09 7800 20647, 09 7938 93725, 09 7938 93726, 09 7910 10526
ကျောင်းသူဆောင် ● မြေအမှတ်(၁၅ A နှင့် B) စံရိပ်ငြိမ်(၅)လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ကျောင်းသားဆောင် ● မြေအမှတ်(၄) စံရိပ်ငြိမ်(၅)လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။



အမေရိကန်ဂေါက်သီးရိုက်ကစားသမား ပေါလ်ပီတာဆန်အား ဆုချီးမြှင့်စဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

# 2018 Leopalace 21 မြန်မာအိုးပင်းဂေါက်ရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ပေါလ်ပီတာဆန် ဗိုလ်စွဲ

**ရန်ကုန် ဇန်နဝါရီ ၂၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် Asian Tour၊ Japan Golf Tour၊ မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်တို့ပူးပေါင်း၍ Leopalace 21 ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် 2018 Leopalace 21 မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးနေ့နှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းမှစ၍ ရန်ကုန်မြို့ရှိ ပန်းလှိုင်ဂေါက်ကွင်း၌ ကျင်းပရာ အမေရိကန်ဂေါက်သီးရိုက်ကစားသမား ပေါလ်ပီတာဆန်က သတ်မှတ်ရိုက်ချက်ထက် ၁၃ ချက် လျှော့ရိုက်ကာ ဗိုလ်စွဲခဲ့သည်။

တတိယနေ့အပြီးတွင် ဦးဆောင်သူစာရင်း ရပ်တည်မှုများတွင် ကွာခြားမှုမရှိသောကြောင့် နောက်ဆုံးနေ့ပွဲရလဒ်များမှာ အကြိတ်အနယ်ဖြစ်ခဲ့ပြီးပေါလ်ပီတာဆန်က နောက်ဆုံးနေ့တွင် ငါးချက်လျှော့ရိုက်ကာ စုစုပေါင်း လျှော့ရိုက်ချက် ၁၃ ချက်ဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲအပြီးတွင် ပေါလ်ပီတာဆန်၏ နောက်၌ အီကီမူရာ (ဂျပန်)နှင့် ဆာတိုရှီ (ဂျပန်)တို့က -၁၁ ချက်စီ၊ ဘယ်ရီဟန်ဆန် (အမေရိကန်)က -၁၀ ချက်၊ မီယာဇာတို (ဂျပန်)၊ ရှောင်နောရစ် (တောင်အာဖရိက)နှင့် ဝါနာဆရီချန် (ထိုင်း)တို့က -၉ ချက်စီဖြင့် ရပ်တည်ခဲ့သည်။ မြန်မာကစားသမားများအနက် ရဲထက်အောင်မှာ သတ်မှတ်ရိုက်ချက်ထက် တစ်ချက် လျှော့ရိုက်ပြီး အဆင့် ၃၅ နေရာတွင် ရပ်တည်နိုင်ခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ Leopalace 21 ဥက္ကဋ္ဌ Mr. Eisei Miyama နှင့် Asian Tour မှ ဒါရိုက်တာ ဦးကြည်လှဟန်တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ Host Venue အဖြစ် ပံ့ပိုးကူညီသည့် Pun Hlaing Golf Club နှင့် ပြိုင်ပွဲအား Title Sponsor အဖြစ် ပံ့ပိုးကူညီသည့် Leopalace 21 တို့အား မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် မြန်မာကစားသမားများအနက် အဆင့်အမြင့်ဆုံးရခဲ့သည့် ရဲထက်အောင်အား မြန်မာပီဂျီအေဥက္ကဋ္ဌ ဦးတင့်ဦးက အမှတ်တရလက်ဆောင်ပေးအပ်သည်။ ယင်းနောက် ချန်ပီယံဆုရခဲ့သည့်

စာမျက်နှာ ၁၃ ကော်လံ ၅

# ထူးခြားသည့် ညအပူချိန်များ

၂၈-၁-၂၀၁၈

| | |
|---|---|
| နမ့်စန်မြို့၊ ဟားခါးမြို့ | ၁ ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုးမြို့ | ၂ ဒီဂရီစင်တီဂရိတ် |
| သီပေါမြို့ | ၃ ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်းမြို့၊ ဖလမ်းမြို့ | ၄ ဒီဂရီစင်တီဂရိတ် |
| တီးတိန်မြို့၊ မိုးကုတ်မြို့ | ၄ ဒီဂရီစင်တီဂရိတ် |

# ရှမ်းယူနိုက်တက် အိမ်ကွင်း၌ နိုင်ပွဲရပြီး ရန်ကုန်အသင်း သုံးပွဲဆက်နိုင်

**ရန်ကုန် ဇန်နဝါရီ ၂၈**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ရန်ကုန်၊ ရှမ်းယူနိုက်တက်နှင့် ဇွဲကပင်အသင်းတို့ နိုင်ပွဲများရရှိခဲ့သည်။

တောင်ကြီးကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ဟံသာဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် နှစ်ပွဲဆက်နိုင်ပွဲရယူနိုင်ခဲ့ပြီး ထိပ်ဆုံးတွင် သုံးပွဲဆက်အနိုင်ရလဒ်ဖြင့် ဦးဆောင်နေသည့် ရတနာပုံနှင့် ရန်ကုန်အသင်းကို နှစ်မှတ်အကွာဖြင့် လိုက်လံဖိအားပေးလျက်ရှိသည်။ ဟံသာဝတီအသင်းသည် အဝေးကွင်းတွင် ရှမ်းယူနိုက်တက်အသင်း၏ ပေးဂိုးမရှိမှတ်တမ်းကို ချိုးဖျက်နိုင်ခဲ့သော်လည်း ဒုတိယမြောက် ရှုံးပွဲ ကြုံတွေ့ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး လူငယ်ကစားသမား ဖြိုးပိုင်စိုးကို အသုံးပြုခဲ့သည်။ သို့သော် ယခုပွဲတွင် ဖြိုးပိုင်စိုးနှင့် ဂိုးသမား သီဟစည်သူတို့ ဒဏ်ရာရခဲ့သော်လည်း ပြင်းထန်မှုမရှိကြောင်း သိရသည်။

စာမျက်နှာ ၁၃ ကော်လံ ၁



ရှမ်းယူနိုက်တက်အသင်းတိုက်စစ်မှူး ဇင်မင်းထွန်း ဟံသာဝတီဂိုးသမားကို ကျော်ဖြတ်ရန်ကြိုးပမ်းနေစဉ်။ ဓာတ်ပုံ-အောင်ပိုင် (ရှမ်းယူနိုက်တက်)

## ရွေးကောက်ပွဲကို စောစီးစွာကျင်းပပေးရန် ထိုင်းနိုင်ငံ၌ ဆန္ဒထုတ်ဖော်

စာမျက်နှာ - ၁၄

## အမေရိကန်နဲ့ ဗီယက်နမ်ဆက်ဆံရေးကို ထင်ဟပ်မယ့် လေယာဉ်တင်သင်္ဘောခရီးစဉ်

စာမျက်နှာ - ၁၅

## ချစ်ကြည်ရေးတံတားအနီးရှိ လမ်းအချို့ကို တစ်လမ်းမောင်းစနစ် ကျင့်သုံးသွားမည်

စာမျက်နှာ - ၂၁

